The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့၊ (14-12-2014) (၈၀၅၄)


## ကျေးဇူးရှင်

- သစ်ပင်၏အရိပ်ကို ခိုဖူးလျှင် ထိုသစ်ပင်၏ သစ်ကိုင်းကို မချိုးဖဲ့ရာ။
- သူတစ်ပါးထံမှ အိပ်ရာနေရာနှင့် ထမင်းအဖျော်ကို ရရှိနေထိုင်စားသောက်ဖူး၏။ ထိုသူ၏ ပျက်စီးရာပျက်စီးကြောင်း မကြံစည်အပ်ပေ။
- ကျေးဇူးရှင်အား ပြစ်မှားလျှင် ပူလောင်၍ ဆင်းရဲဒုက္ခရောက်တတ်၏။

ဇာတကပါဠိ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်းတို့က နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ထွက်ခွာရန် ဘူဆန်မြို့ ကင်ဟီးလေတပ်အခြေစိုက်စခန်းသို့ ရောက်ရှိပြီး ဘူဆန်မြို့တော်ဝန် Mr.Suh,Byung Soo အား နားနေဆောင်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းဖြင့်ထွက်ခွာလာရာ ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဘူဆန်မြို့ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးလွင်နှင့်တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတသည် ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးကျော်ဆန်း၊ ဦးမြင့်လှိုင်၊ ဦးမောင်မြင့်၊ ဒေါက်တာကံဇော်၊ ဦးရဲထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**

# ခြောက်ပါတီဆွေးနွေးပွဲများ အမြန်ပြန်လည်စတင်နိုင်ရန်အတွက် လိုအပ်သော တွေ့ဆုံဆွေးနွေးမှုများကို ဖော်ဆောင်ရန်တိုက်တွန်း

## (၂၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယားဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေး၌ ပူးတွဲထုတ်ပြန်ချက်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ခေါင်းဆောင်များသည် ဒီဇင်ဘာ ၁၂ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့၌ အာဆီယံ-ကိုရီးယားဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကို "ယုံကြည်မှုတည်ဆောက်ခြင်း၊ ပျော်ရွှင်မှုဖော်ဆောင်ခြင်း" ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့ပြီး အဆိုပါထိပ်သီးအစည်းအဝေးက ပူးတွဲထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် ၁၉၈၉ ခုနှစ်တွင် ဆွေးနွေးဖက်နိုင်ငံအဖြစ်သို့လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် ဒေသဆိုင်ရာအစည်းအဝေး(ASEAN Regional Forum-ARF)အဖွဲ့ဝင်နိုင်ငံအဖြစ်သို့လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ဝင်အဖြစ်လည်းကောင်း ပါဝင်ခဲ့ချိန်မှစ၍ နိုင်ငံရေးနှင့်လုံခြုံရေးရာကိစ္စများတွင် အာဆီယံအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ခြင်းကြောင့် ဒေသတွင်းငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုကိုဖော်ဆောင်ရာ၌ အထောက်အကူဖြစ်စေခဲ့ကြောင်း ဖော်ပြထားသည်။

ထို့ပြင် အရှေ့တောင်အာရှနှင့် အရှေ့မြောက်အာရှ ဒေသနှစ်ခုအကြား ဆက်စပ်နေမှုကိုအသိအမှတ်ပြုပြီး ဒေသတွင်း ရေရှည်တည်တံ့သည့် ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေး-လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်လိုအပ်ကြောင်းကိုလည်း ဖော်ပြထားသည်။

နိုင်ငံရေး-လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သည့် လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး၊ ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှုများအပါအဝင် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကိုလည်းကောင်း၊ အဖျက်စွမ်းအားပြင်းလက်နက်များမပြန့်ပွားရေးဆိုင်ရာကိစ္စများတွင်လည်းကောင်း ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ခေါင်းဆောင်များက သဘောတူညီကြောင်း ဖော်ပြထားသည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် အာဆီယံ-ကိုရီးယားကုန်သွယ်မှုအနေဖြင့် ၂၀၁၃ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၁၃၅ ဘီလီယံရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၅၀ အထိရရှိရန် မျှော်မှန်းထားကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် နှစ်ဖက်အကြားကုန်သွယ်မှုကို ဘီလီယံ ၂၀၀ အထိ မြှင့်မားစေရန်အတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❋




ေ ကြ း မုံ စ ာ တ ည် း ရှ ေ ထ ာ င့် ၁၄-၁၂-၂၀၁၄၊ တနင်္ဂနွေနေ့

# နှစ်ဆကြိုးပမ်းအားထုတ်ကြမည်

နိုင်ငံတစ်နိုင်ငံ၏ ပိုင်ဆိုင်ထားပြီးဖြစ်သော သယံဇာတများကို ၎င်းနိုင်ငံအတွက် လုံလောက်အောင် ထုတ်လုပ်ပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့နိုင်သောအခါ ထိုနိုင်ငံကြီးပွားတိုးတက်သည်ဟု အနောက်တိုင်းစီးပွားရေးပညာရှင်တစ်ဦးက ဆိုသည်။ ယင်းနည်းကို အနောက်ကမ္ဘာက လက်တွေ့ကျကျကျင့်သုံးပြီး စီးပွားရေးတွင် အောင်မြင်မှုများရနေချိန်၌ ထိုနည်းအတိုင်းမကျင့်သုံးဘဲ စီးပွားရေးတွင် ပြိုင်ဘက်ကင်းနိုင်ငံကြီးဖြစ်လာသောအခါ အားလုံးကစိတ်ဝင်စားလာခဲ့ကြသည်။

ထိုနိုင်ငံကြီးသည် ကမ္ဘာတွင်လူဦးရေအများဆုံးဖြစ်သည့် မိမိတို့၏အိမ်နီးချင်းနိုင်ငံကြီးဟုဆိုလျှင် အားလုံးနားလည်သိရှိကြမည်ဖြစ်သည်။ ၎င်းတို့၏နည်းမှာရိုးရှင်းပြီး မြန်မာတို့နှင့်မစိမ်းသည့် ဗုဒ္ဓနည်းကျ ကျင့်ကြံအားထုတ်ပုံနှင့်လည်းဆင်တူသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ၊ ချမ်းသာကြွယ်ဝသည့်နိုင်ငံတိုင်းတွင် ငွေလုံးငွေရင်း ပမာဏများစွာရှိသည်ကို နားလည်ကြသည်။ ကူးသန်းရောင်းဝယ်မှုမြင့်မားပြီး သွင်းကုန်ထက် ပို့ကုန်မြင့်မားလျှင် ကုန်သွယ်မှုပိုငွေများမည်ကိုလည်း သိထားကြသည်။

ထို့ကြောင့် လွန်ခဲ့သည့် နှစ် ၅၀ ခန့်က နိုင်ငံ၏ဘဝကို စတင်မြှင့်တင်ရန် အားထုတ်ခဲ့ကြသောအခါ နိုင်ငံသားတိုင်း ကြီးပွားတိုးတက်ရမည်ဟူသော တူညီသောအသိဖြင့် တက်ညီလက်ညီဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ဆယ်စုနှစ်တစ်ခု ပြီးတိုင်းပြီးတိုင်း သိသိသာသာတိုးတက်လာပြီး မျက်မှောက်ကာလတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မဟာအင်အားကြီး နိုင်ငံကြီးတစ်နိုင်ငံဖြစ်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

၎င်းတို့ဘဝတိုးတက်ရန်အတွက် ခြိုးခြံချွေတာကြသည်။ အလုပ်ကြိုးစားကြသည်။ ဘယ်သောအခါမျှ ငြီးငွေ့စိတ်ကုန်မှုမျိုးမခံစားကြ၊ လက်တွေ့ကျသောလုပ်ဆောင်မှုများကိုသာလုပ်ဆောင်ကြသည်။ ရရှိသည့် ဝင်ငွေတစ်ဝက်ကို စုဆောင်းကြသည်။ ထူးခြားသည်မှာ ထုတ်ကုန်ပစ္စည်းများကို ခွဲခြားထားပြီး ၎င်းတို့သုံးစွဲရမည့် ပစ္စည်းကိုသာ တိတိကျကျလိုက်နာသုံးစွဲကြသည်။ လိုရင်းအချက်မှာ ပြည်တွင်းလိုအပ်ချက် အနည်းဆုံးဖြစ်စေရန်နှင့် ပြည်ပပို့ကုန်မြင့်တက်ရန်ဖြစ်သည်။

မျက်မှောက်ကာလတွင်လည်း ထိုနည်းအတိုင်း ဆောင်ရွက်နေကြသည်။ အခြားစီးပွားရေး ထိုးဖောက်နည်းများမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။ ၎င်းတို့သည် သူများမလုပ်နိုင်သောအလုပ်ကို ပေါ့ပေါ့ပါးပါးပင် လုပ်ကြခြင်းဖြစ်သည်။ ကုန်သွယ်မှုပြုရာတွင် လမ်းပန်းဆက်သွယ်ရေးစုံလင်သောနေရာသည်သာ အကောင်းဆုံးဖြစ်သည်ကို အနောက်တိုင်းစီးပွားရေးချဲ့ထွင်သူတို့က လက်ခံထားကြသည်။ ထို့ကြောင့် ရန်ကုန်မြို့ကဲ့သို့ မြို့များတွင် စီးပွားကုန်သွယ်မှုများပြုခဲ့ကြသည်။

အနောက်တိုင်းက ထိုနည်းသုံးသောအခါ ၎င်းတို့က အခြားနည်းဖြင့် ထိုးဖောက်ကြသည်။ ကုန်းတွင်းပိတ်နေရာများတွင် စီးပွားရေးတိုးတက်လာရန်၊ ကူးသန်းရောင်းဝယ်မှု မြင့်မားလာရန်အားထုတ်ကြသည်။ ကုန်စည်ဒိုင်သဖွယ် ကမကထပြုကြသည်။ တောင်အာရှစီးပွားရေးကုန်သွယ်မှု၊ အရှေ့အာရှကုန်သွယ်မှုတို့နှင့် ထိုဒေသတို့တွင် ကုန်စည်ပြပွဲများ မကြာခဏပြုလုပ်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းသည် ဈေးကွက်အသစ်ဖွင့်လှစ်ခြင်း၊ ထုတ်ကုန်အသစ်မိတ်ဆက်ခြင်း၊ ဈေးကွက်ယှဉ်ပြိုင်မှုပွင့်လန်းခြင်း၊ ဈေးကွက်သုတေသနပြုနိုင်ခြင်း အကျိုးကျေးဇူးများရရှိကြသည်။ ငွေကြေးအင်အားတောင့်တင်းလာသောအခါ တစ်ကမ္ဘာလုံးတွင် ရင်းနှီးမြှုပ်နှံမှုများ ခြေဆန့်ထားနိုင်သည်အထိ တိုးတက်လာသည်။

လိုရင်းမှာ တစ်ပါးသူအား အထင်ကြီး၍ ဆိုလိုခြင်းမဟုတ်၊ မိမိတို့လည်း ထိုသို့ကြီးပွားတိုးတက်ရန် အလုပ်လုပ်ဖို့ အလားအလာများရှိ၊မရှိ ဆန်းစစ်ဖို့ဖြစ်သည်။ ယနေ့ အခြေအနေသည် အချိန်အခါကောင်းများ ရရှိနေချိန်တွင် မိမိတို့လည်း အသစ်တစ်ဖန် စတင်ကြိုးပမ်းအားထုတ်ကြရမည်။ ဆယ်စုနှစ်တစ်ခုစီထက် သာလွန်အောင် မိမိတို့အနေဖြင့် နှစ်ဆကြိုးပမ်းအားထုတ်ကြရမည်။ မိမိတို့အမူအကျင့်ဟောင်းများကို ပြန်လည်ပြုပြင်တည့်မတ်ကြရမည်။ တစ်မျိုးသားလုံး ကြီးပွားတိုးတက်ရမည်ဟု တူညီသောစိတ်ထားများဖြင့် တက်ညီလက်ညီ ဆောင်ရွက်သွားကြပါလျှင် မိမိတို့လည်း တစ်နေ့နေ့တွင် ကြီးပွားတိုးတက်လာမည်မှာ အမှန်ဖြစ်ပါသည်။ ။

# အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဒီဇင်ဘာ ၁၂ ရက်က UNFPA အဖွဲ့မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms.Janet E.Jackson ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးရုံးရှိ မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီးဌာနနှင့် UNFPA အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေသည့် ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးစွမ်းပကားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးပြုလုပ်ရန်ကိစ္စရပ်များ၊ အမျိုးသမီးများအားနည်းမျိုးစုံဖြင့် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအစီရင်ခံစာ နောက်ဆုံး အခြေအနေနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံရှိ အမျိုးသမီးများအခြေအနေ လေ့လာဆန်းစစ်မှု စစ်တမ်းအတည်ပြုသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ၂၀၁၃-၂၀၂၂ တွင် ပါဝင်သော အခြေခံမူဘောင်များ အကောင်အထည်ဖော်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အဖွဲ့အစည်းနှစ်ခုအကြား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

(ကြေးမုံ)

# ရွှေတိဂုံစေတီတော်သို့ နိုဝင်ဘာလအတွင်း နိုင်ငံခြားသား ၆၂၁၇၀ ဖူးမြော်ကြည်ညို

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်သို့ ယခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံခြားသား စုစုပေါင်း ၆၂၁၇၀ ဖူးမြော်ကြည်ညိုခဲ့ကြသည်။ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း နိုင်ငံခြားသား ၄၆၇၉၆ ဦးသာ ရောက်ရှိခဲ့သည်။ ထို့ကြောင့် ယခု နိုဝင်ဘာလတွင် ယခင်လကထက် ၁၅၃၇၄ ဦး ပိုမိုလာရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ယခုနှစ် နိုဝင်ဘာလအတွင်း ရောက်ရှိဖူးမြော်ကြည်ညိုခဲ့ကြသော နိုင်ငံခြားသားများတွင် ထိုင်းနိုင်ငံက အများဆုံးဖြစ်ပြီး ၁၆၂၁၇ ဦး၊ တရုတ် ၅၈၄၃ ဦး၊ ကိုရီးယား ၅၆၁၉ ဦး၊ ဂျပန် ၄၃၀၆ ဦး၊ ဂျာမနီ ၃၆၇၁ ဦး အပါအဝင် နိုင်ငံပေါင်း ၃၇ နိုင်ငံမှ စုစုပေါင်း နိုင်ငံခြားသား ၆၂၁၇၀ ရောက်ရှိပြီး ဧည့်ဝင်ကြေးအဖြစ် တစ်ဦးလျှင် ကျပ်ငွေ ၈၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၉၇၃၆၀၀၀၀ အလှူခံရရှိခဲ့ကြောင်းသိရသည်။

"ပွင့်လင်းရာသီရောက်တာရယ်၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပတဲ့ တန်ဆောင်တိုင် ဆီမီးထွန်းညှိပူဇော်ပွဲနဲ့ မသိုးရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲကို ကြည့်ရှုလေ့လာချင်တာရယ်၊ ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်မှာရှိတဲ့ မြန်မာမှုအနုလက်ရာ သာသနိကအဆောက်အအုံတွေကို လေ့လာချင်တာတွေကြောင့် နိုင်ငံခြားသားဧည့်သည်တွေ တစ်လထက်တစ်လ ပိုမိုလာရောက်လေ့လာဖူးမြော်ကြည်ညိုကြတာဖြစ်တယ်" ဟုဧည့်လမ်းညွှန်တစ်ဦး ကပြောသည်။

(ကိုချစ်)

# မြန်မာ-အင်ဒိုနီးရှား စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံ State Owned Enterprise မှ ဒုတိယဝန်ကြီး ဦးဆောင်မှုဖြင့် အင်ဒိုနီးရှားကုမ္ပဏီ ၂၅ ခုမှ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့လာရောက်ကြမည်ဖြစ်သည်။


အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် သတ္တုတွင်းထွက်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဘိလပ်မြေလုပ်ငန်း၊ ဓာတ်မြေဩဇာလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကြေးနန်းနှင့် ဆက်သွယ်ရေးလုပ်ငန်း၊ ဘဏ္ဍာရေးလုပ်ငန်း၊ အကြီးစားဆောက်လုပ်ရေးလုပ်ငန်း၊ တိရစ္ဆာန်အစားအစာထုတ်လုပ်သည့်လုပ်ငန်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ ချည်မျှင်နှင့် အထည်လုပ်ငန်း၊ လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း၊ ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စက်ပစ္စည်းကိရိယာနှင့် အပိုပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းတို့ကို အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် ရန်ကုန်မြို့ရှိ ကုန်သည်/စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)



**အခွန်ဘဏ္ဍာပြည့်ပါမှ လှပသာယာ တို့ပြည်မြန်မာ**






# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Daedong လယ်ယာသုံးစက်ပစ္စည်းစက်ရုံသို့ ကြည့်ရှုလေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ခေတ္တတည်းခိုသည့် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ Paradise ဟိုတယ်၌ ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ မိသားစုများအား တွေ့ဆုံခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် နံနက် ၈ နာရီတွင် Daegu မြို့ရှိ Daedong လယ်ယာသုံး စက်ပစ္စည်းစက်ရုံသို့ သွားရောက်လေ့လာရာ နိုင်ငံတော်သမ္မတအား စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှ တာဝန်ရှိသူများက လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လယ်ယာသုံးပစ္စည်း ထုတ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ကိုရီးယားသမ္မတနိုင်ငံ Daedong Industrial Co.,Ltd ထံမှ အမေရိကန်ဒေါ်လာသန်း ၁၀၀ တန်ဖိုးရှိ လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၁)ကြိမ်မြောက်အစည်းအဝေး ၂၁ ရက်မြောက်နေ့တွင် လွှတ်တော်က အတည်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**ကိုရီးယားသမ္မတနိုင်ငံ Daegu မြို့ရှိ Daedong လယ်ယာသုံး စက်ပစ္စည်းစက်ရုံမှ ထုတ်လုပ်သော လယ်ယာသုံးစက်ပစ္စည်းများကို တွေ့ရစဉ်။**(အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)



**❋ ရှေ့ဖုံးမှ**

ထို့ပြင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းဆက်နွယ်မှုကို တိုးမြှင့်နိုင်ရန်အတွက် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership- RCEP)ကို ၂၀၁၅ ခုနှစ်အကုန်တွင် အပြီးသတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်းလည်း ဖော်ပြထားသည်။

အလားတူပင် ကိုရီးယားသမ္မတနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် Saemaul Undong စီမံချက်၏အောင်မြင်မှုကို အသိအမှတ်ပြုပြီး အာဆီယံနိုင်ငံများအတွင်း စားနပ်ရိက္ခာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှုလျှော့ချမှု၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ရာတွင် ကိုရီးယားသမ္မတနိုင်ငံ၏ အတွေ့အကြုံများကို မျှဝေပေးရန်လည်း သဘောတူညီခဲ့ကြသည်။

လူမှုယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် ပြည်သူအချင်းချင်း ဆက်ဆံရေးကိုတိုးမြှင့်ရန်၊ မျိုးဆက်သစ်လူငယ်များအတွင်း ဆက်ဆံဆက်သွယ်မှု မြှင့်တင်နိုင်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံက အဆိုပြုသည့် အာဆီယံ-ကိုရီးယားမျိုးဆက်သစ်ခေါင်းဆောင်များ အစီအစဉ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက ကြိုဆိုကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ အာဆီယံနိုင်ငံများမှ ကျောင်းသားများအတွက် အဆင့်မြင့်နှင့် သက်မွေးပညာသင်အခွင့်အလမ်းများ တိုးမြှင့်ပေးရန်တို့ကိုလည်း သဘောတူညီခဲ့ကြသည်။

ဒေသတွင်းနှင့်နိုင်ငံတကာရေးရာနှင့်ပတ်သက်၍ နှစ်ဖက်ခေါင်းဆောင်များက ကိုရီးယားကျွန်းဆွယ်ကို နျူကလီးယားကင်းမဲ့ဒေသဖြစ်ရေးအတွက် ငြိမ်းချမ်းသော နည်းလမ်းများဖြင့် အကောင်အထည်ဖော်ရန်လိုအပ်ကြောင်း ဖော်ပြထားသကဲ့သို့ မကြာမီကာလအတွင်းက ပေါ်ပေါက်ခဲ့သည့် ဒုံးကျည်စမ်းသပ်မှုများအပါအဝင် ဖြစ်ရပ်များအပေါ် စိုးရိမ်ပူပန်မှုကိုလည်း ဖော်ပြခဲ့ကြသည်။ ထို့ပြင် ခြောက်ပါတီဆွေးနွေးပွဲများ အမြန်ပြန်လည်စတင်နိုင်ရန်အတွက် လိုအပ်သော တွေ့ဆုံဆွေးနွေးမှုများကို ဖော်ဆောင်ရန်လည်း တိုက်တွန်းထားကြောင်း တွေ့ရသည်။

အဆိုပါ ပူးတွဲထုတ်ပြန်ချက်အရ ကမ္ဘာ့ပညာရေးညီလာခံနှင့် ရေအရင်းအမြစ်ဆိုင်ရာ ညီလာခံကို ၂၀၁၅ ခုနှစ်အတွင်း ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပရန်ရှိကြောင်းနှင့် ၂၀၁၇ ခုနှစ်တွင် အာဆီယံ-ကိုရီးယားယဉ်ကျေးမှုဖလှယ်ရေးနှစ်အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာ ညီလာခံ၌ သဘောကွဲလွဲမှုများ ဖြစ်ပေါ်နေဆဲ

**လီမာ(ပီရူး) ဒီဇင်ဘာ ၁၃**

ကုလသမဂ္ဂ၏ ကမ္ဘာကြီးပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ပီရူးနိုင်ငံ မြို့တော် လီမာ၌ ကျင်းပခဲ့ရာ နောက်ဆုံးဆွေးနွေးရန် သတ်မှတ်ရက်ရောက်သည့်တိုင် သဘောကွဲလွဲမှုများ ဖြစ်ပေါ်နေဆဲဖြစ်သဖြင့် တိုးတက်မှုမရှိဘဲဖြစ်နေရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

လာမည့်နှစ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲတစ်ရပ်သို့ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လုပ်ရှားမှုအစီအစဉ်များ ရေးဆွဲတင်ပြရေးနှင့် ပတ်သက်၍ ချမ်းသာသော နိုင်ငံများနှင့် ဆင်းရဲသော နိုင်ငံများအကြား အငြင်းအခုံဖြစ်ပွားနေခြင်းကြောင့် သဘောတူညီချက်ရရှိရန် နှောင့်နှေးကြန့်ကြာနေခြင်းဖြစ်သည်။

ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေသော ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းရာတွင် မည်သည့်နိုင်ငံက ဦးဆောင်သင့်သည်ဆိုခြင်းနှင့် ပတ်သက်၍ သဘောကွဲလွဲမှုများ အဆုံးသတ်ကြပါရန် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ညီလာခံတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက အစိုးရအဖွဲ့များအား ထုတ်ပြန်ခဲ့သည်။

ကမ္ဘာကြီးပူနွေးမှု ဘေးအန္တရာယ်ပေးနိုင်သော အဆင့်သို့ ရောက်ရှိလာခြင်းမရှိစေရန် ကမ္ဘာ့နိုင်ငံများက ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရေးတွင် တာဝန်ယူရမည့် အနေအထားနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံများအတွင်း သဘောကွဲလွဲမှုဖြစ်ပေါ်နေပြီး ဆွေးနွေးပွဲနောက်ဆုံးရက်ဖြစ်သော ဒီဇင်ဘာ ၁၂ ရက်အထိ သဘောတူညီမှု မရဘဲ ရှိနေသဖြင့် ဆွေးနွေးညှိနှိုင်းမှုများကို ရက်သတ္တပတ်ကုန်ရက်များအထိ တိုးချဲ့ရန်ရှိနေသည်။ ယခုညီလာခံတွင် သဘောတူညီချက်ရရှိပါမှ ပါရီ၌ ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲတွင် သဘောတူညီချက်ကို အတည်ပြုချမှတ်နိုင်မည်ဖြစ်သည်။ **ရိုက်တာ။**






## ဘရာဇီးပီထရိုဘရာအရှုပ်တော်ပုံ ဆောက်လုပ်ရေးကုမ္ပဏီ အမှုဆောင်များကို စွဲချက်တင်ပြီ

ဆွာပေါ်လို ဒီဇင်ဘာ ၁၃

**ဘရာဇီးနိုင်ငံတွင် နိုင်ငံတော်ပိုင် ရေနံကုမ္ပဏီ ပီထရိုဘရာ၏ အဂတိလိုက်စားမှု အရှုပ်တော်ပုံနှင့် ဆက်နွယ်လျက်ရှိသော နိုင်ငံ၏ အကြီးမားဆုံးဆောက်လုပ်ရေးကုမ္ပဏီခြောက်ခုမှ အမှုဆောင် အရာရှိများကို အစိုးရရှေ့နေများက စွဲချက်တင်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီက ယနေ့ဖော်ပြသည်။**

နိုင်ငံရေးသမားများထံသို့ ပီထရိုဘရာက ခိုင်ကြေးငွေများပေးရာတွင် လမ်းကြောင်းအဖြစ် အသုံးပြုရန် အမှုဆောင်အရာရှိ ၂၂ ဦးနှင့်အတူ ၁၃ ဦးတို့က လုပ်ငန်းရှင်ကြီးများ အသင်းကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်ဟု စွပ်စွဲထားသည်။

ထို့ပြင် ၎င်းတို့ကို ငွေကြေးခဝါချမှု၊ ဒုစရိုက်ဂိုဏ်းဖွဲ့စည်းမှုတို့ကို ကျူးလွန်သည်ဟုလည်း စွပ်စွဲထားသည်။

၎င်းတို့သည် ပြစ်မှုကျူးလွန်သည်ဟု တရားရုံးက စီရင်ချက်ချမှတ်လျှင် ထောင်ဒဏ်အနှစ် ၂၀ ကျော်ချခံရမည်ဖြစ်သည်။

ပီထရိုဘရာဘုတ်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ခုနစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သော သမ္မတ ဒီလ်မာရူးဆက်က အဆိုပါအဂတိလိုက်စားမှုများကို မသိပါဟု ငြင်းဆိုထားသည်။ **ဘီဘီစီ။**

## အင်ဒိုနီးရှားနိုင်ငံမြေပြိုမှုဖြစ်ပွား လူ ၁၉ ဦးသေ၊ ၁၀၈ ဦးပျောက်ဆုံး

**ဂျာကာတာ ဒီဇင်ဘာ ၁၃**

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း အလယ်ပိုင်းရှိဂျန်ဘလန်ရွာအနီးတွင် မိုးသည်းထည်စွာ ရွာသွန်းပြီးနောက် မြေပြိုမှုဖြစ်ပွားခဲ့ရာ လူ ၁၈ ဦးထက်မနည်းသေဆုံးပြီး ၁၀၈ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဘီဘီစီသတင်းတွင် ယနေ့ဖော်ပြသည်။

ကယ်ဆယ်ရေး အထောက်အပံ့များ လျော့နည်းမှုသည် ကယ်ဆယ်ရေးလုပ်ငန်းစဉ်များကို ထိခိုက်စေသည်။ ကယ်ဆယ်ရေးလုပ်သားများသည် လက်ဗလာချည်းသက်သက်ဖြင့် မြေပုံများကို ထိုးမွှေကာ အသက်ရှင်သူများအား ရှာဖွေကယ်ဆယ်နေရသည်။



သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအေဂျင်စီမှ တာဝန်ရှိသူများက လူပေါင်း၄၀ကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ရကြောင်းပြောကြားခဲ့သည်။

မိုးပြင်းထန်စွာ ရွာသွန်းမှုကြောင့် ယနေ့နေ့လယ်ပိုင်းရှာဖွေရေးလုပ်ငန်းစဉ်များကို ရပ်ဆိုင်းထားရသည်။

မြေပြိုကျမှုကြောင့် အိမ်ပေါင်းရာနှင့်ချီပြီးပျက်စီးခဲ့ရကြောင်း အမျိုးသားဘေးအန္တရာယ် အေဂျင်စီက ပြောသည်။

မြေပြိုမှုကြောင့် ပျက်စီးသွားသော အပျက်အစီးများကိုရှင်းလင်းဖယ်ရှားရန် စက်ယန္တရားများ လိုအပ်ကြောင်း အမျိုးသားဘေးအန္တရာယ်အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

မိုးပြင်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးမှုနှင့်မြေပြိုမှုများ အင်ဒိုနီးရှားနိုင်ငံတွင် မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်းသိရသည်။ **ဘီဘီစီ ။**

## ကနေဒါရေတပ်တွင် အရက်လုံးဝမသောက်ရန် ပိတ်ပင်

**အော်တဝါ ဒီဇင်ဘာ ၁၃**

ကနေဒါရေတပ်က သင်္ဘောများ ပင်လယ်ပြင်၌ရှိနေစဉ် ၎င်း၏ ရေတပ်သားများအား အရက်သေစာသောက်စားခြင်း လုံးဝမပြုလုပ်ရန် တားမြစ်ပိတ်ပင်လိုက်ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယခင်က ၎င်းတို့ကို တာဝန်ချိန်ပြင်ပတွင် အရက်သောက်ခြင်းအား ခွင့်ပြုပေးခဲ့သည်။ ယခုအခါတွင်မူ သင်္ဘောကပ္ပတိန်က စဉ်းစားချင့်ချိန်၍ အထူးစီစဉ်ပေးသော ပွဲများတွင်သာ သောက်ခွင့်ပြုမည်ဖြစ်သည်။

အရက်မူးလျက်ရှိကြသည်ဆိုသော သင်္ဘောသားများသည် ပြဿနာပေါ်သောဖြစ်စဉ်အချို့တွင် ပါဝင်ခဲ့သည့်အတွက် စစ်သင်္ဘောတစ်စင်းကို ပြန်လည် ခေါ်ယူခဲ့ရပြီးနောက် တားမြစ်ချက်အသစ်များ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

စစ်သင်္ဘောများမှ စည်ဘီယာစင်များကို ဖယ်ရှားမည်ဖြစ်ပြီး သင်္ဘောပေါ်မှ အရက်ဆိုင်များ၌လည်း အရက်ဈေးနှုန်းများကို မြှင့်တင်မည်ဖြစ်သည်။

ပြဿနာဖြစ်စဉ်များတွင် အရက်မူးလျက်ရှိသည့် သင်္ဘောသားများ ပါဝင်နေခြင်းကြောင့် ဤကဲ့သို့ ဆုံးဖြတ်ချက်ချမှတ်ရခြင်း ဖြစ်ကြောင်း ကနေဒါ တော်ဝင်ရေတပ်မှ ဒုတိယဗိုလ်ချုပ်ကြီး မတ်နော်မန်က သတင်းထောက်များအား ပြောကြားခဲ့သည်။ **ဘီဘီစီ။**



ပြည်တွင်းရေးရာ

# အာဆီယံ-ကိုရီးယား စီးပွားရေးကောင်စီ စတင်ဖွဲ့စည်း

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပထမအကြိမ် အာဆီယံ-ကိုရီးယား စီးပွားရေးကောင်စီ အစည်းအဝေးကို ဒီဇင်ဘာ ၁၀ ရက်တွင် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးအဖြစ် ကျင်းပခဲ့သည်။

အဆိုပါကောင်စီသည် ကိုရီးယားသမ္မတနိုင်ငံ၏ အဆိုပြုချက်အရ ယခုအစည်းအဝေးတွင် စတင်ဖွဲ့စည်းခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်အသင်းများနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ထိုကဲ့သို့ဖွဲ့စည်းခြင်းအားဖြင့် အဖွဲ့ဝင်နိုင်ငံများမှ အသေးစားနှင့် အလတ်စားလုပ်ငန်းများအနေဖြင့် အာဆီယံ-ကိုရီးယား လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်မှ ရရှိလာမည့်အခွင့်အရေးများကို အပြည့်အဝ အသုံးချနိုင်ရန်နှင့် ဖြစ်ပေါ်နေသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန် သက်ဆိုင်ရာနိုင်ငံများတွင် အသေးစားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေမည့် အခွင့်အရေးများကို ရရှိမည်ဖြစ်သည်။

အာဆီယံ-ကိုရီးယား စီးပွားရေးကောင်စီကို ဖွဲ့စည်းရန်အတွက် ၂၀၁၃ ခုနှစ် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးတွင် ကိုရီးယားသမ္မတနိုင်ငံက အဆိုပြုခဲ့ပြီး အာဆီယံခေါင်းဆောင်များက ထောက်ခံကြိုဆိုခဲ့ကြသည်။

အာဆီယံ-ကိုရီးယား စီးပွားရေးကောင်စီအနေဖြင့် စီးပွားရေးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များမျှဝေခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်ဖလှယ်မှုများပြုလုပ်ခြင်း၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ခြင်း၊ ဈေးကွက်ဖော်ထုတ်ပေးခြင်း၊ သက်ဆိုင်ရာအစိုးရများနှင့် ထိပ်သီးအစည်းအဝေးများသို့ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စိန်ခေါ်မှုများကိုတင်ပြခြင်း၊ စီးပွားရေးကောင်စီအနေဖြင့် သင့်မြတ်သည်ဟုယူဆသည့်လုပ်ငန်းစဉ်များကို ပူးတွဲအကောင်အထည်ဖော်ခြင်းစသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**






# အမျိုးသမီးနှင့် မိန်းကလေးငယ်များ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဆန့်ကျင်ရေး သရုပ်ပြတရားရုံးအဆင့်ဆင့်ဖြင့် ဖန်တီးတင်ဆက်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဆန့်ကျင်ရေးလှုပ်ရှားမှုတစ်ရပ်အဖြစ် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်ရှိ လေးထပ်ပင်မဆောင် ဘွဲ့နှင်းသဘင်ခန်းမ၌ ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ပြီး သရုပ်ပြတရားရုံးအဆင့်ဆင့်ကိုဥပဒေအဓိက ကျောင်းသားကျောင်းသူများက တင်ဆက်သရုပ်ပြသခဲ့ကြသည်။

ထိုသို့ သရုပ်ပြလုပ်ဆောင်ကြခြင်းကြောင့် စာသင်ကြားမှုအပိုင်းတွင်လည်း အထောက်အကူများဖြစ်စေခဲ့သလို ဥပဒေပညာ၏အကျိုးပြုမှုကို သိနားလည်စေခဲ့ကြောင်း သိရသည်။

ထိုဖန်တီးတင်ဆက်ပြသမှုကို ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့ ကမကထပြုကာ ပူးပေါင်းဆောင်ရွက်သော အစီအစဉ်တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

ထိုတက္ကသိုလ်တွင် ဥပဒေအဓိက ကျောင်းသားကျောင်းသူများအတွက် ဥပဒေပညာရပ်မျိုးစုံကို သင်ကြားပေးခြင်းကြောင့် လက်တွေ့လုပ်ငန်းခွင်နယ်ပယ်အတွက် အကျိုးပြုစေမည့် ဥပဒေပညာရှင်များအဖြစ် မွေးထုတ်ရန် ပြုစုပေးနေလျက်ရှိပြီး စာချည်းသင်ကြားမှုမျိုးမဟုတ်ဘဲ အမေးအဖြေများဖြင့် လုပ်ဆောင်ခြင်း၊ Debate လုပ်ခြင်း၊ လက်တွေ့သရုပ်ပြလုပ်ဆောင်ခြင်းတို့ဖြင့် ကျောင်းသားကျောင်းသူများကို အရည်အသွေးပိုမိုကောင်းမွန်စေရန် သင်ကြားနေလျက်ရှိသည်။ နောက်ပိုင်းတွင် ကျောင်းသားကျောင်းသူ ၁၀ ဦး သို့မဟုတ် ၁၅ ဦးကို အုပ်ချုပ်သူဆရာမတစ်ဦး ပါဝင်သော အုပ်စုများအလိုက် ပြည်တွင်းတရားရုံးအဆင့်ဆင့်ရှိ တရားစီရင်နေမှုများကို လက်တွေ့ကွင်းဆင်းလေ့လာရန် စီစဉ်ထားကြောင်း၊ ထိုလေ့လာမည့် အစီအစဉ်၏ အချိန်ကာလကို ညှိနှိုင်းနေကြဆဲဖြစ်ပြီး စာသင်ကြားမှုကို မထိခိုက်စေသောကာလများကို ရွေးချယ်ကာ လေ့လာခြင်းဖြင့် စတင်ရန် စီစဉ်နေကြောင်း သိရသည်။

ယခုကျင်းပသော သရုပ်ပြတရားရုံးအဆင့်ဆင့် အစီအစဉ်ကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာနတစ်ခုတည်းသာမကဘဲ အခြားသောဌာနများကိုလည်း ဖိတ်ကြားထားသလို ကျောင်းသား ကျောင်းသူများ၏ အုပ်ထိန်းသူ မိဘများကိုလည်း ဖိတ်ကြားထားလျက်ရှိသည်။ ထိုအခမ်းအနား အစီအစဉ်များ ကျင်းပမှုနှင့်အတူ ပရိဂျက်တာတစ်လုံးနှင့် ဗီရိုသုံးလုံးလှူဒါန်းမှုကိုလည်း တစ်ပါတည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

## နမ့်ဆန်၌ မိုးပွင့်အဆင့်(၇) ကွင်းဆင်းဆောင်ရွက်

**နမ့်ဆန် ဒီဇင်ဘာ ၁၃** ။ ။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ နမ္မဝေါ ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၇) ကွင်းဆင်းဆောင်ရွက်ခြင်းအား ပြည်နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဌ ဦးမောင်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်တို့က လှည့်လည်ကြည့်ရှုအားပေး၍ မြို့နယ်ဦးစီးဌာနမှူးက ကျောင်းသား ကျောင်းသူ ၁၃၆ ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းကြည်ထံသို့ပေးအပ်ကြောင်း သိရသည်။ **(ကိုကိုရှုပ)**











# ကမ္ဘာ့စီးပွားရေးစိန်ခေါ်မှုများအား ရင်ဆိုင်ဖြေရှင်းရန် ချဉ်းကပ်မှုနည်းလမ်းသစ်များ

# (New Approaches to Global Economic Challenges)

ဒေါက်တာဝါဝါမောင်

၁၉၉၇ ခုနှစ် အာရှငွေကြေးအကျပ်အတည်း၊ ၂၀၀၇-၂၀၀၈ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းများ၊ အီးယူချေးငွေ အကျပ်အတည်းများကြောင့် ကမ္ဘာ့စီးပွားရေးအား နာလန်ထူနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ခဲ့ကြရသည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှုန်းဖြင့် ခိုင်မာစွာ ဆက်လက်တိုးတက်စေနိုင်ရေးအတွက် ကမ္ဘာ့မေခရိုစီးပွားရေး နယ်ပယ်တစ်ရပ်လုံးတည်ငြိမ်၍ ကမ္ဘာ့နိုင်ငံများအကြား ဘက်ညီမျှတစွာ တိုးတက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစိန်ခေါ်မှုအား ချဉ်းကပ်မှုနည်းလမ်းသစ်ဖြင့် ဆောင်ရွက်ရန်အခြေအနေများ တောင်းဆိုလျက်ရှိနေသည်။

**ပြုလွယ်ပြောင်းလွယ်နှင့် ခံနိုင်ရည်စွမ်းရှိသည့် စီးပွားရေးနှင့် အားလုံးအကျုံးဝင်သည့် လူ့အဖွဲ့အစည်းဖြစ်ပေါ်စေရေး (Resilient Economies and Inclusive Societies: Empowering people)**

ပြုလွယ်ပြောင်းလွယ်နှင့်ခံနိုင်ရည်စွမ်းရှိသည့် စီးပွားရေးနှင့်အားလုံးအကျုံးဝင်သည့် လူ့အဖွဲ့အစည်းဖြစ်ပေါ်စေရေးအတွက် လူသားတိုင်းအား စွမ်းရည်ရှိအောင်၊ ရှိပြီးသားစွမ်းရည်များပိုမိုဖွံ့ဖြိုးအောင် လုပ်သာကိုင်သာဖြစ်သည့် ပတ်ဝန်းကျင်တစ်ရပ်ဖြစ်ပေါ်စေရေးအတွက် လူတို့၏စွမ်းပကားအား မြှင့်တင်ပေးရန် (Empowering people) လိုအပ်ပါသည်။ **လူ့အဖွဲ့အစည်းရှိ လူတစ်ဦးချင်းစီသည် ပြုလွယ်ပြောင်းလွယ်ဝန်းကျင်တွင် ခံနိုင်ရည်စွမ်းရှိစွာဖြင့် ဆက်လက်ရပ်တည်နိုင်ရန်မှာ တစ်ဦးချင်းစီအတွက် လူ့စွမ်းအားရင်းမြစ် တိုးတက်စေရန်လိုအပ်ပါသည်။** သို့ဖြစ်ပါ၍ ရေရှည်တည်တံ့သော၊ ဘက်ညီမျှတမှုရှိသော၊ လူတိုင်းအကျုံးဝင်နိုင်သော ဖွံ့ဖြိုးမှုဖြစ်ပေါ်စေရေးမှာ လူသားတိုင်းအား စွမ်းရည်ရှိအောင်၊ ရှိပြီးသားစွမ်းရည်များ ပိုမိုဖွံ့ဖြိုးအောင် လူတို့၏ စွမ်းပကားအား မြှင့်တင်ပေးရန် လိုအပ်ပါသည်။

**(က) အရည်အသွေးပြည့်ဝသည့် ရင်းနှီးမြှုပ်နှံမှုများအား ဖြစ်ပေါ်စေရန်**

**ပထမချဉ်းကပ်မှုအနေဖြင့် အရည်အသွေးပြည့်ဝသည့် ရင်းနှီးမြှုပ်နှံမှုများအား ဖြစ်ပေါ်စေရေး ဆောင်ကြဉ်းရမည် ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများအား လူမှုရေးအရ ပူးပေါင်းဆောင်ရွက်မှုတာဝန် (Corporate Social Responsibility-CSR) ရယူတတ်စေရန်** ဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လူ့အဖွဲ့အစည်းကို အခွန်အခများအား မရှောင်လွှဲဘဲအခွန်တာဝန်ကျေပွန်စွာထမ်းဆောင်ခြင်း၊ အလုပ်သမားနှင့် ဝန်ထမ်းများ၏ စွမ်းပကားအားမြှင့်တင်ပေးခြင်း၊ ထုတ်လုပ်မှုနည်းပညာများအား တိုးတက်အောင် စွမ်းဆောင်ခြင်း၊ စွမ်းအင်ချွေတာသည့်နည်းပညာများဖြင့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစေခြင်း၊ လူ့အဖွဲ့အစည်းအတွက် အရည်အသွေးပိုမိုပြည့်ဝသည့် ပစ္စည်းများ၊ ဝန်ဆောင်မှုများ ပံ့ပိုးထုတ်လုပ်ရောင်းချခြင်းစသည်အားဖြင့် လူမှုရေးအရ ပူးပေါင်းဆောင်ရွက်မှုတာဝန်များရယူကာ လူ့အဖွဲ့အစည်းအား ပိုမိုအကျိုးကျေးဇူးရှိစွာဖြင့် ပါဝင်ဆောင်ရွက်ရန် ဖြစ်ပါသည်။

ယခုအခါ နိုင်ငံများသည် **ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့် ဖွံ့ဖြိုးမှု (Private Sector Led Growth) ကို ဇောင်းပေးဆောင်ရွက်နေကြပြီဖြစ်ပါသည်။ နိုင်ငံတစ်ခု၏ ဂျီဒီပီတိုးတက်မှုနှင့် ထုတ်လုပ်နိုင်စွမ်းတိုးတက်မှုတို့သည် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးမှုအပေါ် များစွာမူတည်နေပြီဖြစ်ပါသည်။** လုပ်သာကိုင်သာ ရှိသည့်စီးပွားရေးဝန်းကျင်များ ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေး လိုအပ်သည့် အခြေခံအဆောက်အအုံများနှင့် ဥပဒေများပြဋ္ဌာန်းပေးခြင်း၊ တိုးတက်ရရှိအောင် ဆောင်ရွက်ပေးခြင်းတို့အား သက်ဆိုင်ရာနိုင်ငံများ၏ အစိုးရဘက်မှ ပံ့ပိုးဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးဆိုင်ရာကျင့်ဝတ် (Business Ethic) အပြည့်အဝဖြင့် စီးပွားရေးလုပ်ငန်းများနှင့် လူ့အဖွဲ့အစည်းတို့သည် အပြန်အလှန် အကျိုးပြုနေသည်ကို နားလည်လာခြင်းအားဖြင့် မိမိနိုင်ငံနှင့် စားသုံးသူများဖြစ်ကြသည့် ပြည်သူများအတွက် Win-Win မဟာဗျူဟာအား အကောင်အထည်ဖော်သည့် အနေဖြင့် သာမန်ရင်းနှီးမြှုပ်နှံမှုထက် **လူ့အသိုက်အဝန်းအား ဖေးမဦးဆောင်နိုင်သည့် အရည်အသွေးပြည့်ဝသော ရင်းနှီးမြှုပ်နှံမှုများကို ဖြစ်ပေါ်စေရေးအား ဆောင်ကြဉ်းနိုင်ရန်ဖြစ်ပါသည်။**

**(ခ) အရည်အသွေးရှိသည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန်**

**ဒုတိယ ချဉ်းကပ်မှုအနေဖြင့် စီးပွားရေးစိန်ခေါ်မှုများအား ရင်ဆိုင်ကျော်လွှားနိုင်စေရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးရပါမည်။** အလုပ်အကိုင်ရှိမှသာ မိသားစုများအတွက် ဝင်ငွေရှိပါမည်။ ပညာ အရည်အချင်းနှင့် ကျွမ်းကျင်မှုမရှိပါက ခက်ခဲသော(Difficult)၊ အန္တရာယ်များသော(Dangerous)၊ ညစ်ပတ်ပေရေသော (Dirty) 3D jobs များသာ လုပ်ကိုင် ဆောင်ရွက်ရမည့် အနေအထားများဖြစ်သည်။ လူသားအရင်းအမြစ် ဖွံ့ဖြိုး ရေးနှင့်စွမ်းဆောင်ရည်ပြုစုပျိုးထောင်ရေးအတွက် အရည်အသွေးရှိသည့် ပညာရည်မြှင့်တင်မှုအစီအစဉ်၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးနှင့် လေ့ကျင့်မှု (Technical and Vocational Education and Training -TVET) တို့မှာ အရေးပါသကဲ့သို့ အရည်အသွေးရှိသည့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရန် အစီအစဉ်နှင့် လုပ်ဆောင်ချက်များအား သက်ဆိုင်ရာနိုင်ငံများ၏ မဟာဗျူဟာတွင်ထည့်သွင်းရေးဆွဲရန်၊ အလုပ်အကိုင်နှင့်စပ်လျဉ်း၍ လူငယ်များ၏ လူသားရင်းမြစ်အားကောင်းစွာ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားရှိနိုင်ရန် နိုင်ငံအလိုက်တိကျသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်လိုအပ်ပါသည်။ လုပ်သားနှင့် သက်ဆိုင်သည့် မူဝါဒများ (Labour Policy)၊ လုပ်သားခန့်ထားသည့် မူဝါဒများ (Recruitment Policy)၊ မက်လုံးပေးသည့်မူဝါဒများ (Incentive Policy)များကြောင့် ထုတ်လုပ်နိုင်စွမ်းရှိသလောက် မထုတ်လုပ်နိုင်သည့် Output Gap များ ဖြစ်ပေါ်လေ့ရှိပါသည်။ ထုတ်လုပ်မှုတိုးတက်အောင် စွမ်းဆောင်နိုင်ရန် လုပ်ခ၊ လစာတိုးတက်မှုရှိ၊ မရှိကိုလည်း ချင့်ချိန်နိုင်ရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား ကာလတိုဆိုသည်ထက် ကာလရှည်အတွက်ရည်ရွယ်၍ ဖွံ့ဖြိုးစေရန်၊ အလုပ်သမားထုတွင် အမျိုးသမီးအရေအတွက်အား တိုးမြှင့်စေရန်နှင့် အမျိုးသမီးများ အလုပ်လုပ်ကိုင်နိုင်ရေးအတွက် ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းများ တိုးတက်စေရန်လည်း လိုအပ်ပါသည်။

အနာဂတ်အတွက် လူငယ်များအား ပြုစုပျိုးထောင်ရန်နှင့် ရပ်ရွာဖွံ့ဖြိုးရေး၊ လူမှုရေးစီမံချက်များတွင် လူငယ်များမှ တက်ကြွစွာပါဝင်သော လုပ်သားထု ဖန်တီးပေးရေးလိုအပ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသည် အဓိကအရေးပါသကဲ့သို့ လူငယ်ဖွံ့ဖြိုးမှုဆောင်ရွက်ခြင်းသည်လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအရ အနာဂတ်အတွက် ခေါင်းဆောင်ကောင်းများအား မွေးမြူခြင်းပင်ဖြစ်ပါသည်။ လူငယ်ဖွံ့ဖြိုးမှုကို ဆောင်ရွက်ခြင်းသည် တစ်နည်းအားဖြင့် နိုင်ငံတော်အတွက် လူသားအရင်းအနှီးကို ပြုစုပျိုးထောင်ပေးခြင်း၊ အနာဂတ်အတွက် မဟာဗျူဟာကျစွာဖြင့် ရင်းနှီးမြှုပ်နှံခြင်းမျိုးဖြစ်ပါသည်။

အထူးသဖြင့် **အမျိုးသမီးများနှင့် လူငယ်များအတွက်** အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ဖန်တီးစေရန် လိုအပ်ပါသည်။ အနာဂတ်အတွက် **အလုပ်အကိုင်ဖန်တီးမှုအတွက် ဇာစ်မြစ်သစ်များမှာ အဘယ်နည်း၊ အရည်အသွေးရှိသည့် အလုပ်အကိုင်များ ဖန်တီးရေးအတွက် မည်ကဲ့သို့သော မူဝါဒများဖြင့် ချမှတ်ဆောင်ရွက်ရမည်နည်း**တို့မှာ အလွန်အရေးပါသည့် မေးခွန်းများဖြစ်ပါသည်။ အမျိုးသမီးနှင့် လူငယ်များ၏ ပါဝင်မှုနှုန်းတိုးမြှင့်စေရန်နှင့် ကာလလတ်တွင် Informal ကဏ္ဍများတွင် အလုပ်လုပ်ကိုင်မှုများအား လျှော့ချကာ တရားဝင်အလုပ်လုပ်ကိုင်လာမှုများဖြစ်ပေါ်စေခြင်းဖြင့် အလုပ်အကိုင်ရရှိရေး ကွာဟချက်အားဖြည့်ဆည်းနိုင်မည်ဖြစ်ပါသည်။ အဆိုပါ အချက်အလက်များသည် အရည်အသွေးပြည့်ဝသည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန်အတွက် အလွန်အရေးပါသည့်မူဝါဒဆိုင်ရာ စိန်ခေါ်မှုများနှင့် ပြုပြင်ပြောင်းလဲမှုများအား သတ်မှတ်နိုင်ရန် အခြေခံစဉ်းစားရမည့် အချက်အလက်များပင်ဖြစ်သည်။

**(ဂ)တီထွင်ဆန်းသစ်မှုများအား အားပေးရန်**

စီးပွားရေးစိန်ခေါ်မှုများအား **တတိယချဉ်းကပ်မှုမှာ** တီထွင်ဆန်းသစ်မှုများအားကောင်းစေနိုင်ရေးအတွက် **လူသားရင်းမြစ်အား ဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်းပင်** ဖြစ်သည်။ လူသားရင်းမြစ်အား ဖွံ့ဖြိုးစေခြင်းဖြင့် ထုတ်လုပ်မှုစွမ်းအားကို မြင့်တက်လာစေပြီး **တီထွင်ဆန်းသစ်မှုများ** (Innovation)အား ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် **လုပ်သားဈေးကွက်တွင် လိုအပ်လျက်ရှိသည့် စွမ်းရည်များနှင့် ကိုက်ညီမည့် လုပ်သားထု (Demand driven)ကို ဖြစ်ပေါ်စေမည့်အပြင် ထုတ်လုပ်မှုစွမ်းအား (Productivity)ကို မြင့်တက်စေမည်** ဖြစ်သည်။

နိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးကဏ္ဍအသီးသီး၌ စွမ်းဆောင်ရည်ရှိသော လူ့စွမ်းအား အရင်းအမြစ်များစွာ လိုအပ်ပါသည်။ မိမိတို့နိုင်ငံတည်ဆောက်ရာတွင် လူ့စွမ်းအား (Human Capital)၊ လျှပ်စစ်စွမ်းအင်၊ ရေ၊ လမ်း၊ တံတားစသည့် စီးပွားရေးအခြေခံအဆောက်အအုံထူထောင်နိုင်မှုစွမ်းအား (Physical Capital)၊ အဖွဲ့အစည်းစွမ်းအား(Institutional Capital)နှင့် လူမှုရေးစွမ်းအား (Social Capital) များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် အဆိုပါကဏ္ဍများအား ဘက်ညီမျှတစွာ တိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ် (Human Resources Capital)အားကောင်းမှသာ အသိပညာအခြေပြုသော စီးပွားရေး အဆောက်အအုံ (Knowledge-Based Economy) သို့ ကူးပြောင်းရာတွင်လည်းကောင်း၊ ထုတ်လုပ်မှုစွမ်းအားကို မြင့်တက်လာစေသည့် တီထွင်ဆန်းသစ်မှုများ(Innovation) တို့အား အောင်မြင်အောင် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

**(ဃ) ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုဖြစ်ပေါ်စေရန်**

စီးပွားရေးစိန်ခေါ်မှုများအား **စတုတ္ထချဉ်းကပ်မှုမှာ သင့်တော်မျှတမှုများ ဖြစ်ပေါ်စေရန်နှင့် မညီမျှမှုနှင့်လျော့ပါးစေရန် အစိုးရပိုင်းတွင်သာမက ပုဂ္ဂလိက ကဏ္ဍများတွင်ပါ ကောင်းမွန်သည့် စီမံအုပ်ချုပ်မှု (good governance)ဖြစ်ပေါ်စေရေးပင်ဖြစ်သည်။**

ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုစနစ်သည် နိုင်ငံ့စွမ်းအား (State Power) ကို တိုက်ရိုက်အထောက်အကူပြုပေသည်။ **ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုစနစ်ကို အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ အကျိုးအမြတ်ရယူသည့် လုပ်ငန်းကဏ္ဍနှင့် အကျိုးအမြတ်ရယူခြင်းမရှိသည့် ကဏ္ဍများအားလုံးတွင် ကျင့်သုံးရန် လိုအပ်လျက်ရှိပါသည်။**

ကောင်းမွန်သည့် စီမံအုပ်ချုပ်မှု၏ အစီအမံတစ်ရပ်အဖြစ် နိုင်ငံ၏ စီးပွားရေးအဆောက်အအုံသည် အကျင့်သိက္ခာရှိရှိ၊ တာဝန်ယူမှုရှိရှိနှင့် သင့်တော်၍ စည်းကမ်းကျနသည့် ဝန်းကျင်ကောင်းတစ်ရပ် (Appropriate regulatory environment)ဖြစ်ရန် လိုအပ်ပါသည်။ သို့မှသာ ကမ္ဘာ့စီးပွားရေးအဆောက်အအုံနှင့် နိုင်ငံများ၏ စီးပွားရေးအဆောက်အအုံတို့အား **သင့်တော်မျှတသည့် ပြိုင်ဆိုင်မှုကိုဖြစ်ပေါ်စေမည့် အပြည်ပြည်ဆိုင်ရာ ဈေးကွက်၏ အနေအထားသို့ ရောက်ရှိစေနိုင်မည်ဖြစ်ပါသည်။** ကောင်းမွန်သည့် စီမံအုပ်ချုပ်မှု ဖြစ်ပေါ်လာစေရေးအတွက် လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား အားကောင်းစေခြင်းတို့သည် နိုင်ငံတိုင်းအတွက် ဒေသဆိုင်ရာ စီမံအုပ်ချုပ်မှုများအား တိုးတက်အားကောင်းစေနိုင်ပါသည်။

**(င) သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်ရန်**

စီးပွားရေးစိန်ခေါ်မှုများအား ပဉ္စမချဉ်းကပ်မှုမှာ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် အစိမ်းရောင်စီးပွားရေး (Green Economy) အား ဖော်ဆောင်နိုင်ရန် ဖြစ်ပေသည်။ Globalization ၏ အသီးအပွင့်များအား ကမ္ဘာ့နိုင်ငံများအကြား ညီမျှစွာ ခွဲဝေခံစားစေနိုင်ရန် ၂၁ ရာစုသို့ ရောက်ရှိလာချိန်တွင် ထောင်စုနှစ်ပန်းတိုင်များ၊ (Millennium Development Goals-MDGs)၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ထိန်းသိမ်းမှု (Environmental Sustainability) သည် သတ္တမမြောက် ပန်းတိုင်ဖြစ်ပေရာ ကမ္ဘာကြီးပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှုကို ကာကွယ်ခြင်းအားဖြင့် သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံသားများအတွက်သာမက ကမ္ဘာ့လူသားဖွံ့ဖြိုးမှုကိုလည်း တိုးတက်အောင် ဆောင်ရွက်ရာရောက်မည်ဖြစ်သည်။ အလားတူပင် ကမ္ဘာ့ဖွံ့ဖြိုးမှု မူဝါဒအဖြစ် ၂၀၁၅ ခုနှစ်အလွန် အကောင်အထည်ဖော်ဆောင်မည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် ပန်းတိုင်များ (Sustainable Development Goals-SDGs)တွင်လည်း အဆိုပါကိစ္စရပ်သည်လည်း အလွန်အရေးပါပေသည်။

အဓိကအားဖြင့် မျိုးဆက်သစ်များ နစ်နာမှုမရှိစေရန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Sustainable Development)၏ သဘောတရားအား လက်တွေ့အသုံးချရန် ဖြစ်ပေသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဆိုသည်မှာ နောင်လာနောက်သားတို့၏ စားသုံးမှုအား မလျော့စေဘဲ လက်ရှိမျိုးဆက်များ၏ လိုအင်ဆန္ဒများအား ဖြည့်ဆည်းခြင်းပင်ဖြစ်သည်။ ကမ္ဘာကြီးပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှုသည် လူသားတို့၏ လုံခြုံမှု (Human Security)အား ခြိမ်းခြောက်မှုကို ဖြစ်ပေါ်စေခြင်းတို့ကြောင့် ကမ္ဘာ့လူသားတိုင်း အလေးအနက်ထားရမည့် ပြဿနာတစ်ရပ်ဖြစ်ရာ သဘာဝပတ်ဝန်းကျင်မှ သယံဇာတများအား ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် အစိမ်းရောင်စီးပွားရေး (Green Economy) အား ဖော်ဆောင်နိုင်ရန်မှာ စီးပွားရေးစိန်ခေါ်မှုများအား ရင်ဆိုင်ဖြေရှင်းမှုတစ်ရပ်ပင်ဖြစ်သည်။

ရုပ်ကြွင်းလောင်စာ (Fossil Fuels)များအား အသုံးပြုနေခြင်းအားဖြင့် ရေရှည်တွင် မလုံလောက်နိုင်ပေ။ ပြည့်ဖြိုးမြဲစွမ်းအင်သစ်များအား အသုံးချနိုင်မည့် နည်းပညာပြန့်ပွားစေရန် လိုအပ်ပါသည်။ စွမ်းအင်ဆိုင်ရာ စွမ်းဆောင်ရည် (Energy Efficiency)ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ အာရှ-ပစိဖိတ် သဘာဝပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးမှု ဝန်ကြီးအဆင့် ပဉ္စမအကြိမ်မြောက် အစည်းအဝေးတွင် သဘောတူညီထားခဲ့သည့်အတိုင်း စိမ်းလန်းသော ဖွံ့ဖြိုးမှု (Green Growth) ဖြစ်ပေါ်ရေးသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ စီးပွားရေးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်အား ဘက်ညီစွာ ထိန်းသိမ်းကာကွယ်ပေးနိုင်မည့် နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည်။ Green Economy ထူထောင်ခြင်းအားဖြင့် သဘာဝသယံဇာတများအား အသုံးပြုမှုလျော့နည်းသက်သာစေနိုင်မည့်အပြင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကဇာစ်မြစ်သစ်အဖြစ် သဘာဝအရင်းအနှီး (Natural Capital) အပေါ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေသည့်နည်းလမ်းဖြင့် စီမံခန့်ခွဲရာ ရောက်ပါသည်။

သို့ဖြစ်ပါ၍ စီးပွားရေးစိန်ခေါ်မှုများအား ထိရောက်စေမည့် ချဉ်းကပ်မှုနည်းလမ်းသစ်များ ရှာဖွေ၍ ဝိုင်းဝန်းအဖြေရှာရန်၊ သက်ဆိုင်ရာနိုင်ငံအဖွဲ့အစည်းများအလိုက် အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ရန်တို့မှာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဖြင့် ခိုင်မာစေသည့် ကမ္ဘာ့စီးပွားရေးအဆောက်အအုံတစ်ခုအား ထူထောင်ရာတွင် ကမ္ဘာ့နိုင်ငံများအကြား၊ ကမ္ဘာ့ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများအကြား ထိရောက်၍ စွမ်းဆောင်ရည်ရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်လိုအပ်လျက်ရှိပါကြောင်း။ ။

# နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းထုတ်ပေး ပျက်စီး/ပျောက်ဆုံးမှုရှိပါက စနစ်တကျ တင်ပြ



**နေပြည်တော် ဒီဇင်ဘာ ၁၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူဒီဇင်ဘာ ၇ ရက်က မြောင်းမြမြို့နယ် ကဝက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက ဒေသခံပြည်သူများအား မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနအနေဖြင့် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သတ်မှတ်နှုန်းထားဖြင့် လွယ်ကူလျင်မြန်စွာ ရရှိနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း မိုးပွင့်စီမံချက်များဖြင့် ရပ်ကွက်/ကျေးရွာအရောက် ကွင်းဆင်းထုတ်ပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားတို့နှင့် ဆက်စပ်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားများအတွက် မြန်မြန်ဆန်ဆန်ရရှိနိုင်ရေး ဆောင်ရွက်ပေးသကဲ့သို့ သွေးနှောသူများအတွက် ဥပဒေအရစနစ်တကျ စိစစ်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအရည်အချင်းအပြည့်အဝရရှိနိုင်သည့် အထောက်အထားတစ်ခုဖြစ်ပါကြောင်း၊သို့ပါ၍စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရန်နှင့် မိမိသဘောအလျောက် ပြင်ဆင်ရေးသားခြင်းမပြုကြရန် လိုအပ်ပါကြောင်း၊ ပျက်စီး၊ ပျောက်ဆုံးမှုရှိပါကလည်း သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။**(ယာပုံ)**

အဆိုပါ ကွင်းဆင်းဆောင်ရွက်မှုတွင် ကဝက်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူ ၂၁၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ဒီဇင်ဘာလူထုအားကစားလ အထိမ်းအမှတ် နေပြည်တော်လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူတစ်ရပ်လုံးအနေဖြင့် အားကစားလှုပ်ရှားမှုများတွင် အစဉ်တစိုက်ပါဝင်လှုပ်ရှားနေရေးသည် အခြေခံလိုအပ်ချက်ဖြစ်သည်နှင့်အညီ အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီတို့၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူကာ ပြည်သူအများအားကစားကို လေ့လာလိုက်စားသည့် အလေ့အကျင့်ကောင်းများရရှိစေရေးကို ရည်သန်၍ နှစ်စဉ် ဒီဇင်ဘာလတိုင်းကို လူထုအားကစားလအဖြစ် သတ်မှတ်ကာ စုပေါင်းလမ်းလျှောက်ပွဲများ၊ အားကစားပြိုင်ပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပလျက်ရှိရာ ၂၀၁၄ ခုနှစ် နေပြည်တော် ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီက မြို့မဈေးရှေ့သတ်မှတ်နေရာမှ စတင်တာလွှတ်ကျင်းပခဲ့သည်။**(အောက်ပုံ)**

အဆိုပါလူထုစုပေါင်းလမ်းလျှောက်ပွဲကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း ဦးဆောင်ကာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှ အရာထမ်းအမှုထမ်းများ၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းမှ ကျန်းမာရေးလိုက်စားကြသူ မိဘပြည်သူများအပါအဝင် စုစုပေါင်း လူဦးရေ ၇၀၁၅ ဦးတို့ ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ နံနက် ၆ နာရီတွင် သေနတ်ပစ်ဖောက်တာလွှတ်ကာ တောင်ညို-ပျဉ်းမနားလမ်းအတိုင်း သပြေကုန်းအဝိုင်းသို့ လမ်းလျှောက်ကြပြီး သပြေကုန်းအဝိုင်းမှတစ်ဆင့် ရာဇသင်္ဂဟလမ်းအတိုင်း လက်ယာဘက်သို့ချိုးကာ ကျောက်မျက်ရတနာပြတိုက်ရှေ့တွင် ပန်းဝင်ကြရာ ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက စားစရာနှင့် ရေသန့်ဘူးများ ပေးဝေကြသည်။

ယင်းနောက် ကျောက်မျက်ရတနာပြတိုက်ရှေ့သတ်မှတ်နေရာ၌ ဒုတိယဝန်ကြီးက ဦးဆောင်၍ စုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများက စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအစီအစဉ်တို့ကို တပျော်တပါး စုပေါင်းလေ့ကျင့်ကြသည်။

**(ကြေးမုံ)**



# မလေးရှားနိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသား ၇၅ ဦးနှင့်ပတ်သက်၍ ဆောင်ရွက်ချက်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဇူလိုင် ၈ ရက်တွင် ရန်ကုန်မြို့မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ လေဆိပ်သို့ ရောက်ရှိနေခဲ့သည့် မြန်မာနိုင်ငံသား ၇၅ ဦးအား လေဆိပ်၌ဖမ်းဆီးထိန်းသိမ်းထားကြောင်း လေဆိပ်လူဝင်မှုကြီးကြပ်ရေးဌာနမှ မြန်မာသံရုံးသို့ ဇူလိုင် ၁၇ ရက်တွင် အကြောင်းကြားသဖြင့် သံရုံးမှအရာရှိတစ်ဦးက လေဆိပ်လူဝင်မှုကြီးကြပ်ရေးဌာနအကြီးအကဲအား သွားရောက်တွေ့ဆုံရာ မြန်မာနိုင်ငံသား ၇၂ ဦးနှင့်အေးဂျင့်သုံးဦးတို့ ဝင်ရောက်လာသည့်အနက် ၁၄ ဦးသာ ပြည်ဝင်ဗီဇာအစစ်ပါရှိပြီး ကျန် ၆၁ ဦးတို့သည် ပြည်ဝင်ဗီဇာအတုများဖြင့် ဝင်ရောက်လာကြခြင်းဖြစ်သဖြင့် ဗီဇာအတုကိုင်ဆောင်ထားသူများအား မလေးရှားနိုင်ငံ၏လူဝင်မှုကြီးကြပ်ရေးဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသားများ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရခြင်းနှင့်ပတ်သက်၍ မြန်မာသံရုံးအနေဖြင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသူများအား သွားရောက်တွေ့ဆုံကာ ထိန်းသိမ်းရေးစခန်းများတွင် အဆင်ပြေစွာနေထိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေးခြင်း၊ ဆွေမျိုးသားချင်းများဖြင့် ဆက်သွယ်ချိတ်ဆက်ပေးခြင်း၊ ဖြစ်စဉ်အား ကနဦးစိစစ်မေးမြန်းခြင်းတို့ကို ကူညီဆောင်ရွက်ပေးခဲ့ပြီး မြန်မာသံအမတ်ကြီးသည် မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာဌာနအကြီးအကဲထံသွားရောက်တွေ့ဆုံ၍ အပြစ်မဲ့ ထိန်းသိမ်းခံထားရသူများအား မြန်မာနိုင်ငံသို့ အမြန်ဆုံးပြန်လည်ထွက်ခွာခွင့်ပြုနိုင်ရန် မေတ္တာရပ်ခံခဲ့သည်။

ပြည်ဝင်ဗီဇာအတုကိုင်ဆောင်သူ ၆၁ ဦးအနက် အသက်အရွယ်ကြီးရင့်သူနှင့် ကလေးငယ် စုစုပေါင်း ရှစ်ဦးမှလွဲ၍ အမျိုးသား ၃၆ ဦးနှင့်အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၅၂ ဦးတို့အား ၁၂-၈-၂၀၁၄ ရက်တွင် ကွာလာလမ်ပူမြို့ ဆီပန်းတရားရုံးမှ မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ထောင်ဒဏ်တစ်နှစ်စီချမှတ်ခဲ့သည်။ ပြစ်ဒဏ်ချမှတ်ခြင်းမခံရသူ ရှစ်ဦးနှင့် ပြည်ဝင်ဗီဇာအစစ်ကိုင်ဆောင်သူ ၁၂ ဦး စုစုပေါင်း ၂၀ တို့အား သံရုံး၏ညှိနှိုင်းချက်အရ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခွင့်ပြုခဲ့သောကြောင့် သံရုံးအစီအစဉ်ဖြင့် ၁-၉-၂၀၁၄ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ထောင်ဒဏ်တစ်နှစ်ချမှတ်ခြင်းခံရသည့် မြန်မာနိုင်ငံသား ၅၂ ဦးအနက် အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၄၈ ဦးတို့အား စတင်ဖမ်းဆီးထိန်းသိမ်းခဲ့သည့် ၉-၇-၂၀၁၄ ရက်မှ ၂-၁၂-၂၀၁၄ ရက်အထိသာ ပြစ်ဒဏ်ကျခံရန်နှင့် ကျန်ရှိနေသော ပြစ်ဒဏ်များအားပယ်ဖျက်၍ လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် အမိန့်ချမှတ်ခဲ့ကာ အကျဉ်းထောင်၌ ကျန်ရှိသူအမျိုးသားလေးဦးတို့အား ၃-၁၂-၂၀၁၄ တွင် လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သည်။

မြန်မာသံရုံးအနေဖြင့် မြန်မာနိုင်ငံသားများ စတင်ဖမ်းဆီးထိန်းသိမ်းခံရစဉ် အချိန်မှစ၍ သံရုံးမှအရာထမ်းတစ်ဦးအား အထူးကိစ္စအဖြစ် တာဝန်ပေးအပ်ဆောင်ရွက်စေခဲ့ရာ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ခုနစ်ဦးတို့သည် အေးဂျင့်သုံးဦးအား တရားစွဲဆိုရာတွင် အစိုးရသက်သေဖြစ်ပြီး အမျိုးသား ၃၀ နှင့် အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၄၅ ဦးတို့အား ၁၅-၁၂-၂၀၁၄ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**



# ဒီမိုကရေစီပေါ်ပေါက်လာရေး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်လိုအပ်

နေပြည်တော် ဒီဇင်ဘာ ၁၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မောတောင်မြို့နယ်သို့ရောက်ရှိကြပြီး တနင်္သာရီ-မောတောင်လမ်း ဖောက်လုပ်ထားရှိမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းဝင်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက မောတောင်ဒေသနှင့်ပတ်သက်သည့် ဒေသန္တရပထဝီအနေအထား၊ လူဦးရေ မြို့သစ်စီမံကိန်း ဆောင်ရွက်သွားရေးဆိုင်ရာများအတွက် မြေနေရာလျာထားမှုနှင့် မြို့ကွက်ဖော်ထုတ်ပြီးစီးမှုအခြေအနေများ၊ လမ်းပန်းဆက်သွယ်ရေးဆောင်ရွက်နေမှုအခြေအနေများ၊ လျှပ်စစ်မီး ရရှိရေးဆိုင်ရာ အစီအမံများ၊ ဒေသခံလူထုအတွက် ကျန်းမာရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များအပေါ် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းဆိုင်ရာ အချက်အလက်များ၊ ရည်ရွယ်ချက်များ၊ ဌာနအလိုက် အခွန်အရပ်ရပ်ကောက်ခံရရှိမှုအခြေအနေများ၊ ကုန်ပစ္စည်းများတင်ပို့တင်သွင်းမှုအခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့သို့ရောက်ရှိကြပြီး ပုလဲသန္တာခန်းမ၌ ဒေသခံ မြို့မိမြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒေသခံတစ်ဦးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာများ၊ စီးပွားရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်လိုမှု အခြေအနေများနှင့် ဥယျာဉ်ခြံမြေလုပ်ငန်း၊ ရေထွက်ပစ္စည်းလုပ်ငန်းများ လုပ်ကိုင်သွားနိုင်ရေးဆိုင်ရာအခြေအနေများအပေါ် ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် ရင့်ကျက်ခိုင်မာသည့် ဒီမိုကရေစီပေါ်ပေါက်လာစေရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုတို့ လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့အစိုးရအနေဖြင့် မြို့နယ်အဆင့်ဆင့်တွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီတို့ကို ပြည်သူလူထုအတွင်းမှ ရွေးချယ်ဖွဲ့စည်းနိုင်ခဲ့သည့်အတွက် ပြည်သူကိုဗဟိုပြုသည့်၊ ပြည်သူများပူးပေါင်းပါဝင်သည့် စီမံခန့်ခွဲမှုပုံသဏ္ဌာန်ကို ပြောင်းလဲလာနိုင်ခဲ့ပါကြောင်း။

အဆိုပါကော်မတီအသီးသီးသည် ပြည်သူလူထုနှင့်အမြဲထိတွေ့ပြီး ပြည်သူလူထု၏ လိုအပ်ချက်၊ ဝေဖန်အကြံပြုချက်များ၊ ပူးပေါင်းဆောင်ရွက်မှုများ ရယူ၍ လူထုအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ထိရောက်ရိုးရှင်းသည့် စီမံခန့်ခွဲမှုဖြင့် လူထုဝန်ဆောင်မှုကို စေတနာအရင်းခံ၍ သယ်ပိုးထမ်းရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

---

## ●ကျောဖုံးမှ

Thilawa Cement and Building Materials LTD၊ Ball Asia Pacific (Yangon) Metal Container Limited နှင့် Foster Electric (Thilawa) Co., Ltd. တို့မှ တာဝန်ရှိသူများက ထုတ်လုပ်မည့်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းတင်ပြသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က သီလဝါအထူးစီးပွားရေးဇုန်အတွင်း ဆောင်ရွက်လုပ်ကိုင်ကြမည့် Koyorad (Myanmar) Corporation Co., Ltd.၊ Lu Thai Textile Co., Ltd၊ Thilawa Cement and Building Materials LTD၊ Ball Asia Pacific (Yangon) Metal Container Limited နှင့် Foster Electric (Thilawa) Co., Ltd တို့မှ တာဝန်ရှိသူများအား ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်များပေးအပ်ခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ယနေ့သည် သီလဝါအထူးစီးပွားရေးဇုန် ပထမရင်းနှီးမြှုပ်နှံသူငါးဦးအား ရင်းနှီးမြှုပ်နှံမှုလိုင်စင်ပေးသည့်နေ့ဖြစ်ပါကြောင်း၊ ပထမဦးဆုံး ရင်းနှီးမြှုပ်နှံမှုလိုင်စင်ရရှိသော ကုမ္ပဏီများမှာ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ကုမ္ပဏီများဖြစ်ပြီး သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရန် ပြင်ဆင်လျက်ရှိသော ကုမ္ပဏီ ၃၀ အနက် ပထမဆုံး ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီများဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသည့် အပျော့ထည်နှင့်အမာထည် အခြေခံအဆောက်အအုံအားနည်းမှုများကို ကျော်လွှားနိုင်ရန်အတွက် အထူးစီးပွားရေးဇုန်များကို တည်ထောင်ခြင်းဖြစ်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်မှာ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအစိုးရနှစ်ရပ်နှင့် ရင်းနှီးတည်ဆောက်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အရည်အသွေးပြည့်ဝသော အမာထည်အခြေခံအဆောက်အအုံများကို အာမခံနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ သီလဝါအထူးစီးပွားရေးဇုန်တွင် မူဝါဒအသစ်များသွက်လက်ထိရောက်သည့် လုပ်ထုံးလုပ်နည်းများအား အကောင်အထည်ဖော်ဆောင်ပေးမည့် One Stop Service Center ကို ထူထောင်နိုင်သည့်အတွက် အရည်အသွေးပြည့်ဝသော အပျော့ထည်အခြေခံအဆောက်အအုံများကိုလည်း အာမခံပေးနိုင်မှာဖြစ်ပါကြောင်း။

ယခု မိုးရာသီကုန်ဆုံးပြီဖြစ်သည့်အတွက် အထူးစီးပွားရေးဇုန်၏ အခြေခံအဆောက်အအုံများကို အရှိန်အဟုန်အပြည့်ဖြင့် စတင်ဆောက်လုပ်နိုင်ပြီဖြစ်ပါကြောင်း၊ အဆိုပါအခြေခံအဆောက်အအုံများ တည်ဆောက်လျက်ရှိသည့်ကာလတွင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၎င်းတို့၏ စက်ရုံ၊ အလုပ်ရုံများအားစတင်တည်ဆောက်မှာဖြစ်သောကြောင့် သီလဝါအထူးစီးပွားရေးဇုန် စီးပွားဖြစ်စတင်လည်ပတ်နိုင်သည့်အချိန်တွင် စက်ရုံများအနေဖြင့် စီးပွားဖြစ်စတင်လည်ပတ်နိုင်မှာဖြစ်ပါကြောင်း။

သီလဝါသည် ရန်ကုန်မြို့နှင့်နီးသည့်အတွက် အလုပ်သမားခန့်ထားရေး၊ ပို့ဆောင်ရေး၊ အခြေခံအဆောက်အအုံစသည့် ရင်းနှီးမြှုပ်နှံသူများ လိုအပ်သောအရာများကို လွယ်ကူစွာရရှိနိုင်ပါကြောင်း၊ ထို့အပြင် နိုင်ငံတကာအဆင့်မီ အိမ်ရာများ၊ ကွန်ဒိုများ၊ ဟိုတယ်များ၊ နိုင်ငံတကာကျောင်းများ၊ နိုင်ငံတကာဆေးရုံများ၊ စူပါမားကတ်များ၊ အပန်းဖြေစရာနေရာများပါဝင်သည့် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ စီးပွားရေးနှင့် အိမ်ရာနေရာသည် ရင်းနှီးမြှုပ်နှံသူများ သက်သောင့်သက်သာရှိပြီး ၎င်းတို့လိုအပ်သည်များအားလုံး လက်လှမ်းမီရယူနိုင်မှာဖြစ်ပါကြောင်း။

ရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်ချက်များ လွယ်လင့်တကူရရှိအောင် လုပ်ဆောင်ပေးသလို စီမံကိန်းနေရာတစ်ဝိုက်တွင်ရှိသည့် နေရာဒေသများနှင့် ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးမှုကိုလည်း လျစ်လျူရှုမထားပါကြောင်း၊ အထူးစီးပွားရေးဇုန်ကြီး ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ အနီးအနားတွင်ရှိကြသော နေရာဒေသများသည်လည်း ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံပြည်သူများလည်း ဖွံ့ဖြိုးတိုးတက်သည့် အသီးအပွင့်များကို ခံစားနိုင်မည့်ဗျူဟာများကိုလည်း ရေးဆွဲခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း ဒေသနှင့်ဒေသခံများ၏ အကျိုးစီးပွားအတွက် မိမိတို့၏အမြင်နှင့် ထပ်တူထပ်မျှဖလှယ်ပြီး သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို ကြားသိရသည့်အတွက် ဝမ်းသာမိပါကြောင်း။

စီမံကိန်း အနီးအနားတွင်ရှိသည့် ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြုလုပ်သည့်အခါ သဘာဝပတ်ဝန်းကျင်ကိုလည်းပစ်ပယ်မထားပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ကျင့်သုံးမည့် ရေဆိုးစီမံခန့်ခွဲမှု၊ အမှိုက်စီမံခန့်ခွဲမှု၊ စက်မှုစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု စသည့် စနစ်များသည် မြန်မာနိုင်ငံတွင် ပထမဆုံးကျင့်သုံးမည့် နိုင်ငံတကာအဆင့်မီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစနစ်များဖြစ်ပါကြောင်း။

အားလုံးသိကြသည့်အတိုင်း မိမိတို့၏ ပြုပြင်ပြောင်းလဲရေးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်မှုတို့ကို သဟဇာတဖြစ်စွာဖြင့် အားလုံးမျှတစွာ ခွဲဝေခံစားနိုင်မည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုရရှိအောင် ကြိုးပမ်းလျက်ရှိပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးမြှုပ်နှံသူများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အခြေခံသဘောတရားကို လက်ခံကျင့်သုံးလျက်ရှိပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့သည် မြန်မာနိုင်ငံ၏ ကနဦးဖွံ့ဖြိုးတိုးတက်မှုတွင် အလွန်အရေးပါလှပါကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုများ၊ ကုန်သွယ်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် ကောင်းမွန်ပြီး အပြောင်းအလဲမကြာခဏမဖြစ်ဘဲ ခန့်မှန်းရလွယ်ကူ၍ ချောမွေ့သည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ်ကို တည်ထောင်လျက်ရှိသည့်အချိန်တွင် အထူးစီးပွားရေးဇုန်များသည် အချိန်တိုတိုအတွင်း အဆိုပါဝန်းကျင်ရရှိနိုင်ရန်အတွက် ဖြစ်နိုင်ခြေအရှိဆုံးနေရာများဖြစ်ပါကြောင်း၊ အထူးစီးပွားရေးဇုန်များဖြစ်သည့်အတွက် “အထူး” ဖြစ်စေဖို့ လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

**(သတင်းစဉ်)**

---

## ■မလိဝမ်းမှ

မလိဝမ်းကျေးရွာတွင် အိမ်ခြေ ၈၅၀ ခန့်၊ လူဦးရေ ၃၇၀၀ ခန့်နှင့် ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း၊ ကျေးလက်ဆေးပေးခန်းတို့ရှိသည်။ ကျေးရွာပြည်သူများမှာ မိရိုးဖလာ ဥယျာဉ်ခြံ၊ ရော်ဘာခြံ၊ လယ်ယာစိုက်ပျိုး၊ ရောင်းဝယ်ဖောက်ကားလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုကြသည်။ ကြည်နူးဖွယ်ကောင်းသည်မှာ ထိုရွာလေးတွင် ကော့သောင်းမြို့၏တစ်ခုတည်းသော သဘာဝအပန်းဖြေရေတံခွန်နှင့် သဘာဝရေပူစမ်းရှိသည်။

မလိဝမ်းကျေးရွာသည် ရှေးယခင်က ခဲသတ္တုထွက်ရှိကြောင်း မှတ်သားဖူးသည်။ မလိဝမ်းရေတံခွန်တွင် ဗြိတိသျှလက်ထက်က သတ္တုတူးဖော်ရေးလုပ်ငန်းသုံး ရေအားလျှပ်စစ်ထုတ်ယူခဲ့ကြောင်း သိရသည်။ ယခင်ကာလများက အဆိုပါရေတံခွန်နှင့် ရေပူစမ်းနေရာသည် သဘာဝအနေအထားအတိုင်း တောတောင်ထဲတွင် မလှမပဖြင့် ဒေသခံပြည်သူများ ခက်ခက်ခဲခဲသွားရောက်လည်ပတ် အနားယူအပန်းဖြေခဲ့ကြသည်။

ယခုအခါ ဒေသခံဟိုတယ်နှင့် ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်သည့် TZK ကုမ္ပဏီက ဒေသဖွံ့ဖြိုးတိုးတက်သာယာလှပရေးလုပ်ငန်းအဖြစ် အကျိုးတူပူးပေါင်းဆောင်ရွက်ကာ ရေတံခွန်နှင့် ရေပူစမ်းဝန်းကျင် စိမ်းလန်းစိုပြည်မှုလုပ်ငန်းများ၊ အပန်းဖြေရာနေရာများ၊ ဘန်ဂလိုအဆောက်အအုံများ၊ အနားယူနားနေရန် ခေတ်မီအသုံးအဆောင်ပစ္စည်းများဖြင့် သဘာဝအလှ မပျက်ယွင်းစေရန် ဆွဲဆောင်ဖန်တီးမွမ်းမံတည်ဆောက်ထားပြီး သင့်တင့်လျောက်ပတ်သည့်ဝင်ကြေးငွေပေးဆောင်၍ ဒေသနေပြည်သူများ အားလပ်ရက်တွင် မိသားစုအလိုက် ပျော်ပွဲစားထွက်အနားယူခြင်းများအပြင် ထိုင်း-မြန်မာနယ်စပ်ကို ဖြတ်သန်းကာ ကော့သောင်းမြို့သို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားခရီးသွားဧည့်သည်များပါ အနားယူအပန်းဖြေနေကြပြီဖြစ်ရာ နိုင်ငံတော်နှင့် ဒေသအတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးသည့် လုပ်ငန်းတစ်ခုအဖြစ် ကျယ်ပြန့်စပြုနေပြီဖြစ်သည်။

အခါအခွင့်သင့်၍ မြန်မာနိုင်ငံတောင်ဘက်စွန်း ကော့သောင်းမြို့သို့ ရောက်ခဲ့လျှင် သာယာ တင့်မောဖွယ် သဘာဝအလှမပျက် ဖန်တီးထားသည့် မလိဝမ်းသဘာဝ ရေတံခွန်နှင့် သဘာဝရေပူစမ်းသို့ တစ်ခါတစ်ခေါက်လာရောက်လည်ပတ်ကြရန် တိုက်တွန်းဖိတ်ခေါ်လိုက်ပါသည်။

**မောင်မောင်ကျော်စိုး(သတ္တဗေဒ)**

❐

ပြည်တွင်းရေးရာ

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လှိုင်သာယာမြို့နယ်မှ အလုပ်ရှင်နှင့် အလုပ်သမားများအားတွေ့ဆုံ



**ရန်ကုန် ဒီဇင်ဘာ ၁၃**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ကနောင်ခန်းမ၌ အလုပ်ရှင်၊ အလုပ်သမားများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယကက မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီနှင့်ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ နှင့် နှိုင်းယှဉ်လျှင် ဒီမိုကရေစီအခွင့်အရေးများ ရရှိမှုအများဆုံးအချိန်ဟု ပြောနိုင်ကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိနေသော်လည်း စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင်မူ အများမျှော်လင့်သလောက် အောင်မြင်မှုမရရှိသေးပါကြောင်း။

ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် မည်သို့ပင် ခက်ခဲပါစေ မဖြစ်ဖြစ်အောင် ရှေ့ဆက်လက်ချီတက်သွားမည် ဖြစ်ကြောင်း၊ မည်သို့ပင် စိန်ခေါ်မှုများနှင့် တွေ့ကြုံသည်ဖြစ်စေ မိမိတို့နိုင်ငံသားအားလုံး ရှေ့ဆက်လက်ချီတက်မည်ဟု ခံယူယုံကြည်ထားပါကြောင်း၊ အတိတ်က သမိုင်းသင်ခန်းစာများကိုယူပြီး ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို မဖြစ်ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

စီးပွားရေးကဏ္ဍအောင်မြင်ရေးတွင်လည်း အလုပ်ရှင်နှင့် အလုပ်သမားများ ပူးပေါင်းပါဝင်မှ လုပ်ငန်းများ စီးပွားရေးအရ အောင်မြင်နိုင်ပြီး အလုပ်သမားများ၏ လူမှုစီးပွားဘဝကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်ကြောင်း၊ လှိုင်သာယာမြို့နယ်မှ အလုပ်ရှင်နှင့် အလုပ်သမားများအား တွေ့ဆုံခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ လိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်မို့မို့သွင်၊ လှိုင်သာယာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ဦးအောင်စိုးမင်း (စံကောင်းပီနံအိတ်စက်ရုံ)၊ ဦးအောင်နိုင်(ရွှေမိပလတ်စတစ်စက်ရုံ)၊ ဒေါ်ဝင်းသိင်္ဂီစိုး(Yes အထည်ချုပ်စက်ရုံ)၊ ဒေါ်တင်မိုးခိုင် (ဆာကူရာအထည်ချုပ်စက်ရုံ)၊ ဦးဝေဖြိုးအောင်(Yes Candy စက်ရုံ)၊ ဒေါ်လှလှ (Galland Ocean အအေးခန်းစက်ရုံ)နှင့် ဦးပြည့်ဖြိုးအောင်(East Growth အထည်ချုပ်စက်ရုံ)၊ အလုပ်ရှင်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာခင်မောင်အေး (လက်ဝါးအထည်ချုပ်စက်ရုံ)၊ ဦးအောင်ရွှေ(ငွေသဇင်မင်းဆီစက်)၊ ဦးအေးသောင်း (Unit HTT အထည်ချုပ်စက်ရုံ)နှင့် ဦးကိုကိုလေး(JKL ထုပ်ပိုးစက်ရုံ)တို့က ရှင်းလင်းဆွေးနွေးတင်ပြကြပြီး တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးတင်ပြချက်များအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးပြီး ယနေ့တွေ့ဆုံပွဲတွင် တင်ပြချက်များအရ အလုပ်ရှင်နှင့်အလုပ်သမားများ နှစ်ဦးနှစ်ဖက်စလုံး အခက်အခဲရှိသည်ကို သိရပါကြောင်း၊ ခေတ်စနစ်နှင့် လျော်ညီစွာ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများသည် တစ်ဦးနှင့်တစ်ဦး နားလည်မှုလည်း ရှိရမည်ဖြစ်ကြောင်း၊ အဆင်မပြေမှုများ ကြုံတွေ့လာပါကလည်း တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးသဘောအရ တစ်ဖက်နှင့်တစ်ဖက် အပေးအယူရှိရမည် ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး လေးစားမှု၊ နားလည်မှု၊ ရိုးသားမှုများဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများသာမက နိုင်ငံတော်ပါ နစ်နာမှုမရှိအောင် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အလားတူ စိတ်ရှည်ခြင်း၊ သည်းခံခွင့်လွှတ်ခြင်းတို့အပြင် အပြုသဘောဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့်ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မည်သို့ပင် အခက်အခဲများ ကြုံတွေ့ရသည်ဖြစ်စေ လွှတ်တော်၊ အစိုးရနှင့် ပြည်သူများပူးပေါင်းလက်တွဲ၍ ဆောင်ရွက်သွားပါက မျှော်မှန်းချက်များ အောင်မြင်ပြည့်မြောက်မည် ဖြစ်ကြောင်းဖြင့် ပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။**(အပေါ်ဝဲပုံ)**

လှိုင်သာယာစက်မှုဇုန်တွင် စက်ရုံ၊ အလုပ်ရုံ အလုပ်ဌာနပေါင်း ၉၁၈ ရုံရှိပြီး လုပ်သားဦးရေ ၁၂၀၀၉၈ ကျော်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီးများ ရွှေဘိုခရိုင် ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေး

**မုံရွာ ဒီဇင်ဘာ ၁၃**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် ဒီဇင်ဘာ ၁၁ ရက် မွန်းတည့် ၁၂ နာရီက ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးများက လက်ရှိဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ၊ ခရိုင်/မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများအားလုံးက ဝိုင်းဝန်းကူညီဖော်ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေး ပြုပြင်ပြောင်းလဲမှုနှင့် ပြည်သူအများ လိုလားတောင့်တနေသည့် မျှော်လင့်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ တာဝန်ရှိသူများက မိမိတို့မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် လိုအပ်ချက်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးများက ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်နိုင်မည့် အလားအလာများအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး ကြိုတင်ပြင်ဆင်ထားကြရန် ထပ်မံအကြံပြု ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# SME များဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ဟောပြောဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

SME များဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဟောပြောဆွေးနွေးပွဲ(Saturday SME Talk)ကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၃၅-ဘီ/၁၅)တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ SMEs Development Department (Yangon) ၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆက်အောင်က Financial Policy for SMEs ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ရာ ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများသည် ဒီဇင်ဘာ ၁၈ ရက် နောက်ဆုံးထား၍ ဒေါက်တာအိရွှေစင်ထွန်း ဖုန်း-၀၁-၈၆၀၃၈၂၆၊ ၀၁-၈၆၀၃၈၂၇၊ ဖက်စ် ၀၁-၅၄၆၀၅၁၊ email;sme.talks2014@gmail.com သို့ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် လူဦးရေ ၁၀၀ သာ ကန့်သတ်ထားသဖြင့် အချိန်မီစာရင်းပေးသွင်းကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မွန်ပြည်နယ်အတွင်း ကဗျာဝတံတား ဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဒီဇင်ဘာ ၁၂ ရက်က မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ၃၇၅ ပေအရှည်ရှိသော ကဗျာဝသံကူကွန်ကရစ်တံတားဖွင့်ပွဲကို တက်ရောက်ဖွင့်လှစ်ခဲ့ပြီးနောက် ခေါဇာမြို့ပြည်သူ့ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်းတို့အား စစ်ဆေးခဲ့သည်။

ထို့နောက် မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေတို့ဖြင့် ဆောင်ရွက်ခဲ့သော ရေး-ဖလံချောင်းဝ-ကျုံကွီးလမ်း(၂၇/၃) မိုင်ဖောက်လုပ်ခြင်းနှင့် ကွန်ကရစ်တံတား ၄၅ စင်းတည်ဆောက်ခြင်းလုပ်ငန်းတို့အား သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြောင်းသိရသည်။ **(ကြေးမုံ)**

# Myanmar National Airlines အမည်အသစ်ဖြင့် လွဲပြောင်းမှု မြန်မာနိုင်ငံတွင် ပထမဦးဆုံးစတင်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ပို့ဆောင်ရေးဝန်ကြီးဌာန ယခင်က မြန်မာ့လေကြောင်း Myanmar Airways က ပြောင်းလဲဖွဲ့စည်းခဲ့သော Myanmar National Airlines(MNA) သည် မြန်မာနိုင်ငံတွင် သမိုင်းတွင်စေမည့် အစိုးရလုပ်ငန်းဆောင်ရွက်မှု စီးပွားရေးဆန်စွာ ဆောင်ရွက်နိုင်စေရန် Corporatization သို့ လွှဲပြောင်းမှုကို ပထမဦးဆုံး စတင်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ခြင်းသည် နိုင်ငံတကာအသိပညာ၊ အတတ်ပညာနှင့် အဆင့်မြင့်ဝန်ဆောင်မှုစသည့် အခန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံနိုင်စေရန် တံခါးဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်ပြီး ယခင်က ဂုဏ်ယူဝင့်ကြွားခဲ့ရသော မြန်မာနိုင်ငံ၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍကို ပြန်လည်အသက်သွင်းပေးရန်နှင့် MNA ၏ ဧည့်ဝန်ဆောင်မှုလုပ်ငန်းကို ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံ လွတ်လပ်ရေးရစဉ်ကာလကတည်းက (၆၆)နှစ်တိုင်တိုင် ရပ်တည်လာတဲ့ လေကြောင်းလိုင်းတစ်ခုအနေနဲ့ သမိုင်းဝင်ပြောင်းလဲမှုတစ်ခုကို ယခုလို ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဝမ်းမြောက်မိပါတယ်။ မြန်မာနိုင်ငံမှာ Myanmar National Airlines က ခေတ်မီနည်းစနစ်တွေကို အသုံးချပြီး ခရီးသွားတွေအတွက် လေကြောင်းပျံသန်းမှု အတွေ့အကြုံကို အစအဆုံး ပြောင်းလဲသွားဖို့ ကြီးမားတဲ့ အခွင့်အရေးတစ်ခုကို ရလိုက်တာပါ။ အခုလေကြောင်းလိုင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေကို စီးပွားရေးဆန်စွာ ဆောင်ရွက်နိုင်စွမ်းရှိလာပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဂုဏ်ဆောင်နိုင်တဲ့ လေကြောင်းလိုင်းဖြစ်ကြောင်းကို နှစ်ပေါင်းများစွာ ဝန်ဆောင်မှုပေးလာခြင်းနဲ့ သက်သေပြပြီး အဆင့်အတန်းမြင့် ဝန်ဆောင်မှုပေးနိုင်ဖို့ ဆောင်ရွက်တော့မှာဖြစ်ပါတယ်။ MNA က ပြည်သူလူထုနဲ့ ခရီးသွားများက နှစ်ခြိုက်စွာရွေးချယ်တဲ့ လေကြောင်းလိုင်းတစ်ခုဖြစ်လာမှာပါ။ မြန်မာနိုင်ငံက ဂုဏ်ယူနိုင်မယ့် လေကြောင်းလိုင်းတစ်ခုဖြစ်လာအောင် ကြိုးစားသွားမှာပါ"ဟု MNA ၏ ဦးဆောင်ညွှန်ကြားရေးမှူး Captain ဦးသန်းထွန်းက ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာအမျိုးသားလေကြောင်းလိုင်း (ရုံးချုပ်)တွင် သတင်းမီဒီယာများအား တွေ့ဆုံရှင်းလင်းပြောကြားခဲ့သည်။

MNA ၏ ပြည်တွင်းပျံသန်းမှုအစီအစဉ်များနှင့် ဝန်ဆောင်မှုအသစ်များကို ဒီဇင်ဘာ ၁၅ ရက်တွင် စတင် ပြောင်းလဲမည်ဖြစ်ပြီး ထိုပြောင်းလဲမှု၏ တစ်စိတ်တစ်ဒေသအနေဖြင့် နိုင်ငံတကာအဆင့်မြင့် စံနှုန်းများကို အခြေခံပြီး ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။ ကမ္ဘာ့အဆင့်မီ ကွန်ပျူတာနှင့် စီမံခန့်ခွဲမှုနည်းစနစ်ကို Airlines Integrated Management System အသုံးပြုထားခြင်းကြောင့် ခရီးသွားများအနေဖြင့် သိသိသာသာ သတိထားမိမည့် အချက်သည် လုပ်ငန်းဆောင်တာ ထိရောက်လျင်မြန်ခြင်းဖြစ်သည်။ ယင်းနည်းစနစ်များတွင် လေယာဉ်လက်မှတ်ဝယ်ယူမှု (Online reservation and ticketing sysetm)၊ ထွက်ခွာထိန်းချုပ်မှုလုပ်ငန်းစဉ် (Departure Control System)တို့ ပါဝင်သည်။ ဝက်ဘ်ဆိုက်အသစ်တွင် အွန်လိုင်းမှတစ်ဆင့် လက်မှတ်ဝယ်မှုအတွက် (Electronic Booking Engine)တွင် မိမိခရီးစဉ်အတွက် ထိုင်ခုံရွေးချယ်မှုအထိ ပြုလုပ်နိုင်သည်။ အခြားခေတ်မီဝန်ဆောင်မှုအသစ်အနေဖြင့် ရန်ကုန်တွင် လေဆိပ်သို့ Check-in လုပ်သည့် နည်းပညာအသစ်ကို အသုံးပြုထားသည်။ ရက်သတ္တပတ် အနည်းငယ်တွင် ယခုနည်းပညာအသစ်ကို နေပြည်တော်၊ မန္တလေး၊ ဟဲဟိုး၊ ညောင်ဦး စသည့်နေရာများတွင် အသုံးပြုသွားမည်ဖြစ်သည်။

ခရီးသွားအရေအတွက် များပြားလာသည့်အတွက် MNA သည် တစ်သမတ်တည်း ထားရှိသော ပျံသန်းမှုခရီးစဉ်များ (Fixed Schedule)ကို ထုတ်ပြန်ထားပြီး လေကြောင်းလိုင်း၏ ဝန်ဆောင်မှုပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဘက်စုံဝန်ထမ်းကျွမ်းကျင်မှု သင်တန်းများကို ပို့ချပြီးဖြစ်သည်။ MNA သည် ပြည်တွင်း ၂၆ မြို့သို့ ပျံသန်းလျက်ရှိကာ မြန်မာနိုင်ငံတွင်း လေဆိပ်နေရာအများဆုံးသို့ ပျံသန်းနေသော လေကြောင်းလိုင်းဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် လေယာဉ်အများဆုံးဖြင့် ပျံသန်းနေသော လေကြောင်းလိုင်းလည်းဖြစ်သည်။ MNA ၏ လက်ရှိလေယာဉ် ၁၀ စင်းအား လာမည့်နှစ်မှ Boeing 737-800 NG/Max ၁၀ စင်း၊ ATR 72-600 လေယာဉ် ခြောက်စင်းတို့ဖြင့် ထပ်မံတိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြောင်းလဲမှု၏သင်္ကေတအနေဖြင့် လေကြောင်းလိုင်းသည် နှစ်(၁၅၀) ကျော်သက်တမ်းရှိလေကြောင်းလိုင်းပိုင် ရုံးခန်းအဆောက်အအုံကို ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းသည့်အနေဖြင့် ပြင်ဆင်မွမ်းမံပြီးဖြစ်သည်။ အသစ်ဖွင့်လှစ်ထားသော Travel Center သည် ခရီးသွားများအတွက် လက်မှတ်ဝယ်ယူခြင်း၊ ငွေပေးချေခြင်း၊ ခရီးသွားခြင်းနှင့် ပတ်သက်သော အခြားမေးခွန်းများကို ဖြေကြားပေးခြင်းစသည်ဖြင့် ကူညီပေးလျက်ရှိသည်။

Myanmar National Arlines သည် နိုင်ငံတော်ပိုင် မြန်မာနိုင်ငံလေကြောင်းလိုင်းတစ်ခုဖြစ်ပြီး ၁၉၄၈ ခုနှစ်တွင် Union of Burma Airways အမည်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းပျံသန်းမှု အစီအစဉ်များကို လေဆိပ် ၁၉ ခုသို့ De Haviland Dove လေယာဉ် ခြောက်စင်းဖြင့် စတင်ပျံသန်းခဲ့သည်။ ၁၉၅၀ တွင် ဘန်ကောက်၊ ကာလကတ္တားနှင့် စစ်တကောင်းတို့သို့ စတင်ပျံသန်းခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ပြဋ္ဌာန်းသော Union of Burma Airways Act ဖြင့် လေကြောင်းလိုင်းကို ပြန်လည်ပြင်ဆင်တည်ထောင်ကာ နိုင်ငံတကာပျံသန်းမှု အစီအစဉ်များကို တိုးချဲ့ပျံသန်းခဲ့သည်။ ၁၉၅၃ ခုနှစ်ထိ စင်ကာပူ၊ ခတ္တမန္ဒူ၊ ဘန်ကောက်၊ ကာလကတ္တား၊ ဒါခါ၊ ဟောင်ကောင်နှင့် ဂျာကာတာသို့ ပျံသန်းခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် Myanma Airways ဟု ပြောင်းလဲခေါ်ဆိုခဲ့ပြီး ၂၁ နေရာသို့ ဆက်လက်ပျံသန်းခဲ့သည်။ MNA သည် ယခုအခါတွင် ၂၆ နေရာသို့ ပျံသန်းလျက်ရှိပြီး မြန်မာနိုင်ငံရှိလေကြောင်းလိုင်းများတွင် ပျံသန်းမှုနေရာ အများဆုံးသော လေကြောင်းလိုင်းတစ်ခုဖြစ်သည်။ ပြည်တွင်းပျံသန်းမှုအစီအစဉ်သစ်များနှင့် ဝန်ဆောင်မှုအသစ်များကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စတင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စားသုံးရန်မသင့်သောအမှတ်တံဆိပ်နှင့် အစားအသောက်အမျိုးအစားများ

| စဉ် | အစားအသောက်အမည် | အမှတ်တံဆိပ် | ခွင့်မပြုဆိုးဆေးပါဝင်မှု |
|---|---|---|---|
| ၁။ | ပီကေ | MARSHMALLOW | Rhodamine B |
| ၂။ | သရက်ပြား | တောဂေါ်လီ | Sudan, Orange |
| ၃။ | ဂျယ်လီဘူး(ပန်းရောင်) | အမှတ်တံဆိပ်မပါ | Rhodamine B |
| ၄။ | ဝေဖာ | အမှတ်တံဆိပ်မပါ | Rhodamine B |
| ၅။ | စုပ်ပြား အဝါရောင်သကြားလုံး | ထွန်းသစ်စ | Auramine O |
| ၆။ | ချယ်ရီသီးယို | Android Snack | Rhodamine B |
| ၇။ | အရောင်တင်မှုန့် | ရွှေယုန်မင်း | Rhodamine B |

**အစားအသောက် သုံးခွင့်မပြု ဆိုးဆေးပါဝင်သော နမူနာများ**



တောဂေါ်လီ အမှတ်တံဆိပ် သရက်ပြား။



အမှတ်တံဆိပ်မပါ ဝေဖာ။



ထွန်းသစ်စ အမှတ်တံဆိပ် စုပ်ပြားအဝါရောင်သကြားလုံး။

## လူထုစုပေါင်းလမ်းလျှောက်ပွဲ ချောင်းဦးမြို့၌ ကျင်းပ

**ချောင်းဦး ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဒီဇင်ဘာအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၅ နာရီက ကျင်းပရာ ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့ စုရပ်မှ စတင်လမ်းလျှောက်ကြောင်း သိရသည်။

**အိအိစိုး(ချောင်းဦး)**

## အသိပညာပေး ဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် လွဲမှားသော အယူအဆများ အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီတွင် ရွှေပြည်သာမြို့နယ် အထက(၁) ရွှေပြည်ရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စိုးမိုးနှင့် ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများတက်ရောက်ကြပြီး စာရေးဆရာ မြတ်ဝေတိုးက လွဲမှားသော အယူအဆများအကြောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ရွှေပြည်သာ)**



# ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူများ GAP အသိအမှတ်ပြုလက်မှတ်ရှိမှသာ ပြည်ပသို့တင်ပို့နိုင်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

၂၀၁၅ ခုနှစ်မှစတင်ပြီး စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း (Good Agricultural Practives-GAP) အသိအမှတ်ပြုလက်မှတ်ရရှိမှသာ ကုမ္ပဏီများနှင့် တောင်သူများအနေဖြင့် ၎င်းတို့စိုက်ပျိုးထုတ်လုပ်သည့် သီးနှံထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ရခြင်းမှာ စိုက်ပျိုးထုတ်လုပ်သူကုမ္ပဏီများနှင့် တောင်သူများအနေဖြင့် ၎င်းတို့ ထုတ်လုပ်သည့် သီးနှံထုတ်ကုန်များအပေါ် ယခုထက်ပိုမိုဈေးကောင်းရရှိရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ GAP အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၁ ရက်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ် အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက အာဆီယံနိုင်ငံများအချင်းချင်း လွတ်လပ်သောကုန်သွယ်ရေးစနစ်ကို ၂၀၁၅ ခုနှစ်တွင် ဖော်ဆောင်ကြမည်ဖြစ်ရာ နိုင်ငံတကာနှင့်လွတ်လပ်စွာကုန်သွယ်မှုပြုနိုင်ရေးအတွက် စားသုံးသီးနှံများကို GAP အသိအမှတ်ပြုထောက်ခံချက်ရရှိရန် လိုအပ်တော့မည် ဖြစ်ကြောင်း၊ GAP ကို အဓိပ္ပာယ်ဖွင့်ဆိုရလျှင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်စဉ်၊ ရိတ်သိမ်းစဉ်၊ ကိုင်တွယ်ထုပ်ပိုးစဉ် ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများတွင် ဘေးအန္တရာယ်ဖြစ်စေနိုင်သောအရာများကင်းရှင်းရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရေး၊ သီးနှံများအရည်အသွေးကောင်းမွန်စေရေးနှင့် ယင်းလုပ်ငန်းများကို ဆောင်ရွက်နေသော လုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ဆောင်ရွက်သင့်သော အလေ့အကျင့်ကောင်းများပင်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

GAP လုပ်ငန်းများကို ဗဟို GAP အကောင်အထည်ဖော်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ GAP အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့၊ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၊ ပညာပေးရေးအဖွဲ့၊ ဓာတ်ခွဲစစ်ဆေးရေးအဖွဲ့တို့ဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်။

သီးနှံ စိုက်ပျိုးထုတ်လုပ်သည့် ကုမ္ပဏီများနှင့် တောင်သူများအနေဖြင့် GAP လက်မှတ်လျှောက်ထားမည်ဆိုပါက စိုက်ပျိုးမည့်မြေနေရာ၏ မြေနမူနာ၊ ရေနမူနာများကို စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်သည်။ ထို့ပြင် မြေ ရာဇဝင်နှင့် သုံးစွဲသည့်ရေသည် GAP ဆောင်ရွက်ရန် သင့်တော်မှသာ လျှောက်လွှာကို အတည်ပြု၍ ဆက်လက် ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သည်။ GAP ဆောင်ရွက်ခွင့်ရသူများအနေဖြင့်လည်း GAP နှင့် ပတ်သက်သည့်လုပ်ငန်းစဉ်များ၊ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲနည်းသင်တန်းတို့ကိုလည်း တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ကုမ္ပဏီများအနေဖြင့် GAP လုပ်ငန်းစဉ်အတိုင်း သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်ပြီး သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ထားမှုရှိ၊ မရှိကိုလည်း တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

စစ်ဆေးဆောင်ရွက်သူများအနေဖြင့် သီးနှံထုတ်လုပ်သူများ၏ Packing House ၌ ပြည်ပသို့တင်ပို့မည့် သီးနှံထုပ်ပိုးမှုအဆင့်ဆင့်ကို စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ခြင်း ရှိ၊ မရှိကိုလည်း စစ်ဆေးမှုပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**



# လေ့လာကြည့်ရှုသူများပြားလာသည့် အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ခေတ်နှင့်အညီဆန်းသစ်သော နည်းပညာများနှင့်အတူ လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားလာခဲ့ပြီး အိမ်ရာအဆောက်အအုံများ၏ ခေတ်မီထည်ဝါသော ဒီဇိုင်းများကို တွေ့မြင်ရမည့် ဒုတိယအကြိမ်မြောက် အိမ်ရာအဆောက်အအုံနှင့်နေထိုင်မှုပြပွဲ ၂၀၁၄ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ အောင်မြင်ပြည့်စုံ ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသူရအောင်နှင့် Dagon Exhibitions Limited မှ ဒါရိုက်တာ ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခင်းကျင်းပြသထားသည့် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။**(အပေါ်ပုံ)**

အဆိုပါပြပွဲတွင် အိမ်ရာအဆောက်အအုံအရောင်းပြခန်းနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ အီလက်ထရွန်နစ်နှင့်လျှပ်စစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အလှကုန်နှင့်လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့်ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ သန့်ရှင်းရေးနှင့် မီးဖိုချောင်သုံးအထွေထွေပစ္စည်းများ၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ အသေးစားစက်ပစ္စည်းနှင့်တပ်ဆင်ပစ္စည်းများ၊ ကြမ်းခင်းပစ္စည်းများ၊ ခေတ်မီပရိဘောဂပစ္စည်းများကို ပြခန်းပေါင်း ၁၂၀ နှင့် ကုမ္ပဏီပေါင်း ၇၀ တို့က ပါဝင်ပြသမည်ဖြစ်ပြီး ပြပွဲကို ဒီဇင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၁၆ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# တိုက်လေးလွှာမှပြတင်းပေါက်မှန်ပြုတ်ကျ၍ လူငယ်တစ်ဦးဒဏ်ရာရ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ဗိုလ်ချုပ်လမ်းနှင့် (၃၉) လမ်းထောင့်ရှိ တိုက်အမှတ် (၂၅၉-၂၆၃) သမဝါယမပို့ကုန်/သွင်းကုန်လုပ်ငန်း တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဆိုင်းဘုတ်တင်ရှိထားသည့် ခြောက်ထပ်တိုက်ကြီး၏ လေးလွှာမှ ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီခွဲခန့်က ပြတင်းပေါက်မှန်တစ်ချပ်ပြုတ်ကျရာ ပလက်ဖောင်းပေါ်တွင် သွားနေသူများထဲမှ လူငယ်တစ်ဦး၏ ဦးခေါင်းပေါ်သို့ ကျရောက်သဖြင့် ထိုလူငယ်မှာ ဦးခေါင်းပေါက်ပြဲသွားခဲ့သည်။ လူငယ်တစ်ဦးက တိုက်ပေါ်သို့ တက်ရောက်ခေါ်ရာ တာဝန်ရှိသူဟု ယူဆရသူအမျိုးသားနှစ်ဦးပါလာပြီး ခေါင်းဒဏ်ရာရသူ လူငယ်ကိုခေါ်၍ တက္ကစီဖြင့် ဆေးရုံသို့တင်ပို့ခဲ့ကြောင်း သိရသည်။

**(ဦးမြချစ်)**



# စည်ပင်သာယာရွှေးကောက်ပွဲ ကျင်းပမည့်နေ့ရက်တွင် သတင်းရယူလိုသောမီဒီယာများ အမည်စာရင်းပေးသွင်းနိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၇ ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်၌ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်ပြီး ရပ်ကွက်အလိုက်တည်ရှိသည့် မဲရုံအသီးသီးကို နံနက် ၆ နာရီမှ စတင်ဖွင့်လှစ်၍ မဲဆန္ဒရှင်များက ဆန္ဒမဲပေးခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။


မဲရုံပိတ်သိမ်းပြီးပါက ဆန္ဒမဲရေတွက်ခြင်းလုပ်ငန်းကိုလည်း သက်ဆိုင်ရာမဲရုံအသီးသီး၌ ပြုလုပ်ရေတွက်မည်ဖြစ်သဖြင့် သတင်းရယူလိုသော မီဒီယာများအား တစ်ဖွဲ့လျှင် နှစ်ဦးစီကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများဖြင့် သတင်းရယူခွင့်၊ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခွင့်များ ခွင့်ပြုပေးမည်ဖြစ်သည်။


သို့ဖြစ်ပါ၍ သတင်းရယူလိုသော ပုဂ္ဂိုလ်များသည် တစ်လက်မပတ်လည်ဓာတ်ပုံတစ်ပုံစီနှင့်အတူ ရန်ကုန်မြို့တော် ကော်မရှင်ရုံးသို့ ဒီဇင်ဘာ ၁၈ ရက် နောက်ဆုံးထား၍ အမည်၊ မှတ်ပုံတင်အမှတ်၊ ရာထူး/တာဝန်နှင့် မီဒီယာအမည်တို့ကို ဖော်ပြပြီး တင်ပြတောင်းခံနိုင်ကြောင်း သိရသည်။

**(စောသိန်းဝင်း)**

ဥတုရာသီ တောကိုမှီ၏






မြို့ရွာတစ်ခွင်
သာစေချင်
မီးတွင်မပေါ့နှင့်

# မဂ်လာဆင်ကို အခြေခံ၍ ရေးဆွဲ၊ ထုလုပ်ကြသော လက်ရာမြောက်ပန်းပု၊ ပန်းချီများ လူကြိုက်များပြီး ရောင်းပန်းဝင်လျက်ရှိ

**မုံရွာ ဒီဇင်ဘာ ၁၃**

မြန်မာ့ရိုးရာပန်းပုပညာနယ်ပယ်နှင့် မြန်မာ့ပန်းချီပညာတို့တွင် ရှေးယခင်ကတည်းက ယခုအချိန်အထိ ရေးဆွဲထုလုပ်ကြရာတွင် မင်္ဂလာဆင်ကို အခြေခံ၍ ရေးဆွဲထုလုပ်ကြသော လက်ရာမြောက်ပန်းပု၊ ပန်းချီများသည် လူကြိုက်များပြီး ရောင်းပန်းဝင်လျက်ရှိသလို ပန်းပုပညာဖြင့် အဆောင်ရုပ်တုများအဖြစ် နေ့နံသားကိုက်ဆင်ရုပ်ငယ်များထုလုပ်ပေးရမှုမှာ စဉ်ဆက်မပြတ်ပင်ရှိကြောင်း မုံရွာမြို့နယ်ရှိ မြန်မာ့ရိုးရာပန်းပုပညာရှင်တစ်ဦးထံမှ သိရသည်။

"အဆောင်ရုပ်တုတွေဆောင်ဖို့ဆိုပြီး အင်္ဂါသားကဆတ်သွားအသား၊ စကားဝါသားတွေကို ဆင်ရုပ်ထုဆောင်တာတွေရှိတော့ ထုရပါတယ်။ ဆင်ခံဘုရားတွေကိုလည်း ထုလုပ်ပေးရပါတယ်။ ဆင်ခံရုပ်ပွားတော်တွေ ထုလုပ်ကိုးကွယ်တဲ့ခေတ်ဟာ ပုဂံပြည်မဏိစည်သူမင်းကြီးလက်ထက်က စတင်တယ်လို့ခန့်မှန်းရတယ်လို့ သမိုင်းကဆိုထားပါတယ်"ဟု အဆိုပါ ပန်းပုပညာရှင်က ဗဟုသုတဖြစ်ဖွယ် ပြောပြသည်။

"မြန်မာ့ဆင်ရုပ်ပန်းချီရေးနည်းမှာ နည်းစနစ်ရှိပါတယ်။ ရေစွန်အောက်ကျအစနဲ့ စွယ်ဖုံးရှေ့စတို့ အထက်အောက် ဖြောင့်မတ်နေရမှာဖြစ်ပြီး မျက်လုံး၊ မျက်ရစ်နောက်စွန်းနဲ့ စွယ်ဖုံးတစ်ဖက်အထက်စွန်းတို့ တည့်မတ်နေရမှာဖြစ်ပါတယ်။ ဆင်ရဲ့မျက်လုံး၊ မျက်ရစ်၊ မြီးပတ်ကို မျဉ်းဖြောင့်ဆိုက်စေရမယ်စတဲ့ သတ်မှတ်ချက်တွေရှိပါတယ်"ဟု ပန်းချီပညာရှင်တစ်ဦးက ဆင်ရုပ်ရေးနည်းကို ပြောပြသည်။

ကုန်းဘောင်ခေတ်ပန်းချီပညာရှင်များတွင် ရွှာစားဦးတိုး၊ ဆရာရောက်၊ ပန်းချီတော်ဦးကြာညွန့် စသည်တို့သည် ဆင်ရုပ်ရေးဆွဲရာတွင် နာမည်ထင်ရှားကျော်ကြားပြီး ဦးကြာညွန့်၏ဆင်ရုပ်ရေးဆွဲမှုနှင့် ကကြိုးတန်ဆာဆင်ယင်သွားလာလှုပ်ရှားဟန်ရေးဆွဲမှု၊ ဆင်ခင်း၊ မြင်းခင်း သဘင်အကြောင်းရေးဆွဲမှုတို့ကို မြင်ရသူအဖို့ မြန်မာ့ဇာတိမာန်တက်ကြွစေကြောင်း ဆရာမောင်မောင်ချစ်ဦး(မုံရွာ)ရေးသားသော "၂၀၁၂ ခုနှစ် ပခုက္ကူစာပေဆုကျမ်းစာပေ ဒုတိယဆုရ မြန်မာ့ဆင်ဖြူတော်စာအုပ်မှ ဖတ်မှတ်ရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

၂၀၁၄ ခုနှစ် ရန်ကုန်မြောက်ပိုင်းခရိုင် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဒု-တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီလှိုင်က အဖွင့်အမှာစကားပြောကြားပြီး အင်းစိန်မြို့နယ် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးဌာနအဖွဲ့ခေါင်းဆောင် ဒေါက်တာရဲပိုင်က "ခွဲခြား၊ နိမ့်ချကင်းစင်ဝေး ကူးစက်သေဆုံးမရှိရေး ART (အေအာတီ)ဖြင့် ကုသပေး" ဆိုသည့် ဆောင်ပုဒ်အတိုင်း ကမ္ဘာ့ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ကျင်းပခြင်းဖြစ်ကြောင်းနှင့် UNFDA မှ ဒေါက်တာနီနီခိုင်က ART နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများ၊ ဆုရအထက်တန်းနှင့် အလယ်တန်းကျောင်းသားကျောင်းသူများ၊ ဉာဏ်စမ်းဗဟုသုတပြိုင်ပွဲတွင် ဆုရရှိကြသော အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များအား ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှဲ့လှဲ့ဝင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(၆၈၄)**

# ပင်လောင်းနှင့် လောက်ကိုင်မြို့နယ်များတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မူးယစ်တပ်ဖွဲ့စု(၂၁) ကွမ်းလုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက်က လောက်ကိုင် - တာရွှေထန်သွားကားလမ်း နားလီစိုက်ပျိုးရေးခြံရှေ့ လမ်းမပေါ်တွင် လောက်ကိုင်မှ ကျန်လောက်ကျုံး၏ မော်တော်ဆိုင်ကယ်တက္ကစီကို ငှားရမ်းစီးနင်းလာသူခရီးသည် အိုက်မောင်အားရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ဘောင်းဘီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် အိုက်စ် (ICE) ကိုးဂရမ် သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ လောက်ကိုင်မြို့ ရပ်ကွက်(၂)နေ မူးယစ်ဆေးဝါးများ ရောင်းချပေးသူ လီလောက်စိန်း၏ နေအိမ်ကို ရှာဖွေရာ ၎င်းအားတွေ့ရှိရပြီး နေအိမ်ဝဲဘက် အိပ်ခန်းခုတင်အောက်နှင့် ဝဲဘက်ရှေ့ခန်းမှ ပလတ်စတစ်အိတ်များဖြင့်ထုပ်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၊ အိုက်စ် (ICE) ၃၆ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၇၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြားပြုလုပ်ရာတွင် အသုံးပြုသည့် WY စာတန်းပါ ဆေးပြားရိုက်သံမှိုတစ်စုံတို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် အိုက်မောင် (၅၄)နှစ်နှင့် လီလောက်စိန်း (၃၅)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၉ ရက်က ပင်လောင်းမြို့နယ် ပင်လောင်းကြီးကျေးရွာအုပ်စု လွယ်ပြားကျေးရွာ ပင်လောင်း - အောင်ပန်းသွားကားလမ်း ဘီးခွန်ကောက်ခံရေးစခန်းတွင် အောင်ပန်းမှ ပင်လောင်းဘက်သို့ တကော်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ၎င်းဝတ်ဆင်ထားသော အနွေးထည်ယာဘက်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၆ ပြား သိမ်းဆည်းရမိသဖြင့် တကော်(ခ)စိန်ကွပ် (၃၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**



အိုက်မောင်နှင့် လီလောက်စိန်းတို့နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**အောင်လံ ဒီဇင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး အောင်လံမြို့တွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး အသိပညာပေး ဆောင်ရွက်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၅ ရက်က အောင်လံမြို့ မြို့မဈေးကြီးရှေ့၌ ပြုလုပ်ရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကိုနှင့် စည်ပင်ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မထသအဖွဲ့များ ပူးပေါင်းကာ ဆိုက်ကား၊ မြင်းလှည်း၊ သုံးဘီးယာဉ်များ သတ်မှတ်နေရာတွင် စနစ်တကျရပ်နားရေး၊ ဆိုင်ကယ်ဦးထုပ်ဆောင်းရန်နှင့် ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ရေးတို့ကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရေး အသိပညာပေး ဟောပြောစစ်ဆေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**







## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄-ဂျီ)၊ မြေကွက်အမှတ်-၅၁E/၂-ဥ၊ မြေကွက်တည်နေရာအမှတ်-၅၁E/၂-ဥ၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၊ ဦးယုံစိန်[၉/မရမ(နိုင်)၀၉၀၇၅၇]၊ ဒေါ်မြင့်မြင့်စိန်[၄/မတန(နိုင်)၀၀၃၈၆၄]၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးယုံစိန်[၉/မရမ(နိုင်)၀၉၀၇၅၇] ကွယ်လွန်သဖြင့် ဒေါ်ဂျာဂျာ[၄/မတန(နိုင်)၀၁၆၆၉၇]က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ကျန်ပူးတွဲ အမည်ပေါက်ပိုင်ရှင် တစ်ဦးဖြစ်သူ ဒေါ်မြင့်မြင့်စိန်[၄/မတန(နိုင်)၀၀၃၈၆၄]နှင့် အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**သွေးသည်အသက်**





# စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၃

**၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၁ ရက်နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M-3 Restaurant ၌ ကျင်းပသည်။**

"အမျိုးသားအားကစားပွဲတော်ကို ရည်ရွယ်ချက်အနေဖြင့် အားကစားနှင့်ပတ်သက်၍ မိဘပြည်သူအားလုံး စိတ်ဝင်စားစွာအားပေးကြရန် လှုံ့ဆော်သည့် ရည်ရွယ်ချက်ဖြစ်ကြောင်း၊ နောက်တစ်ချက်မှာလည်း လာမည့်(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် တိမ်မြုပ်နေသည့် ရွက်ပုန်းသီးအားကစားသမားများပေါ်ထွက်လာပြီး ရေတိုအတွင်း လေ့ကျင့်ယှဉ်ပြိုင်နိုင်၍ အောင်မြင်မှုကိုရရှိရန်ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ပြည်သူတစ်ရပ်လုံး အားကစား၌ပါဝင်လှုပ်ရှားရန်၊ ထူးချွန်သည့် အားကစားသမားကောင်းများ ထွက်ပေါ်လာရန် ရည်ရွယ်ချက်ဖြင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း၊ ဤကဲ့သို့ဆောင်ရွက်ရာတွင် ရေတိုရေရှည်လုပ်ငန်းများနှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှမှ အာရှ၊ အာရှမှ ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများအထိ အောင်မြင်စွာယှဉ်ပြိုင်ကစားနိုင်ရေး၊ မြန်မာ့အားကစားမှသည် ကမ္ဘာ့အားကစားအဆင့် တက်လှမ်းနိုင်ရေးကို ရည်မှန်းချက်ထားရှိကာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဤပြိုင်ပွဲကြီးကို အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ပြည်သူများ ပါဝင်အားပေးနိုင်ရန် မီဒီယာများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း"ဖြင့် စာနယ်ဇင်းရှင်းလင်းပွဲတွင် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ အထွေထွေအတွင်းရေးမှူး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မီဒီယာများ၏ မေးမြန်းချက်များကို ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ်နှင့် ၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ်ကို ပြန်လည်ကျင်းပမည်ဖြစ်သည်။ အမျိုးသားအဆင့် အားကစားပြိုင်ပွဲဖြစ်သည့်အတွက် ပြိုင်ပွဲတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုမှ လက်ရွေးစင်အဆင့်၊ နိုင်ငံတကာအဆင့် အားကစားသမားများအပါအဝင် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်ရန် ခွင့်ပြုထားပြီး အားကစားနည်း ၂၇ မျိုး၊ မသန်စွမ်းအားကစားနည်း ခုနစ်မျိုးတို့ဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၂၄ ရက်အထိကျင်းပသွားမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမားများအတွက် အစစအရာရာ အဆင်ပြေချောမွေ့စေရေး အားကစားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ရီရီမြင့်)**

# ရိုးရာလက်ဝှေ့ အားကစားနည်းစနစ် စနစ်တကျတိုးတက်လာစေရေး စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မြန်မာ့ရိုးရာ အားကစားနည်းဖြစ်သည့် မြန်မာ့ရိုးရာလက်ဝှေ့ နည်းပညာ၊ နည်းစနစ်နှင့်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် ရိုးရာလက်ဝှေ့ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က တာဝန်ရှိသူတွေနဲ့လည်း တွေ့ဆုံပြီးဖြစ်လို့ ရိုးရာလက်ဝှေ့ အားကစားနည်းနဲ့ ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ထုတ်ပြန်သွားမှာဖြစ်ပါတယ်။ ဒီလိုမှမလုပ်ရင် ကြာရှည်မှာ ခပ်မိုက်မိုက်လူတွေ၊ အထိုးအသတ်ခံနိုင်တဲ့လူတွေ ထိုးသတ်တဲ့ပွဲလို့ ထင်မှတ်သွားနိုင်စရာရှိပါတယ်။ အများအားဖြင့် ရိုးရာလက်ဝှေ့ပွဲတွေမှာ ကြံ့ခိုင်မှုနဲ့ မာကျောမှုပေါ်မူတည်ပြီးပြိုင်ပွဲတွေကျင်းပနေသလိုဖြစ်ပေါ်နေတယ်။ အဓိကကတော့ စည်းကမ်းရှိစေချင်တယ်။ စည်းမျဉ်းစည်းကမ်းတွေကရှိပြီးသားပါ။ ဒါပေမယ့် အခုအခါမှာ လက်ဝှေ့အားကစားနည်းပညာ ဖွံ့ဖြိုးတိုးတက်စေဖို့ ကြပ်မတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ပြောကြားသည်။

ယခု ချမှတ်မည့်စည်းမျဉ်းစည်းကမ်းမူကြမ်းတွင် လက်ဝှေ့ပွဲစဉ်များ ထည့်သွင်းစီစဉ်သူ ကန်ထရိုက်တာများကို စိစစ်သွားမည်ဖြစ်ပြီး ယခင်ချမှတ်ထားသည့် နည်းစနစ်နှင့်နည်းပညာကောင်းများ ပျောက်ကွယ်မသွားစေရေးနှင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာမှုရှိစေရေး မူကြမ်းများ ရေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နည်းစနစ်ပိုင်းဆိုင်ရာ ကျွမ်းကျင် ပိုင်နိုင်စေရေးအတွက် နည်းစနစ်စာအုပ်များ ထုတ်ဝေပြဋ္ဌာန်းပြီး နည်းပြများနှင့်စနစ်တကျ လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောင်ကျော်ဦး)**

# မန်စီးတီး၌ လမ်းပတ်ဆက်ရှိရန် ပယ်လီဂရီနီ ဆန္ဒရှိနေ



အငှားစာချုပ်ဖြင့် လာရောက်ကစားလျက်ရှိသည့် ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်အား မန်စီးတီးအသင်းတွင်ဆက်ရှိရန် နည်းပြ ပယ်လီဂရီနီက ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အသက်(၃၆)နှစ်အရွယ်ရှိကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်သည် ချယ်လ်ဆီးအသင်းမှ နယူးယောက်စီးတီးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် နယူးယောက်စီးတီးအသင်းမှ မန်စီးတီးအသင်းသို့ အငှားစာချုပ်ဖြင့် ပြန်လည်ရောက်ရှိလာခဲ့သူဖြစ်သည်။ သို့ရာတွင် လမ်းပတ်၏ လက်ရှိမန်စီးတီးအသင်းနှင့် အငှားစာချုပ်သည် ယခုဒီဇင်ဘာလကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။

ထို့ကြောင့် မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီက"လမ်းပတ်ဟာ မန်စီးတီးအသင်းအတွက် အလွန်အရေးပါတဲ့ကစားသမားတစ်ဦးလို့ ထင်ပါတယ်။ မန်စီးတီးမှာ လမ်းပတ်ဆက်ကစားဖို့ ကျွန်တော့်အနေနဲ့ ဆန္ဒရှိနေသလို လမ်းပတ်အနေနဲ့လည်း မန်စီးတီးမှာ ဆက်ကစားလို့ ဘာပြဿနာမှ ဖြစ်လာမှာ မဟုတ်ဘူးလို့လည်း ကျွန်တော်မျှော်လင့်ထားပါတယ်။ မကြာခင် အဲဒါနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ချလိမ့်မယ်လို့လည်း ယုံကြည်ထားပါတယ်" ဟု ပြောကြားခဲ့သည်။

မန်စီးတီးအသင်းမှ အိုင်ဗရီကို့စ်ကြယ်ပွင့် ယာယာတိုရေးသည် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ ကစားရမည် ဖြစ်သောကြောင့် ဇန်နဝါရီလအစောပိုင်း ပွဲစဉ်များတွင် မန်စီးတီးအသင်းနှင့်အတူ ပွဲထွက်စားနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် မန်စီးတီးကွင်းလယ်အတွက် လမ်းပတ်အား ယခုနှစ် ဘောလုံးရာသီကုန်အထိ ဆက်ရှိနေရန် နည်းပြ ပယ်လီဂရီနီက မျှော်လင့်ထားခြင်းဖြစ်သည်။

**(ငွေကြယ်)**

*ပရီမီယာလိဂ်ပွဲစဉ် (၁၆) ကို ဒီဇင်ဘာ ၁၃၊ ၁၄၊ ၁၆ ရက်တွေမှာ ယှဉ်ပြိုင်သွားဖို့ရှိပြီး အာဆင်နယ်၊ ချယ်လ်ဆီး၊ စပါး၊ လီဗာပူးတို့ နိုင်ပွဲပြန်လည်ရယူသွားနိုင်မလားဆိုတာ စောင့်ကြည့်ချင်စရာကောင်းနေပါတယ်. . . .*

# ပရီမီယာလိဂ် ရင်ခုန်သံ (၁၆)

*ရှိုင်း မင်း မင်း*

**မန်ယူ - လီဗာပူး 14-12-14 (8:00 PM)**

လက်ရှိမန်ယူရဲ့ခံစစ်ပိုင်းအားနည်းတယ်ဆိုပေမယ့် လီဗာပူးတိုက်စစ်ကလည်း ဂိုးသွင်းခြေမငြိမ်ဘူး။ မန်ယူက တိုက်စစ်ကစားပုံ မဆိုးတဲ့အပြင် အိမ်ကွင်းခြေစွမ်းပိုင်းလည်း ကောင်းမွန်တာကြောင့် မန်ယူအမှတ်ပြည့်ရယူသွားမှာပါ။

**ဆွမ်ဆီး - စပါး 14-12-14 (10:30 PM)**

နှစ်သင်းစလုံး ပွဲစဉ် (၁၅) မှာ နိုင်ပွဲမရခဲ့တာကြောင့် အားစိုက် လာမှာပါ။ စပါးက အခုနောက်ပိုင်းတိုက်စစ်ကအားနည်းမှုတွေ ရှိနေပါတယ်။ ဒါပေမယ့် ဆွမ်ဆီးကလည်း ခြေစွမ်းပိုင်းမတည်ငြိမ်ပါဘူး။ ဆွမ်ဆီးကွင်းဖြစ်ပေမယ့် ဒီပွဲမှာတော့ စပါးတို့ အနိုမ့်ဆုံးသရေကစားနိုင်မှာပါ။

**အဲဗာတန် - ကျူပီအာ 16-12-14 (2:30 AM)**

မန်စီးတီးကို ရှုံးခဲ့ရပြီး သုံးပွဲဆက် အနိုင်ပျောက်ခဲ့တဲ့ အဲဗာတန်ဟာ ဒီပွဲမှာ အမှတ်ရဖို့ ရုန်းကန်လာပါလိမ့်မယ်။ ကျူပီအာက လက်ရှိကစားပုံကောင်းမွန်နေပေမယ့် အဝေးကွင်းမှာတော့ ရုန်းကန်ရတတ်သလို တိုက်စစ်ကလည်း အားပျော့တတ်တာကြောင့် ဒီပွဲမှာတော့ အဲဗာတန်နိုင်ပွဲပြန်လည်ရသွားမှာပါ။

# တိုက်စစ်ကစားသမားများကို ခေါ်ယူရန် လီဗာပူးပြင်ဆင်


လီဗာပူးအသင်းသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း အသင်းကို အရည်အသွေးမြင့် ကစားသမားများခေါ်ယူအားဖြည့်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ လီဗာပူးအသင်းမှာ လာမည့် ဇန်နဝါရီကာလအတွင်း အသင်း၏တိုက်စစ်ကိုမဖြစ်မနေအားဖြည့်ရန် ပြင်ဆင်နေပြီး ဝက်စ်ဟမ်းတိုက်စစ်မှူး ဆာခို၊ ပေါ်တိုတိုက်စစ်မှူး ဂျက်ဆန်မာတီနက်ဇ်၊ ဝက်စ်ဘရွန်းတိုက်စစ်မှူး ဘရာဟီနို စသည့် ကစားသမားများကို ခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။

လီဗာပူးနည်းပြ ဘရန်ဒန်ရော်ဂျာမှာ ဇန်နဝါရီကာလအတွင်း အသင်းတွင် ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်နေရသည့် ဘာလော့တယ်လီကို ရောင်းထုတ်ကာ ၎င်းတို့သုံးဦးအနက်မှ တစ်ဦးအားအသင်းသို့အရောက်ခေါ်ယူသွားဖွယ်ရှိကြောင်း ဗြိတိန်သတင်းစာ Daily Mail က ဖော်ပြခဲ့သည်။

ထို့ပြင် လီဗာပူးအသင်း၏ တာဝန်ရှိသူများမှာ ဂျက်ဆန်မာတီနက်ဇ်၏ အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးလျက်ရှိနေပြီး ကစားသမားကိုယ်တိုင်မှာလည်း အသင်းပြောင်းရွှေ့ရန် စိတ်ဝင်စားနေကြောင်း goal.com က ဖော်ပြခဲ့သည်။ သို့သော် ပေါ်တိုအသင်းမှာ ၎င်းအားအလွယ်တကူ လက်လွှတ်ရန် ဆန္ဒမရှိသောကြောင့် ဆာခိုနှင့်ဘရာဟီနိုတို့အား ခေါ်ယူရန်စီစဉ်နေပြီး ၎င်းတို့အတွက်ပေါင်သန်း ၅၀ ခန့်သုံးစွဲရန်အသင့်ရှိနေကြောင်း သိရသည်။

**(ကိုရဲ)**





## ဝိပဿနာပညာမိတ်ဆက်သင်တန်း

တရားရိပ်သာ မဝင်နိုင်သူများအတွက် မိသားစု တာဝန်ထမ်းဆောင်ရင်း၊ စီးပွားလုပ်ကိုင်ရင်း မိမိအိမ်တွင် တရားအားထုတ်နိုင်ရန် ရုပ်၊ နာမ်၊ ကံ ဝဋ်သုံးပါး၊ သတိပဋ္ဌာန် လေးပါး၊ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးနှင့် ဝိပဿနာ အကြောင်းတို့ကို ဆရာဦးမျိုးမြင့်ထွန်းက ဓမ္မဒါန (၁၀) ရက်သင်တန်း သင်ကြားပို့ချပေးမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပါသည်။

| | | |
|---|---|---|
| နေ့ရက် | - | ဒီဇင်ဘာလ ၁၆ ရက်မှ ဒီဇင်ဘာလ ၂၅ ရက် |
| အချိန် | - | ညနေ ၅း၀၀ နာရီမှ ည ၇း၃၀ နာရီ<br>(နာရီဝက်အချိန်ပေးပြီး အာဟာရဒါန ကျွေးပါမည်။) |
| နေရာ | - | ၃၅-လမ်း(အထက်)၊ ဓမ္မရံသီ ဓမ္မာရုံ၊ ကျောက်တံတားမြို့နယ်။ |
| စုံစမ်းရန်ဖုန်း | - | ဆရာဦးမျိုးမြင့်ထွန်း ၀၉-၄၂၀၁၈၅၃၈၆၊<br>(အထောက်အကူပြုအဖွဲ့) ကိုဇော်မိုးလွင် -၀၉-၅၁၅၇၂၄၇၊<br>မအိမွန်-၀၉-၅၀၅၃၇၆၂၊ မသီတာ- ၀၉-၅၀၃၁၃၂၇ |

## အမျိုးသားလွှတ်တော်ရုံးအတွက်
## Laptop Computer များဝယ်ယူရန်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမျိုးသားလွှတ်တော်ရုံးတွင် အသုံးပြုရန် လိုအပ်လျက်ရှိသော Laptop Computer (၃၅၀)လုံးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံများရောင်းချမည့်ရက်/အချိန် | - | ၁၅-၁၂-၂၀၁၄ ရက်မှ ၂၄-၁၂-၂၀၁၄ ရက်ထိ (၉း၃၀) နာရီမှ (၁၆း၀၀) နာရီအထိ |
| တင်ဒါပိတ်မည့်ရက်/အချိန် | - | ၃၁-၁၂-၂၀၁၄ ရက်၊ (၁၆း၀၀) နာရီ |
| တင်ဒါပုံစံများရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ | - | အမျိုးသားလွှတ်တော်ရုံး၊ 1-G ဆောင် နေပြည်တော် |

၂။ တင်ဒါပုံစံ (၁)စုံလျှင် ကျပ် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၅၉၁၂၆၈/၀၆၇-၅၉၁၂၃၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
အမျိုးသားလွှတ်တော်ရုံး၊ နေပြည်တော်

## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့
## ဒီဇယ်ဆီ အိတ်ဖွင့်တင်ဒါအမှတ်(၃) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အဖွဲ့များမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် ဒီဇယ်ဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| (က) | ပစ္စည်းအမျိုးအစား<br>ဒီဇယ်ဆီ<br>စုစုပေါင်း | | အရေအတွက်<br>၁၇၀၀၀၀ ဂါလန်<br>၁၇၀၀၀၀ ဂါလန် |
| (ခ) | တင်ဒါရောင်းချမည့်ရက် | - | ၁၉-၁၂-၂၀၁၄ ရက်မှ ၃၀-၁၂-၂၀၁၄ ရက်ထိ၊ နံနက် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီ (ရုံးချိန်အတွင်း) |
| (ဂ) | တင်ဒါပုံစံရောင်းချမည့်နေရာ | - | အင်ဂျင်နီယာမှူးကြီးရုံး၊ တောင်ကြီးမြို့။ |
| (ဃ) | တင်ဒါလျှောက်လွှာပိတ်ရက် | - | ၃၁-၁၂-၂၀၁၄ ရက်၊ မွန်းတည့် ၁၂ နာရီ |
| (င) | တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန် | - | ၁-၁-၂၀၁၅ ရက်၊ ၁၃း၀၀ နာရီ။ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၀၁၆၊ ၀၈၁-၂၁၂၁၆၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။


နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

## ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၃၃)တွေ့ဆုံပွဲ


| | | |
|---|---|---|
| အချိန် | - | ၁၈-၁၂-၂၀၁၄ ရက်၊ နံနက် ၈ နာရီ |
| ဆုံရပ် | - | ဆန္ဒာဓိပဓိတန်ဆောင်း၊ မယ်လမုဘုရားဝင်းအတွင်း |
| အစီအစဉ် | - | ယခင်နှစ်အတိုင်း |
| ကျောင်းသားအမှတ် | - | ၅၆ |














# ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေကြမ်း

**ယမန့်နေ့မှအဆက်**

၁၆။ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်တို့သည် -

(က) ဦးစီးဌာနမှ ခွင့်ပြုပြီးသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို လက်ခံရရှိပါက ရေယာဉ်အသုံးပြုစဉ်ကာလအတွင်း အဆိုပါ လက်မှတ်၏ မူရင်းခွဲမိတ္တူကို ရေယာဉ်ပေါ်တွင် လူအများ အလွယ်တကူမြင်နိုင်သော နေရာ၌ ထိုလက်မှတ်သက်တမ်း ကုန်ဆုံးသည့် အချိန်အထိ ချိတ်ဆွဲပြသထားရမည်။

(ခ) သက်တမ်းကုန်ဆုံးသော၊ ရုပ်ဆိုင်းထားသော သို့မဟုတ် ဖျက်သိမ်းပြီးသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို ထိုသို့ သက်တမ်းကုန်ဆုံးသည့် နေ့၊ ရုပ်ဆိုင်းသည့်နေ့ သို့မဟုတ် ဖျက်သိမ်းသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

၁၇။ ဦးစီးဌာနသည် -

(က) ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်များ၏ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်း၊ ထိုလက်မှတ်ကို ရုပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များထုတ်ပြန် ဆောင်ရွက်ရမည်။

(ခ) ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးထားသော ရေယာဉ်မှာ သတ်မှတ်ထားသော စံချိန်ညီညွတ်မှုမရှိတော့လျှင် သော်လည်းကောင်း၊ ရေယာဉ်ပိုင်ရှင်ကသတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ထုတ်ပေးထားသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို ကာလသတ်မှတ်၍ ရုပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုနိုင်သည်။

(ဂ) ရေယာဉ်တွင် သတ်မှတ်ထားသော ဝန်တင်မျဉ်းမြုပ်သည်အထိ ခရီးသည်နှင့် ကုန်စည်များတင်ဆောင်သော ရေယာဉ်၏ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို အနည်းဆုံး ၃ လမှ ၆ လ အထိ ရုပ်ဆိုင်းခြင်းပြုနိုင်သည်။

## အခန်း (၃)
## ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်များ၏ ကျွမ်းကျင်မှုလက်မှတ်များ

၁၈။ ဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်းသွား ခရီးသည်တင်ရေယာဉ်နှင့် ကုန်စည်တင် ရေယာဉ်များတွင် တာဝန်ထမ်းဆောင်မည့် ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်အတွက် ကျွမ်းကျင်မှုအဆင့်အတန်း သတ်မှတ်ခြင်း၊ အရည်အချင်းစစ်ဆေးခြင်း၊ ကျွမ်းကျင်မှုလက်မှတ် ထုတ်ပေးခြင်းနှင့် လိုအပ်သော အခကြေးငွေများဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ကျွမ်းကျင်မှုလက်မှတ်များကိုကာလသတ်မှတ်၍ ရုပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်နိုင်သည်။

၁၉။ ဦးစီးဌာနသည် -

(က) ရေယာဉ်အုပ်နှင့်စက်ခန်းအုပ်အား ထုတ်ပေးသော ကျွမ်းကျင်မှုလက်မှတ်ပုံစံများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

(ခ) ကျွမ်းကျင်မှု အဆင့်အတန်းနှင့် အရည်အချင်း ပြည့်မီသော ရေယာဉ်အုပ်နှင့်စက်ခန်းအုပ်အား သက်ဆိုင်ရာ ကျွမ်းကျင်မှု လက်မှတ်များကို သတ်မှတ်ထားသော အရည်အချင်း စစ်ဆေးခပေးသွင်းစေပြီး ထုတ်ပေးနိုင်သည်။

(ဂ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ဃ) အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ထားသော ကျွမ်းကျင်မှုလက်မှတ် သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေ၍ ကျွမ်းကျင်မှု လက်မှတ်သက်တမ်း တိုးမြှင့်ပေးနိုင်သည်။

၂၀။ ကျွမ်းကျင်မှုလက်မှတ် ရရှိသော ရေယာဉ်အုပ်နှင့်စက်ခန်းအုပ်သည်-

(က) မိမိ မောင်းနှင်ခွင့်ရှိသော ရေယာဉ်အား ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေကြောင်းပြမပါဘဲ မောင်းနှင်ခွင့်ရှိသည်။

(ခ) ကျွမ်းကျင်မှုလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ကျွမ်းကျင်မှုလက်မှတ် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် ဤဥပဒေအရ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး ဦးစီးဌာနက ယင်းတို့၏ ကျွမ်းကျင်မှု လက်မှတ်ကို ကာလသတ်မှတ်၍ ရုပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလျှင် ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ကိုဦးစီးဌာနသို့ ရက်ပေါင်း ၃၀ အတွင်း ပြန်လည်အပ်နှံရမည်။

(ဃ) ကျွမ်းကျင်မှုလက်မှတ်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ငန်းလုပ်ကိုင်လိုသည့်အခါ သတ်မှတ်ချက်များနှင့်အညီ ကျွမ်းကျင်မှုလက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၂၁။ မည်သည့် ရေယာဉ်ပိုင်ရှင်မျှ ရေယာဉ်အမျိုးအစားအလိုက် -

(က) ကိုင်ဆောင်ရမည့် ကျွမ်းကျင်မှုလက်မှတ်မရှိသော ရေယာဉ်အုပ် သို့မဟုတ် စက်ခန်းအုပ်ကို ခန့်အပ်ခြင်း မပြုရ။

(ခ) အနည်းဆုံး သတ်မှတ်ထားသည့် ရေယာဉ်ဝန်ထမ်း အရေအတွက်ထက် လျော့၍ ရေယာဉ်ကို အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းသွားလာခြင်း မပြုရ။

၂၂။ မည်သူမျှ ရေယာဉ်အမျိုးအစားအလိုက် ကိုင်ဆောင်ရမည့် ကျွမ်းကျင်မှုလက်မှတ်မရှိဘဲ ရေယာဉ်အုပ် သို့မဟုတ် စက်ခန်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခြင်းမပြုရ။

## အခန်း (၄)
## ရေယာဉ်တည်ဆောက်ခြင်း

၂၃။ ဝန်ကြီးဌာနသည် ရေယာဉ်တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရေယာဉ်တည်ဆောက်သူ၊ ပုံစံထုတ်သူ၊ ကြီးကြပ်သူနှင့် အင်ဂျင်နီယာများအား ကျွမ်းကျင်မှု အဆင့်အတန်းသတ်မှတ်ခြင်း၊ အရည်အချင်းစစ်ဆေးခြင်း၊ သက်ဆိုင်ရာလိုင်စင်များ ထုတ်ပေးခြင်း၊ လိုအပ်သော အခကြေးငွေများ သတ်မှတ်ခြင်းနှင့် သက်ဆိုင်သော ကိစ္စရပ်များအတွက်လည်းကောင်း၊ ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း သတ်မှတ်နိုင်သည်။

၂၄။ (က) ဤဥပဒေနှင့် သက်ဆိုင်သော ရေယာဉ်ကို တည်ဆောက်ခြင်းနှင့် သက်ဆိုင်သည့်လုပ်ငန်း လုပ်ကိုင်လိုသူသည် သက်ဆိုင်ရာလုပ်ငန်း အလိုက်ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လုပ်ငန်းအမျိုးအစားအလိုက် ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ လိုင်စင်ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (ခ) အရ ခွင့်ပြုပါကလိုင်စင်အမျိုးအစား၊ သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ ရေယာဉ်တည်ဆောက်ခြင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်၍ ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ လိုင်စင်ထုတ်ပေးရမည်။

(ဃ) မည်သူမျှ ပုဒ်မခွဲ (ဂ) အရ ထုတ်ပေးသော ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ လိုင်စင်မရှိဘဲ ရေယာဉ်တည်ဆောက်ခြင်းနှင့် သက်ဆိုင်သည့်လုပ်ငန်းများကို လုပ်ကိုင်ခြင်း မပြုရ။

## အခန်း(၅)
## ရေယာဉ်များ၊ ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရာတွင် အန္တရာယ်မဖြစ်ပေါ်စေရန် ကာကွယ်ခြင်းဆိုင်ရာ ကိစ္စရပ်များ

၂၅။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်တွင်းရေကြောင်းတွင် အောက်ဖော်ပြပါအချက်များနှင့် စပ်လျဉ်း၍ သတ်မှတ်နိုင်သည် -

(က) ရေယာဉ်ပေါ်တွင် ပေါက်ကွဲမှုဖြစ်ပေါ်ခြင်း၊ ရေယာဉ်ချင်း တိုက်မိခြင်းနှင့် အခြားမတော်တဆမှုများမှ ကြိုတင်ကာကွယ်ရန် အချက်များ၊

(ခ) ရေထုပတ်ဝန်းကျင်ညစ်ညမ်းမှုများ ကာကွယ်တားဆီးရေးအချက်များနှင့် ရေယာဉ်ပေါ်တွင် ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများကို ကာကွယ်ရန်အတွက် ပစ္စည်းကိရိယာများ ထားရှိရန်အချက်များ၊

(ဂ) ပြည်တွင်း ရေကြောင်းသွား ရေယာဉ်ပေါ်တွင် သယ်ဆောင်နိုင်သည့် အန္တရာယ်ဖြစ်စေသော ပစ္စည်းများနှင့် စပ်လျဉ်းသည့် နည်းလမ်း သတ်မှတ်ချက်များ၊

(ဃ) ပြည်တွင်းရေကြောင်းတွင် ကုန်စည်များတင်ဆောင်ခြင်း၊ ပို့ဆောင်ခြင်းနှင့်စပ်လျဉ်း၍ အန္တရာယ်ဖြစ်စေသော ပစ္စည်းအမျိုးအစား သတ်မှတ်ချက်များနှင့် ပစ္စည်းအမျိုးအစားအလိုက် အန္တရာယ်ဖြစ်စေမှု အတိုင်းအတာကို ခွဲခြားပြီး ကုန်စည်တင်ဆောင်ခြင်းနှင့် ပို့ဆောင်ခြင်းပြုရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊

(င) ပြည်တွင်း ရေကြောင်းသွား ရေယာဉ်ပေါ်တွင် မီးလောင်လျှင် မီးငြိမ်းသတ်နည်းနှင့် မီးသတ်ပစ္စည်းကိရိယာထားရှိခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊

(စ) ရေယာဉ်တွင် ဆောင်ယူရမည့် အသံပေးအချက်ပြခြင်းနှင့် မီးအလင်းရောင်ဖြင့် အချက်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊

(ဆ) ခရီးသည်များအတွက် အသက်အာမခံထားခြင်းနှင့် ကုန်စည်ပျောက်ဆုံးပျက်စီးမှုအတွက် တည်ဆဲဥပဒေနှင့်အညီ အာမခံထားခြင်းဆိုင်ရာ အချက်များ၊

(ဇ) သတ်မှတ်ထားသော ပြည်တွင်းရေကြောင်းတွင်၊ ရေယာဉ်အမြန်နှုန်း သတ်မှတ်ချက်များ၊

(ဈ) ရေယာဉ်မောင်းနှင်ခြင်းနှင့် ရွက်လွှင့်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊

(ည) တွဲဆွဲရေယာဉ်များ တွဲဆွဲခြင်းနှင့်တွန်းသော ရေယာဉ်များ ခုတ်မောင်းခြင်းတို့ ဆောင်ရွက်ရာတွင် လိုက်နာရမည့် သတ်မှတ်ချက်များ၊

(ဋ) ရေယာဉ်ပေါ်တွင် အသင့်တင်ဆောင်ရန် လိုအပ်သည့် အသက်ကယ်ပစ္စည်းကိရိယာများ၏ ပုံစံအမျိုးအစားနှင့် အရေအတွက် သတ်မှတ်ချက်များ၊

(ဌ) ရေယာဉ်ပေါ် တင်ဆောင်နိုင်သော ခရီးသည် အရေအတွက် သတ်မှတ်ခြင်းနှင့် ကန့်သတ်ချက်များ၊

(ဍ) ခရီးသည်များနှင့် ကုန်စည်များ တင်ဆောင်ထားရှိခြင်းမပြုရန် တားမြစ်သည့် ရေယာဉ်၏ အပိုင်းအခြားနေရာများ သတ်မှတ်ခြင်း၊ ရေယာဉ်ပိုင်ရှင်က လိုက်နာဆောင်ရွက်ပေးရမည့် တာဝန် သတ်မှတ်ချက်များ၊

(ဎ) ရေယာဉ် အမျိုးအစားအလိုက် ဝန်တင်မျဉ်းနှင့် ပတ်သက်သော စံနှုန်းသတ်မှတ်ချက်များ၊

(ဏ) ကုန်စည်တင်ဆောင်ခြင်းနှင့် ပတ်သက်သော စံနှုန်း သတ်မှတ်ချက်များ၊

(တ) ရေယာဉ်အမျိုးအစားအလိုက် ခန့်အပ်ရမည့် ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်သည့် ရေယာဉ်အုပ်နှင့်စက်ခန်းအုပ် အရေအတွက်နှင့် တာဝန်ထမ်းဆောင်ရမည့် အနည်းဆုံး ရေယာဉ်ဝန်ထမ်းအရေအတွက် သတ်မှတ်ချက်များ၊

(ထ) ရေယာဉ်များတွင် တပ်ဆင်ရမည့် ဆက်သွယ်ရေးကိရိယာများနှင့် လိုက်နာရမည့် စည်းကမ်းချက်များ၊

(ဒ) ရေယာဉ်ပိုင်ရှင်များက ကျင့်သုံးရမည့် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ် သတ်မှတ်ချက်များ၊

(ဓ) သမားရိုးကျမဟုတ်သော ထူးခြားသည့် တာဝန်၊ လုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များအတွက် လိုက်နာရန် သတ်မှတ်ချက်များ၊ အဆိုပါ ရေယာဉ်များအတွက် စည်းကမ်းချက်များ သတ်မှတ်၍ ထုတ်ပေးရမည့် လုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ် အမျိုးအစားများနှင့် ပုံစံများ၊

(န) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက်လိုအပ်သော အခြားစည်းကမ်းချက်များနှင့် သတ်မှတ်ချက်များ။

၂၆။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၂၅ အရ ထုတ်ပြန်သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်၊ စက်ခန်းအုပ်နှင့်ရေယာဉ်ဝန်ထမ်းများ လိုက်နာရမည့်အသေးစိတ် အချက်အလက်များကို သတ်မှတ်ကြေညာထားရမည်။

(ခ) ပုဒ်မ ၂၅ အရ ထုတ်ပြန်သတ်မှတ်ချက်များကိုလည်းကောင်း၊ ပုဒ်မခွဲ (က) အရ သတ်မှတ်ကြေညာချက်များကိုလည်းကောင်း ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်၊ စက်ခန်းအုပ်နှင့်ရေယာဉ်ဝန်ထမ်းများ လိုက်နာဆောင်ရွက်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ ထိုသို့ စစ်ဆေးရန် စစ်ဆေးရေးအရာရှိများအား တာဝန်ပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း ပြုရမည်။

၂၇။ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်သည် ရေယာဉ်ပေါ်သို့ တင်ဆောင်သော၊ ရောက်ရှိနေသော သို့မဟုတ် တင်ဆောင်မည်ဖြစ်သော မည်သည့် အထုပ်အပိုးနှင့် လက်ဆွဲအိတ်တို့တွင်မဆို အန္တရာယ်ဖြစ်စေသောပစ္စည်းများ ပါဝင်သည်ဟု သံသယရှိလျှင် သို့မဟုတ် ယုံကြည်ရန်အကြောင်းရှိလျှင် -

(က) အန္တရာယ်ဖြစ်စေသော ပစ္စည်းကို ရေယာဉ်ပေါ်သို့ တင်ဆောင်ရန် ငြင်းဆိုနိုင်သည်။

(ခ) ကုန်စည်တွင် မည်သည့်အန္တရာယ်ဖြစ်စေသော ပစ္စည်းပါဝင်သည်ဟု သေချာစေရန် ထိုပစ္စည်းများ၏ သဘောသဘာဝကို ဖွင့်ဖောက်စစ်ဆေးကြည့်ရှုနိုင်သည်။

(ဂ) သယ်ဆောင်ရန် လက်ခံထားသော ထိုအန္တရာယ်ဖြစ်စေသော ပစ္စည်း၏ သဘာဝကို ကျေနပ်လက်ခံသည်အထိ ထိုပစ္စည်း အတင်အချပြုလုပ်ခြင်းကို ရပ်ဆိုင်းထားနိုင်သည်။

၂၈။ မည်သူမျှ -

(က) ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်ကို အသိပေးအကြောင်းကြားခြင်းမရှိဘဲ အန္တရာယ်ဖြစ်စေသော ပစ္စည်းတစ်မျိုးမျိုးကို ရေယာဉ်ပေါ်သို့ တင်ဆောင်ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်း မပြုရ။

(ခ) အန္တရာယ်ဖြစ်စေသောပစ္စည်း ထည့်ထားသည့် အထုပ်အပိုး၏ အပြင်ဘက်တွင် အထုပ်အပိုးအတွင်း ပါဝင်သောပစ္စည်းအကြောင်းကို ထင်ရှားအောင် မှတ်သားဖော်ပြထားခြင်းမရှိဘဲသော်လည်းကောင်း၊ အန္တရာယ်ဖြစ်စေသော ပစ္စည်းအမျိုးအစားအလိုက် အန္တရာယ်ဖြစ်စေမှု အတိုင်းအတာကို ခွဲခြားပြီး ကုန်စည်တင်ဆောင်ခြင်းနှင့် ပို့ဆောင်ခြင်းပြုရာတွင် ဦးစီးဌာနက သတ်မှတ်ထားသော လိုက်နာရမည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍သော်လည်းကောင်း မည်သည့်အန္တရာယ်ဖြစ်စေသော ပစ္စည်းကိုမျှ ထို ရေယာဉ်ပေါ်သို့ တင်ဆောင်ခြင်း သို့မဟုတ် ရေယာဉ်ဖြင့် သယ်ဆောင်ခြင်းမပြုရ။

၂၉။ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်သည် -

(က) ကုန်စည်တင်ဆောင်သူက ပုဒ်မ ၂၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ချိုးဖောက်၍ အန္တရာယ်ဖြစ်စေသော ပစ္စည်းတစ်စုံတစ်ရာကို ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပေါ်သို့ တင်ဆောင်လျှင်သော်လည်းကောင်း၊ အထုပ်အပိုးတွင်ပါဝင်သော ပစ္စည်းသည် ရေယာဉ်နှင့် ခရီးသည်များအား အန္တရာယ်ဖြစ်စေနိုင်လျှင်သော်လည်းကောင်း ထိုထည့်သွင်းသော အထုပ်အပိုးအပါအဝင် အန္တရာယ်ဖြစ်စေသော ပစ္စည်းတစ်စုံတစ်ရာကို စွန့်ပစ်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ စွန့်ပစ်ခြင်းအတွက် ပေးလျော်ရန် တာဝန်မရှိသည့်အပြင် ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်း မခံထိုက်စေရ။

၃၀။ မည်သည့် ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်မျှ -

(က) ခရီးသည်များ အသက်အန္တရာယ် ကာကွယ်ရေးအတွက် ခွင့်ပြုထားသည့် ခရီးသည် အရေအတွက်အတိုင်း အသက်ကယ်ပစ္စည်းများ စီမံထားရှိခြင်းမရှိဘဲ ရေယာဉ်ကို အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းသွားလာခြင်း မပြုရ။

(ခ) ခရီးသည်တင် ရေယာဉ်နှင့် ကုန်စည်တင်ရေယာဉ် အမျိုးအစားအလိုက် ခွင့်ပြုထားသော ခရီးသည်ထက် ကျော်လွန်၍သော်လည်းကောင်း၊ ဝန်တင်မျဉ်း အမှတ်အသား မြုပ်သည်အထိသော်လည်းကောင်း ခရီးသည် သို့မဟုတ် ကုန်စည်များကို တင်ဆောင်ခြင်းမပြုရ။

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

(ဂ) သတ်မှတ်ချက်များနှင့်အညီ ဝန်တင်မျဉ်း အမှတ်အသားပြုလုပ်ရန် ပျက်ကွက်ခြင်း မရှိစေရ။

(ဃ) ဝန်တင်မျဉ်း အမှတ်အသားကို ခွင့်ပြုချက်မရှိဘဲ ပြင်ဆင်ပြောင်းလဲမှတ်သားခြင်း၊ ဝန်တင်မျဉ်းအမှတ်အသားကို ဖုံးကွယ်ခြင်း၊ ပုံသဏ္ဌာန်ပျက်အောင် သို့မဟုတ် မထင်ရှားအောင် ပြုလုပ်ခြင်း မပြုရ။

(င) သူတစ်ဦးဦးက ပြင်ဆင်ပြောင်းလဲ မှတ်သားထားသည့်၊ ဖုံးကွယ်ထားသည့်၊ ပုံသဏ္ဌာန်ဖျက်ထားသည့် သို့မဟုတ် မထင်ရှားအောင် ပြုလုပ်ထားသည့် ဝန်တင်မျဉ်း အမှတ်အသားဖြင့် ရေယာဉ်ကို အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းသွားလာခြင်း မပြုရ။

(စ) ရေယာဉ် အမိုးပေါ်နှင့် ရေယာဉ်ဘေးတွင် ဖြစ်စေ၊ ရေယာဉ်ပေါ်ရှိ တားမြစ်ထားသော အခြားနေရာများတွင်ဖြစ်စေ ကုန်စည်နှင့် ခရီးသည်များ တင်ဆောင်ခြင်း မပြုရ။

၃၁။ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ် တို့သည် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ပြီး ခွင့်ပြုထားသော ခရီးသည်ထက် ကျော်လွန်၍ တင်ဆောင်ပါက ထိုသို့ ကျော်လွန်သည့် ခရီးသည် တစ်ဦးစီလျှင် ဒဏ်ကြေးငွေ အဖြစ် ခရီးသည် လက်မှတ်ခ၏ ၅ ဆ ကို ဦးစီးဌာနသို့ ပေးဆောင်စေရမည်။

၃၂။ မည်သည့် ရေယာဉ်ပိုင်ရှင်မျှခရီးသည်များအတွက် အသက်အာမခံထားခြင်းနှင့် ကုန်စည်ပျောက်ဆုံးပျက်စီးမှုအတွက် တည်ဆဲဥပဒေနှင့်အညီ အာမခံထားခြင်းမရှိဘဲ ရေယာဉ်တွင် ခရီးသည်နှင့် ကုန်စည်များကို သယ်ယူပို့ဆောင်ခြင်း မပြုရ။

## အခန်း (၆)
## ရေထုပတ်ဝန်းကျင် ညစ်ညမ်းမှုများမဖြစ်စေရန် ကာကွယ်တားဆီးခြင်း

၃၃။ ဦးစီးဌာနသည် -

(က) ရေယာဉ်များမှ ရေနံ သို့မဟုတ် ရေနံ ရောထားသော ပစ္စည်းများ၊ ရေထုပတ်ဝန်းကျင်ညစ်ညမ်းစေသည့် အခြားပစ္စည်းများကို စွန့်ပစ်ခြင်းနှင့် စပ်လျဉ်း၍ ရေထုပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအရ သတ်မှတ်ထားသော ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း ပြုရမည်။

(ခ) ရေယာဉ်မှရေထုပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်စေသည့် အန္တရာယ်ဖြစ်စေသော ပစ္စည်းများ၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းများ၊ ရေနံနှင့်ရေနံ ရောထားသော ပစ္စည်းများနှင့် အခြားပစ္စည်းများကို ပြည်တွင်းရေကြောင်း အတွင်းသို့ စွန့်ပစ်ခြင်း ရှိ/မရှိ စစ်ဆေးရန်နှင့်လိုအပ်သလို အရေးယူဆောင်ရွက်ရန်စစ်ဆေးရေးအရာရှိများအား တာဝန်ပေးရမည်။

၃၄။ ရေယာဉ်တွင် ကျရောက်မည့် အန္တရာယ် သို့မဟုတ် တစ်ဦးတစ်ယောက်၏ အသက်အန္တရာယ်မှ လွတ်ကင်းစေရန် အရေးပေါ်ဆောင်ရွက်ရသည့် ကိစ္စမှအပ မည်သူမျှရေထုပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်စေရန် အန္တရာယ်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းကိုဖြစ်စေ၊ ရေနံ သို့မဟုတ် ရေနံရောထားသော ပစ္စည်းကိုဖြစ်စေ၊ အခြားအရာဝတ္ထုကို ဖြစ်စေ ပြည်တွင်းရေကြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရ။

၃၅။ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်တို့သည် မိမိရေယာဉ်မှ ရေယာဉ်ဝန်ထမ်းကဖြစ်စေ၊ ခရီးသည်ကဖြစ်စေ ပြည်တွင်းရေကြောင်း အတွင်းသို့ ရေထုပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်စေရန် အန္တရာယ်ဖြစ်စေသော ပစ္စည်းကို ဖြစ်စေ၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းကိုဖြစ်စေ၊ ရေနံ သို့မဟုတ် ရေနံရောထားသော ပစ္စည်းကိုဖြစ်စေ၊ အခြားအရာဝတ္ထုကိုဖြစ်စေ စွန့်ပစ်သဖြင့် ရေထုပတ်ဝန်းကျင် ညစ်ညမ်းမှု တစ်စုံတစ်ရာကြောင့် ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေခဲ့ပါက ထိုဆုံးရှုံးနစ်နာမှုများအတွက် ဆုံးရှုံးနစ်နာသူအားပေးလျော်ရမည်။

## အခန်း(၇)
## မတော်တဆမှုနှင့် ဖြစ်စဉ်ဖြစ်ရပ်များအား စုံစမ်းစစ်ဆေးခြင်း

၃၆။ ရေယာဉ်အုပ်သည် မိမိရေယာဉ်နှင့်ပတ်သက်သော အောက်ပါ မတော်တဆမှုနှင့် ဖြစ်စဉ်ဖြစ်ရပ်များကိုဦးစီးဌာနသို့လည်းကောင်း၊ အခင်းဖြစ်ပွားရာ နေရာနှင့်အနီးဆုံးရဲစခန်းသို့လည်းကောင်း ၂၄ နာရီအတွင်းဆောလျင်စွာ သတင်းပို့ရမည်-

(က) ရေယာဉ်တိမ်းမှောက်ခြင်း၊ နစ်မြုပ်ခြင်း၊ ရေယာဉ်အား စွန့်ခွာခြင်း သို့မဟုတ် ရေယာဉ်ပျက်စီးခြင်း၊

(ခ) ရေယာဉ်မတော်တဆမှုကြောင့် ရေယာဉ်ပေါ်တွင် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် အသက်ဆုံးရှုံးမှုဖြစ်ပေါ်ခြင်း၊

(ဂ) ရေယာဉ်တိုက်မှုကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခြင်း၊

(ဃ) ရေထုပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်ခြင်း။

၃၇။ ဦးစီးဌာနသည် ရရှိသော သတင်းအချက်အလက်အရ ပေါ်ပေါက်လာသည့် ပုဒ်မ ၃၆ပါ မတော်တဆမှုကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ အမြန်ဆုံးသတင်းပို့ရမည်။

၃၈။ ဝန်ကြီးဌာနသည် ပုဒ်မ၃၆ပါ မတော်တဆမှုနှင့် ဖြစ်စဉ်ဖြစ်ရပ်များ ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုပြုရန် လိုအပ်သည့်အခါ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးချက် အစီရင်ခံစာ တင်ပြရန်တာဝန်ပေးရမည်။

၃၉။ ဦးစီးဌာနသည် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် မတော်တဆမှု ဖြစ်ပွားသော နေရာ အနီးအနားတွင်ဖြစ်စေ၊ စုံစမ်းစစ်ဆေးမှုအတွက် လွယ်ကူအဆင်ပြေမည့်နေရာတွင်ဖြစ်စေ စစ်ဆေးမှုပြုလုပ်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ညှိနှိုင်းပြီး လိုအပ်သောအထောက်အပံ့များ စီစဉ်ပေးရမည်။

၄၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် -

(က) ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ပုဒ်မ ၃၆ ပါ ကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် လိုအပ်သော သက်ဆိုင်ရာ ရေယာဉ်အုပ်၊ စက်ခန်းအုပ်နှင့်ရေယာဉ်ဝန်ထမ်းများကိုလည်းကောင်း၊ နစ်နာဆုံးရှုံးသော ခရီးသည်များနှင့် ကုန်စည်တင်ဆောင်သူတို့ကိုလည်းကောင်း၊ အခြားလိုအပ်သော အသိသက်သေများကိုလည်းကောင်း စုံစမ်းစစ်ဆေးမှုပြုလုပ်နိုင်သည်။

(ခ) စုံစမ်းစစ်ဆေးမှု ပြုလုပ်ရာတွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို စုံစမ်းစစ်ဆေးရန် ဆင့်ခေါ်ခြင်း၊ စစ်ဆေးခြင်း၊ သက်သေခံချက်များနှင့် သက်သေခံ စာရွက်စာတမ်း အထောက်အထားများကို လက်ခံခြင်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် သက်သေခံအက်ဥပဒေတို့ပါ လိုအပ်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သမျှ လိုက်နာကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဂ) စုံစမ်းစစ်ဆေးမှုကို ဆောလျင်စွာပြုလုပ်ပြီး စုံစမ်းစစ်ဆေးမှု အစီရင်ခံစာကို ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနသို့ အစီရင်ခံရမည်။

## အခန်း (၈)
## နိုင်ငံခြားရေယာဉ်များ ပြည်တွင်းရေကြောင်းသို့ ဝင်ရောက်ခွင့်

၄၁။ နိုင်ငံခြားရေယာဉ်၏ ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်သည်-

(က) ပြည်တွင်းရေကြောင်း အတွင်းသို့ ခေတ္တဝင်ရောက်ဖြတ်သန်း၍ သွားလာရန် အကြောင်းရှိပါက ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက် တောင်းခံရမည်။

(ခ) ရေယာဉ်၏ကိုယ်ထည် သို့မဟုတ် စက်ချို့ယွင်းသဖြင့် ပြုပြင်ရန် အတွက်လည်းကောင်း၊ ရေယာဉ်သို့ ကျရောက်မည့် အန္တရာယ်မှ ရှောင်ရှားရန် လိုအပ်ခြင်းကြောင့်လည်းကောင်း မလွှဲမရှောင်သာ ပြည်တွင်းရေကြောင်းအတွင်းသို့ အရေးပေါ် ဝင်ရောက်ရသည့်အခါ ထိုသို့ ဝင်ရောက်ပြီးလျှင်ပြီးခြင်း ဦးစီးဌာနသို့ အကြောင်းကြားပြီး ခွင့်ပြုချက်တောင်းခံရမည်။

၄၂။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၄၁ အရ ခွင့်ပြုချက် တောင်းခံခြင်းကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ဒေသဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ၊ နှစ်နိုင်ငံ သဘောတူညီချက်အရ ဖြစ်စေ၊နိုင်ငံခြားရေယာဉ်က ပြည်တွင်းရေကြောင်း အတွင်းသို့ ဝင်ရောက် ဖြတ်သန်း၍ သွားလာခြင်းနှင့် စပ်လျဉ်း၍ ထိုသဘောတူညီချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၃။ မည်သည့် ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ် မဆို ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၂ နှစ်ထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၅ သိန်းမှ ကျပ် ၂၅ သိန်း အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၄။ မည်သူမဆို ပုဒ်မ ၂၈နှင့် ပုဒ်မ ၃၄တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၂ နှစ်ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၅ သိန်းမှ ကျပ် ၂၅ သိန်း အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၅။ မည်သည့် ရေယာဉ်ပိုင်ရှင် မဆို ပုဒ်မ ၂၁ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်ထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၃ သိန်းမှ ကျပ် ၁၅ သိန်း အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၂၂နှင့် ပုဒ်မ ၂၄ ပုဒ်မခွဲ(ဃ) ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၃ သိန်းမှ ကျပ် ၁၅ သိန်း အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၇။ မည်သည့် ရေယာဉ်ပိုင်ရှင် မဆို ပုဒ်မ ၃၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၃ သိန်းမှ ကျပ် ၁၅ သိန်း အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၈။ မည်သည့် ပြည်ပရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်မဆို ပုဒ်မ ၄၁ပါ တာဝန် တစ်ရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုထောင်ဒဏ် ၁ နှစ်ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၃ သိန်းမှ ကျပ် ၁၅ သိန်း အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၄၉။ မည်သည့် ရေယာဉ်အုပ် မဆို ပုဒ်မ ၃၆ပါ မတော်တဆမှု ဖြစ်စဉ် ဖြစ်ရပ် တစ်ခုခုနှင့်စပ်လျဉ်း၍ ဦးစီးဌာနနှင့် အခင်းဖြစ်ပွားရာနေရာနှင့်အနီးဆုံး ရဲစခန်းသို့ ၂၄ နာရီအတွင်း ဆောလျင်စွာ သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်ထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၃ သိန်းမှ ကျပ် ၁၅ သိန်း အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၅၀။ မည်သည့် ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ် မဆို ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ဂ)၊(ဃ)၊ (င) နှင့် (စ) တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ လ ထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် ၁ သိန်းမှ ကျပ် ၅ သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

၅၁။ မည်သည့် ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်နှင့် ရေယာဉ်ဝန်ထမ်းမဆို ပုဒ်မ ၁၅ ပါ တာဝန် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ လ ထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် ၁ သိန်းမှ ကျပ် ၅ သိန်း အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

၅၂။ မည်သည့် ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်မဆို ပုဒ်မ ၁၆ ပါ တာဝန် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ လ ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၁ သိန်းမှ ကျပ် ၅ သိန်း အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၃။ မည်သည့် ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်မဆိုပုဒ်မ ၂၀၊ပုဒ်မခွဲ (ဂ) ပါ တာဝန်ကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ လ ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၁ သိန်းမှ ကျပ် ၅ သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၃ မှ ၅၃ အထိ ပါရှိသော ပြစ်မှုနှင့် ပြစ်ဒဏ်များမှ အပ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေနှင့် အမိန့်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ လ ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၁ သိန်းမှ ကျပ် ၅ သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၅။ မည်သည့် ခရီးသည် မဆို ရေယာဉ်၏ အမိုးပေါ်တွင် ဖြစ်စေ၊ ရေယာဉ်၏ ဘေးတွင်တွယ်၍ဖြစ်စေ၊ အခြားတားမြစ်ထားသည့် နေရာတစ်ခုခုတွင်ဖြစ်စေ လိုက်ပါစီးနင်းကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ် ၁ သောင်းမှ ကျပ် ၅ သောင်းအထိချမှတ်ရမည်။

## အခန်း(၁၀)
## အထွေထွေ

၅၆။ ဝန်ကြီးဌာနသည် ရေယာဉ်တိုင်းတာစစ်ဆေးမှုအတွက် စစ်ဆေးခ၊ စရိတ်နှင့် အခကြေးငွေများ၊ ကျွမ်းကျင်မှုလက်မှတ် အရည်အချင်း စစ်ဆေးခများနှင့်သက်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့်အခြားလိုအပ်သောအခကြေးငွေများကို သတ်မှတ်ခြင်းနှင့်လိုအပ်ပါက ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၅၇။ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦးကို ဖြစ်စေ၊ တိုင်းတာစစ်ဆေးရေးမှူးကိုဖြစ်စေ၊ စစ်ဆေးရေးအရာရှိကိုဖြစ်စေတရားမကြောင်း အရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၅၈။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်း ခံရသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦး၊ တိုင်းတာစစ်ဆေးရေးမှူးနှင့် စစ်ဆေးရေးအရာရှိတို့သည် တာဝန်ထမ်းဆောင်ချိန်တွင် ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်။

၅၉။ ဝန်ကြီးဌာနသည် အများပြည်သူ အကျိုးငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်ပိုင်ရေယာဉ်၊ အစိုးရဌာန၊ အဖွဲ့အစည်းပိုင်ရေယာဉ် သို့မဟုတ် နိုင်ငံတော်၏ တာဝန်ကို ဆောင်ရွက်လျက်ရှိသော ပြည်တွင်းရေကြောင်းသွား မည်သည့်ရေယာဉ်ကိုမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်များမှ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေလိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၆၀။ ဦးစီးဌာနသည် ဤဥပဒေအရ ရရန်ရှိသော ကြွေးကျန်များကို ဝင်ငွေခွန်မပေြ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍အရကောက်ခံရမည်။

၆၁။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ပြည်တွင်းရေကြောင်းသွား မီးသင်္ဘောများ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံး လုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သမျှဆက်လက်ကျင့်သုံးနိုင်သည်။

၆၂။ ဤဥပဒေအရ တရားစွဲဆို တင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံ ပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၆၃။ ဤဥပဒေပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ အဖွဲ့၏သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၅။ ဤဥပဒေဖြင့် The InlandSteam Vessels Act,1917ကို ရုပ်သိမ်းလိုက်သည်။

---

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**



# ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သမဝါယမ

အမှတ်စဉ်(၁)

## နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်

" အခြေခံအကျဆုံးဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အောင်မြင်ရန်အတွက် သမဝါယမလုပ်ငန်းသည် အဓိကပါဝင်နေသည်ကို မြင်တွေ့လာရကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို သမဝါယမလုပ်ငန်းများဖြင့် မြှင့်တင်ဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးပိုင်းတွင်လည်း သမဝါယမနှင့် ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းများရှိကြောင်း၊ ယနေ့ ပြည်သူများလိုအပ်နေသည်မှာ အရင်းအနှီးဖြစ်ကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍လည်း အလားတူ ဖြစ်ကြောင်း၊ SME မှာ သမဝါယမနှင့် မကင်းကြောင်း၊ ထို့ကြောင့် သမဝါယမ၏ လုပ်ငန်းပိုင်းမှာ အလွန်ကျယ်ပြန့်ကြောင်း၊ သို့ဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို သမဝါယမကဏ္ဍမှ ထိထိရောက်ရောက် အောင်မြင်အောင် ဆောင်ရွက်ရန် ဖြစ်ကြောင်း-"



### What is A Cooperative?

- ❖ A Cooperative is a special type of enterprises.
- ❖ It is also a social enterprise that promotes peace and democracy.
- ❖ It is a social enterprise that balances two main goals:
  - ➢ Satisfying member's needs and
  - ➢ Pursuing profit and sustainability.

### " လူအများ၏ လိုအပ်ချက် (Needs) အရ ပေါ်ပေါက်လာသည့် သမဝါယမ "

(၁၇) ရာစု၊ စက်မှုတော်လှန်ရေး၏ ရိုက်ခတ်မှုကြောင့် ကြုံတွေ့ခဲ့ရသည့် အခြေခံပြည်သူများ၏ စားဝတ်နေရေးအခက်အခဲများကို ကျော်လွှားနိုင်ရန် အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်အားနည်းသူများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအဖြစ် ၁၈၄၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံက စတင်ခဲ့သည့် သမဝါယမလုပ်ငန်းများသည် လူအများ၏လိုအပ်ချက် (Needs) အရ ပေါ်ပေါက်လာခဲ့ပြီး ယနေ့အထိ လူအများ၏လိုအပ်ချက်နှင့် ကိုက်ညီဆဲဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ ကျေးလက်နေပြည်သူများ၊ မြို့ပြနေအခြေခံပြည်သူများ၏ ပကတိအရှိတရား Reality အရ ၎င်းတို့၏ လိုအပ်ချက် (Needs) နှင့် ကိုက်ညီလျက်ရှိသည်။

### ❖ သမဝါယမစနစ်၏ အနှစ်သာရ (၆)ချက်

(၁) ကိုယ့်အားကိုယ်ကိုးခြင်း - Self-help
(၂) ကိုယ်တိုင်တာဝန်ယူဆောင်ရွက်ခြင်း - Self-responsibility
(၃) အများဆန္ဒနှင့်အညီ စီမံခန့်ခွဲခြင်း - Democracy
(၄) တန်းတူညီမျှခြင်း - Equality
(၅) တရားမျှတခြင်း - Equity
(၆) စည်းလုံးညီညွတ်ခြင်း - Solidarity



### ❖ သမဝါယမကျင့်ဝတ် (၄) ချက်

(၁) ရိုးသားခြင်း
(၂) ပွင့်လင်းခြင်း
(၃) လူမှုရေးစိတ်ဓာတ်ရှိခြင်း
(၄) အများအကျိုးကို အလေးထားခြင်း

### ❖ သမဝါယမစနစ်၏ သဘောတရားနှင့် မူဝါဒ

သမဝါယမသည် -

၁။ Voluntary - မိမိတို့ဆန္ဒအလျောက် စုပေါင်းဖွဲ့စည်းနိုင်သည်။ မဖွဲ့မနေရ၊ မပါမနေရမဟုတ်ပါ။
၂။ All inclusive - လူမျိုးဘာသာ၊ အသားအရောင်မရွေး၊ နိုင်ငံရေး၊ ဆင်းရဲချမ်းသာမရွေး အားလုံးပါဝင်နိုင်သည်။
၃။ Democracy - အသင်း၏ လုပ်ငန်းအရပ်ရပ်ကို အသင်းသားများဆန္ဒဖြင့် စီမံခန့်ခွဲဆောင်ရွက်နိုင်သည်။
၄။ Cooperate - အသင်းသားများ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်သည်။
၅။ Autonomous and Independent - ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ လွတ်လပ်ခွင့်ရှိသည်။
၆။ Socioeconomy - စီးပွားရေးသာမက ပညာ၊ ကျန်းမာ၊ လေ့ကျင့်သင်ကြား၊ သတင်းပြန်ကြား စသည့် လူမှုရေးများ ပါဝင်သည်။
၇။ Cooperation and Coordination - သမဝါယမအချင်းချင်းပူးပေါင်းဆောင်ရွက်ရေး။
၈။ Community Development - လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ပါသည်။

**လူမှုဘဝမြှင့်တင်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး**

**အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (ICA)** ကို နိုင်ငံတကာရှိ သမဝါယမအချင်းချင်း ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံနိုင်ရန်နှင့် စီးပွားရေးအားဖြင့် ပူးပေါင်းဆောင်ရွက်မှုမြင့်တက်စေရန် ရည်ရွယ်ချက်များဖြင့် ၁၈၉၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ စတင်ဖွဲ့စည်းခဲ့ပြီး ယနေ့ထိ အဖွဲ့ဝင်နိုင်ငံပေါင်း (၉၆) နိုင်ငံမှ အဖွဲ့အစည်း (၂၇၀) ဖွဲ့၊ အသင်းသား သန်း (၁၀၀၀) ကျော်ဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုသမဝါယမအသင်းလီမိတက်သည် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် [ International Co-operative Alliance (ICA) ] သို့ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ၊ (၇) ရက်နေ့တွင် စတင်ဝင်ရောက်ခဲ့ပါသည်။ ထို့အပြင် အာရှဒေသ ငွေစုငွေချေး အသင်းစုချုပ်များအဖွဲ့ [ Association of Asian Confederation of Credit Unions (ACCU) ] သို့ ၂၀၁၁ ခုနှစ်၊ ဧပြီလ၊ (၂၅) ရက်နေ့တွင် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ငါးလုပ်ငန်း သမဝါယမအဖွဲ့ [ International Co-operative Fisheries Organization ( ICFO ) ] သို့ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ၊ (၂၈) ရက်နေ့တွင်လည်းကောင်း အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ခဲ့ပါသည်။

## ယနေ့ကမ္ဘာတွင် အောင်မြင်နေသော နိုင်ငံတကာမှ သမဝါယမအသင်းများ


❖ အမျိုးအစား - သမဝါယမဘဏ်လုပ်ငန်း
❖ နိုင်ငံ - ဆွစ်ဇာလန်နိုင်ငံ
❖ သုံးစွဲသူပေါင်း - ၃. ၇ သန်း
❖ အသင်းသားပေါင်း - (၁. ၈)သန်း
❖ စီမံခန့်ခွဲမှု - ဥပဒေနှင့်အညီ လွတ်လပ်စွာ စီမံခန့်ခွဲမှုရှိ
❖ လုပ်ငန်းအမျိုးအစား - ငွေကြေးဝန်ဆောင်မှု
❖ ဆောင်ပုဒ် - သုံးစွဲသူများနှင့်နီးကပ်စွာ ဆောင်ရွက်ရန်၊ မျှဝေခံစားရန်၊ ယုံကြည်မှုကို တန်ဖိုးထားရန်၊ အသင်းသားများအပေါ် အကျိုးပြုရန်






❖ အမျိုးအစား - စားသောက်ကုန် သမဝါယမအသင်း
❖ နိုင်ငံ - နယူးဇီလန်
❖ အသင်းသားပေါင်း - ၃၀၀၀၀ ကျော်
❖ စတင်တည်ထောင်သူ - J Heation Barker
❖ စတင်ဖွဲ့စည်းသည့်ရက်စွဲ - 6-7-1992
❖ စတင်တည်ထောင်သည့်နေရာ - Auckland
❖ လုပ်ငန်းများ
▲ စားသောက်ကုန်လုပ်ငန်း
▲ အမှတ်တံဆိပ်များပြုလုပ်ပေးသည့်လုပ်ငန်း
▲ ကျန်းမာရေး အာဟာရဖြည့်စွက်စာလုပ်ငန်း





## ကမ္ဘာပေါ်ရှိသမဝါယမအသင်းများ၏ စွမ်းဆောင်ရည်

❖ ကမ္ဘာ့နိုင်ငံပေါင်း(၁၉၄)နိုင်ငံတွင် သမဝါယမအသင်းဝင် သန်း (၁၀၀၀) ကျော် (ကမ္ဘာ့လူဦးရေ၏ ၇ ပုံ ၁ ပုံ)ရှိ။
❖ အလုပ်အကိုင်ပေါင်းသန်း (၂၅၀) ကျော်ကို သမဝါယမအသင်းများက ဖော်ဆောင်ပေးလျက်ရှိ။
❖ ပုဂ္ဂလိကလုပ်ငန်းကြီးများက ဖော်ဆောင်ပေးမှုများထက် ၂၀% ပိုမိုများပြား။
❖ အမေရိကန်ပြည်ထောင်စု၏ ၄၀% သော နိုင်ငံသားများသည် သမဝါယမအသင်းသားများဖြစ်ပြီး ကမ္ဘာတွင် သမဝါယမအသင်းသား အများဆုံးရှိသောနိုင်ငံဖြစ်။
❖ ကင်ညာနိုင်ငံ GDP ၏ ၄၅% ကိုလည်းကောင်း၊ နယူးဇီလန်နိုင်ငံ GDP ၏ ၂၂% ကိုလည်းကောင်း သမဝါယမအသင်းများက ထုတ်လုပ်ပေးခြင်းဖြစ်။
❖ ဆွစ်ဇာလန်နိုင်ငံ၏ ၉၀% သော ပြည်တွင်းပြည်ပ ကုန်သွယ်မှုကို သမဝါယမအသင်းများက ပြုလုပ်လျက်ရှိ။
❖ ကိုလံဘီယာနိုင်ငံ၏ ၂၄% သော ကျန်းမာရေးဝန်ဆောင်မှုကို သမဝါယမအသင်းများက တာဝန်ယူဆောင်ရွက်လျက်ရှိ။

### National Agricultural Co-operative Federation(NACF)


❖ အမျိုးအစား - စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမ
❖ နိုင်ငံ - တောင်ကိုရီးယား
❖ ပိုင်ဆိုင်မှု - $ 200 billion
❖ တစ်နှစ်ဝင်ငွေ - $ 24.7 billion
❖ အသင်းပေါင်း ၄၀၀၀ ကျော်နှင့် ဆက်စပ်ဆောင်ရွက်
❖ လယ်သမားအသင်းသားပေါင်း ၂. ၄ သန်းကျော်
❖ လုပ်ငန်းများ
➢ လယ်ယာစိုက်ပျိုးရေးကဏ္ဍ
➢ လယ်ယာသီးနှံ၊ ဟင်းသီးဟင်းရွက် သီးနှံရောင်းချခြင်း
➢ မွေးမြူရေးလုပ်ငန်း
➢ အသားရောင်းချခြင်းလုပ်ငန်း
➢ အခြားစားသောက်ကုန်ရောင်းချရေး
➢ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း





### Indian Farmers Fertiliser Cooperative (IFFCO)

❖ အမျိုးအစား - ဓာတ်မြေဩဇာထုတ်လုပ်ရောင်းချရေး သမဝါယမအသင်း
❖ နိုင်ငံ - အိန္ဒိယ
❖ အသင်းဝင်အသင်းပေါင်း - ၃၉၈၂၄ သင်း
❖ စတင်ဖွဲ့စည်းသည့်ရက်စွဲ - 3-11-1967
❖ ၂၀၁၀-၁၁အခွန်ဆောင်ပြီးအမြတ် - $ သန်း (၁၃၀)
❖ လုပ်ငန်းများ
➢ Ammonia-Urea ထုတ်စက်ရုံ-(၃) ရုံ
➢ DAP (Diammonium Phosphate) ထုတ်စက်ရုံ (၂)ရုံ
(အိန္ဒိယနိုင်ငံ (၂၉) ပြည်နယ်တွင် ရောင်းချ-)






သမဝါယမဟာ ဆင်းရဲတဲ့နိုင်ငံတွေမှာသာရှိပြီး တိုင်းပြည်ချမ်းသာတိုးတက်လာရင် သမဝါယမတွေရှိဖို့မလိုဘူးလို့ ယုံကြည်ခဲ့ကြတယ်။ အမှန်တော့ သမဝါယမလုပ်ငန်းများမှုဟာ အချမ်းသာဆုံးနိုင်ငံတွေမှာ ရှင်သန်နေတာတွေ့ရတယ်။

(၈-၇-၂၀၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါက်တာအောင်ထွန်းသက် ဆောင်းပါးမှ ကောက်နုတ်ချက်)

**လူမှုဘဝမြှင့်တင်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး**

# ချင်းပြည်နယ် တီးတိန်မြို့နယ်အတွက် မီးသတ်ယာဉ်၊ ရေသယ်ယာဉ် ပေးအပ်ပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကျင်းပ



**တီးတိန်၊ ဒီဇင်ဘာ ၁၃**

ချင်းပြည်နယ် တီးတိန်မြို့ စကော့လမ်းရပ်ကွက် ကမ်းဟောက်အားကစားကွင်း၌ ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက ချင်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ပေးမှုဖြင့် တီးတိန်မြို့နှင့် တွီးထန်ကျေးရွာအတွက် မီးသတ်ယာဉ်၊ ရေသယ်ယာဉ်ပေးအပ်ပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲ ကျင်းပခဲ့သည်။

အဆိုပါ မီးသတ်ယာဉ်ပေးအပ်ပွဲနှင့် သရုပ်ပြပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးလတ်က အမှာစကားပြောကြားခဲ့သည်။

ချင်းပြည်နယ် တီးတိန်မြို့အတွက် မီးသတ်ယာဉ်တစ်စီး၊ တီးတိန်မြို့နယ် တွီးထန်ကျေးရွာအတွက် မီးသတ်ယာဉ်တစ်စီးနှင့် ရေသယ်ယာဉ်တစ်စီး စုစုပေါင်း မီးသတ်ယာဉ်သုံးစီးနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို မြို့နယ်မီးသတ်ဌာနတာဝန်ခံ ဦးဘိုဘိုဝင်းထံလွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းနောက် မီးဘေးအန္တရာယ်ကင်းရှင်းစေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ယာဉ်များ၏ စွမ်းရည်ပြသမှုနှင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို ဆက်လက်ကျင်းပရာ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့် လက်တွေ့စွမ်းရည်ပြ မီးငြိမ်းသတ်နည်းများကို သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ခိုဟောဆာ**

# (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်မည်

**မလှိုင်၊ ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် နွှာကန်ကျေးရွာတွင် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက အဆိုပါဆေးရုံဝင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ ပန္နက်တင်မင်္ဂလာအခမ်းနားသို့ မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်၊ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်၍ အဆောက်အအုံဆောက်လုပ်မည့် မြေနေရာအသစ်တွင် မင်္ဂလာပန္နက်များ စိုက်ထူပေးခဲ့သည်။

အသစ်ဆောက်လုပ်မည့်ဆေးရုံ၏ အကျယ်မှာ အလျား ပေ ၁၂၀၊ အနံ ၁၁၇ ပေရှိပြီး ဆရာဝန်အိမ်ရာတစ်လုံး၊ သူနာပြုဆရာမများအတွက် သုံးခန်းတွဲတစ်လုံး၊ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်လုံးနှင့် ရေစင်များကိုပါ ထည့်သွင်းတည်ဆောက်ပေးသွားမည် ဖြစ်သည်။ ဆေးရုံသစ်အတွက် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၆၀၀၀ ဖြစ်သော်လည်း လောလောဆယ် ကနဦးချထားငွေဖြင့်သာ တည်ဆောက်လျက်ရှိသည်။

ဆေးရုံအသစ်ဆောက်လုပ်ရန် လိုအပ်နေသော မြေနေရာအတွက် အလျားပေ ၆၀၀၊ အနံပေ ၂၆၅ ရှိ မြေကွက်ကို နွှာကန်ကျေးရွာနေ ဒေါ်တင်ထွေးမိသားစုက လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါဆေးရုံသစ်မှာ နွှာကန်၊ ညောင်အုပ်၊ ပျော်ဘွယ်၊ သက္ကယ်ကျင်းရွာလေးရွာကြား၊ မလှိုင်-နွားထိုးကြီးလမ်းပေါ်တွင် တည်ဆောက်ထားသဖြင့် အချက်အချာကျပြီး နွှာကန်တိုက်နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၄ အုပ်စု၊ ကျေးရွာပေါင်း ၄၇ ရွာမှ ဒေသခံပြည်သူ ခြောက်သောင်းကျော်တို့၏ ကျန်းမာရေးကို အနီးကပ်စောင့်ရှောက်မှုပေးနိုင်မည်ဖြစ်၍ ဒေသခံများ ဝမ်းမြောက်၍ ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**အောင်ငွေး(မလှိုင်)**

# မင်းဘူးမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲအခမ်းအနား ကျင်းပ

**မင်းဘူး၊ ဒီဇင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ အခြေခံပညာကျောင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲအခမ်းအနားအား ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစောဝင်းမောင်၊ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း၊ ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဆလိုင်းလှထွန်း၊ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဖေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သူဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအေးသူ၊ တိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးဌာနမှူး ဦးသန်းညွှန့်၊ တိုင်းဒေသကြီး ရှေးဟောင်းသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောလွင်၊ မကွေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးသက်လွင်၊ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ ခရိုင်ရဲမှူး ဒုရဲမှူးကြီး သက်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းဦး၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၅၀၀ ခန့် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဆိုတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲတွင် အထက်တန်းအဆင့်ကျောင်းသားနှစ်ဦး၊ ကျောင်းသူသုံးဦး၊ အလယ်တန်းအဆင့် ကျောင်းသားတစ်ဦး၊ ကျောင်းသူလေးဦးအားလည်းကောင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသားတစ်ဦး ၊ ကျောင်းသူလေးဦးအားလည်းကောင်း ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဧယျာတု(မကွေး)**

# ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး နည်းပြသင်တန်းဖွင့်လှစ်

**ကျောက်ဆည်၊ ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ရုံးဦးစီးခန်းမတွင် ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီက သားငါးကဏ္ဍ၊ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး၊ အစားအသောက်ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် ကျေးလက်ဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် ရည်ရွယ်ပြီး ခရိုင်/ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းပြီး ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးနည်းပြ (ဆင့်ပွား)သင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းသိုက်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ ဦးသိဏ်းနိုင်၊ ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမောင်နှင့် သင်တန်းနည်းပြဆရာများက မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်း၊ လမ်း၊ တံတား၊ ရေပေးဝေရေး၊ မီးလင်းရေးနှင့် ကျေးလက်အိမ်ရာ၊ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်မွေးမြူရေး၊ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ် တိရစ္ဆာန်မွေးမြူရေး၊ တိရစ္ဆာန်ရောဂါကာကွယ်နည်းများ၊ စားကျက်နှင့် အာဟာရဗေဒ စီးပွားဖြစ်မွေးမြူရေးနည်း အခြေခံဘာသာရပ်နှင့် အခြေခံရေချိုငါးမွေးမြူရေးနှင့် ငါးသားဖောက်နည်းဘာသာရပ်များကို ပို့ချမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ပုသိမ်ကြီးမြို့နယ်နှင့် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ်တို့မှ ဦးစီးဌာန ဝန်ထမ်း ၃၈ ဦးတက်ရောက်ခဲ့ပြီး ယင်းသင်တန်းသားများမှတစ်ဆင့် မိမိတို့နယ်မြေအတွင်းရှိ ကျေးရွာများမှ ကျေးလက်လူငယ်များအား သင်တန်းများ ဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်**


## ဒီဇင်ဘာမုံလယ်တရားစခန်းပွဲ

မိုးကုတ်ဝိပဿနာပြန့်ပွားရေး မုံလယ်တောရဓမ္မရိပ်သာ အမှတ်(၁) တိုက်ခွဲ (၁၀)မိုင်ကုန်း၊ ပဲခူးမြို့တွင် ဒီဇင်ဘာလ (၇) ရက် တရားစခန်းပွဲကို ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ၁၃၇၆ခုနှစ် ပြာသိုလဆန်း (၅)ရက်မှ (၁၁)ရက်အထိ (၂၅-၁၂-၂၀၁၄)ရက်မှ (၃၁-၁၂-၂၀၁၄) ရက်အထိ ကျင်းပမည်ဖြစ်ရာ တရား စခန်းဝင်လိုသူ ယောဂီများသည် အိပ်ရာလိပ်၊ အခင်း၊ အဝတ်အစားအပြည့်အစုံ၊ ယောဂီတဘက်နှင့် မှတ်ပုံတင်မူရင်းတို့ ယူဆောင်လျက် (၂၄-၁၂-၂၀၁၄)ရက် နံနက်(၇)နာရီထက်မစော၊ ညနေ(၄)နာရီထက်နောက်မကျစေဘဲ တရားစခန်းသို့ ရောက်ရှိရပါမည်။ ဒုလ္လဘရဟန်း၊ သာမဏေနှင့်ဒုလ္လဘသီလရှင်များ လက်မခံပါ။

အကြောင်းစုံသိရှိလိုပါက- ဖုန်းနံပါတ်- ၀၉၈၆၅၀၉၄၇၊ ၀၉-၄၂၅၀၁၅၉၅၊ ၀၉-၅၀၇၉၂၄၃ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။



## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## ၁၄/၂၀၁၄-၂၀၁၅ကြိမ်မြောက်စက်မှုကုန်ကြမ်းသစ်လုံး/သစ်ခွဲသား ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) ရောင်းချမည့်ရက်နှင့် အချိန် - ၂၉-၁၂-၂၀၁၄ } ၃၀-၁၂-၂၀၁၄

(ခ) ရောင်းချမည့်အမျိုးအစားနှင့်တန် - ကျွန်းသစ်လုံး (၄၇၇) တန်ခန့်
- သစ်မာသစ်လုံး (၁၁၁၆၉)တန်ခန့် (ပိတောက်/တမလန်း သစ်လုံးများပါဝင်မည်)
- ကျွန်းခွဲသား(၇၁) တန်ခန့်
- သစ်မာခွဲသား(၁၁) တန်ခန့် (ပိတောက်/တမလန်း ခွဲသားများပါဝင်မည်)

(ဂ) ရောင်းချမည့်နေရာ - အမှတ်(၁၀၃)သစ်စက်ရှင်းလင်းဆောင် မြန်မာ့သစ်လုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး။

၂။ သစ်လုံးဈေးပြိုင်လေလံနှင့် ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber.com.mmတွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၃၃၊ ၀၁-၃၇၂၀၃၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ များတွင် လည်းကောင်းစုံစမ်းနိုင်ပါသည်။

ဈေးပြိုင်လေလံကျင်းပရေးကော်မတီ
ပြည်တွင်းရောင်း/စက်





## ပန်းစကား အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်း

မုဒိတာ (၁) နှင့် (၂) ရှိ တိုက်ခန်းများ ရောင်း၊ ဝယ်၊ ငှားရမ်းလိုပါက ဆက်သွယ်နိုင်ပါသည်။ ရေ၊ မီး၊ သံပန်း၊ မီးဖိုခုံ၊ ကြွေပြားခင်း၊ ကြွေပြားကပ်၊ ပါကေးခင်း၊ ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးပါသည်။

ဖုန်း - ၀၉၂၅၀၄၄၈၃၃၉၊ ၀၉၂၅၂၅၆၇၁၄၉


## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၃ယ/၉၄၈၈၃ Honda wave 110 ယာဉ်လက်ဝယ်ရှိသူ အမည် ဦးသန်းနိုင်ဦး မှတ်ပုံတင်အမှတ် [၁၀/မလမ (နိုင်)၀၃၅၂၈၇] ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့။

## လေလံတင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနရှိ အသုံးပြုပြီးသော တာယာဟောင်း၊ ဘက်ထရီဟောင်း၊ ပေပါခွံဟောင်း၊ ဆီသိုလှောင်ကန်ဟောင်း၊ လက်နှိပ်စက်ဟောင်းများကို တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံတင်ဒါ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် တင်ဒါစည်းကမ်းချက်များနှင့် ဈေးနှုန်းတင်သွင်းလွှာပုံစံများကို ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း လာရောက် ဝယ်ယူနိုင်ပါသည်။

၃။ သိလိုသည့် အသေးစိတ်အချက်အလက်များကို ဖုန်း (၀၆၇-၄၁၀၃၁၆)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)
နေပြည်တော်

B.E - Marine Engineering

3rd Engineer (Monsoon Maritime Services Co.,Ltd.)

LL.B

Diploma in Accounting (LCCI, UK),Diploma in Computerized Accounting (LCCI, UK),Diploma in English (University of Yangon)

Deputy Manager (Myanmar Microfinance Bank)

**တိုက်ခန်းအရောင်း(ညွှန့်နိုင်းဈေး)**

(၁၅×၅၀)ပေ (မြေညီ+ပထပ်) ကျောက်မြောင်း၊ ဈေးဘက်အခြမ်း လိုင်းကားဂိတ်ရှေ့

ဖုန်း-၀၉-၅၁၅၂၇၅၉၊ ၀၉-၂၅၃၃၀၆၄၈၁

## အမည်ပြောင်း

အဘ ဦးမိုးဇော်ဦး၏သား အထက နောင်ချို၊ သူငယ်တန်းမှ မောင်ကောင်းခန့်ဇော်အား မောင်ကောင်းနိုင်ခဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကောင်းနိုင်ခ**

## ပျောက်ဆုံးကြောင်း

စစ်တွေမြို့၊ ကုန်တန်းရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်(ကသ/၃၂၈)နေ ဒေါ်ခင်ဆန်းဝင်း [၁၁/စတန(နိုင်)၀၆၁၇၇၄] ပိုင်ဆိုင်သော "အောင်ပန်း"ရေယာဉ်လိုင်စင်အမှတ်-၂၈၄၆ ငါးဖမ်းရေယာဉ်၏ လှေဂရန်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

# စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၂၁/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-103(14-15) | Telecommunication Equipment (3) Items | US $ |
| (၂) | IFB-104(14-15) | 160D-173-74Type Pumping Units & Spares (5) Sets | US $ |
| (၃) | IFB-105 (14-15) | 114D-119-86Type Pumping Units & Spares (12) Sets | US $ |
| (၄) | IFB-106(14-15) | 80D-133-54Type Pumping Units & Spares (8)Sets | US $ |
| (၅) | IFB-107(14-15) | 6 ½" & 7 ¾" Spiral Drill Collars (2) Items | US $ |
| (၆) | IFB-108(14-15) | 5" Drill Pipe(1,000)Mtr | US $ |
| (၇) | IFB-109(14-15) | Skid Mounted Water Transfer Pump with Motor (700GPM x 700Ft HD) (3)Units | US $ |
| (၈) | IFB-110(14-15) | Skid Mounted Crude Transfer Pump with Motor (200GPM x 350Ft HD) (2)Units | US $ |
| (၉) | IFB-111(14-15) | Skid Mounted Crude Transfer Pump with Motor (400GPM x 400Ft HD) (2)Units | US $ |
| (၁၀) | IFB-112(14-15) | Mobile Type Welding Machine (Engine Driven) (400AMP) (5)Units | US $ |
| (၁၁) | IFB-113(14-15) | Portable Welding Machine and Accessories (200AMP) (3)Units | US $ |
| (၁၂) | IFB-114(14-15) | 5 Ton Air Winch (2)Nos | US $ |
| (၁၃) | IFB-115(14-15) | Rig Alignment Jack (4)Nos | US $ |
| (၁၄) | IFB-116(14-15) | Choke and Manifold (2)Items | US $ |
| (၁၅) | IFB-117(14-15) | 2 3/8" & 2 7/8" Tubing (2)Items | US $ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၇-၁-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## သာကေတမြို့နယ်တရားရုံး
## ၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၅

ဒေါ်နန္ဒာလှိုင် နှင့် ဦးမွန်ဇူအာလောမ်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ(၉)လမ်း၊ အမှတ်(၁၀၂၃/က)နေ ဦးမွန်ဇူအာလောမ် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန္ဒာလှိုင်က မြေနှင့်နေအိမ်ကို ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာ ၂၆ရက်(၁၃၇၆ခုနှစ်၊ ပြာသိုလဆန်း၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဒီဇင်ဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ယုယုဆွေ)တွဲဖက်မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**



# သီလဝါအထူးစီးပွားရေးဇုန်အတွင်း ဆောင်ရွက်မည့်ကုမ္ပဏီများအား ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က) ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တည်ဆောက်လျက်ရှိသည့် စီမံကိန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ(အပေါ်ပုံ) သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူတို့က မြေသားလုပ်ငန်းပြီးစီးမှုအခြေအနေ၊ ရေဆိုးသန့်စင်စက်ရုံ ဆောက်လုပ်မှုအခြေအနေနှင့် စီမံကိန်းဧရိယာအတွင်း စက်ရုံများဆောက်လုပ်ရန် သတ်မှတ်လျာထားသည့်အခြေအနေတို့အား ရှင်းလင်းတင်ပြကြသည်။**

ထို့နောက် ဒုတိယသမ္မတသည် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ယာယီရုံး၌ကျင်းပသည့် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ဆောင်ရွက်မည့် ကုမ္ပဏီများအား ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အစီအစဉ်အရ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်၊ မြန်မာ-ဂျပန် သီလဝါဒီဗလော့မန့်လီမိတက်မှ ဥက္ကဋ္ဌဦးသိန်းဟန်၊ အမှုဆောင်အရာရှိချုပ် Mr.Takashi Yanai နှင့် ပရောဂျက်ဒါရိုက်တာ ဦးသူရိန်အောင်တို့က သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က)နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က)အတွင်း လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြမည့် Koyorad (Myanmar) Corporation Co.,Ltd.၊ Lu Thai Textile Co.,Ltd.၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



# မလိဝမ်း သဘာဝရေတံခွန်နှင့် သဘာဝရေပူစမ်းတွင် အပန်းဖြေနိုင်

**ကော့သောင်း ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံတောင်ဘက်စွန်း ကော့သောင်းမြို့မှ မြောက်ဘက်သို့ ပြည်ထောင်စုလမ်းမကြီးအတိုင်းသွားသော် ၂၅ မိုင်အကွာတွင် ကျေးရွာလေးတစ်ရွာရှိသည်။ ထိုကျေးရွာလေးအမည်ကို "မလိဝမ်း"ဟုခေါ်သည်။ ၁၇၅၀ ပြည့်နှစ်ဝန်းကျင်ခန့်က ပါချန်မြစ်ရိုးချောင်းဖျားဒေသများသို့ ရေကြည်ရာမြက်နုရာရှာဖွေကြရင်း ထိုင်း-ရှမ်း၊ ပသျှူး၊ ဆလုံနှင့် လူနည်းစု မြန်မာလူမျိုးများသည် အခြေချနေထိုင်ကြရန် နယ်ပယ်ရှာဖွေကြရင်း တစ်နေ့တွင် ဇွန်ပွင့်တောပန်းလေးများ အစီစီအရီရီပွင့်ဖူးနေသည့် ကျယ်ဝန်းပြန့်ပြူးကာအခြေချနေထိုင်ကြရန် သင့်တော်သည့်ထိုနေရာလေးကို စတင်တွေ့ရှိခဲ့ကြသည်။ ထိုင်းဘာသာစကား(မာလိ=ဇွန်ပွင့်တောပန်း၊ ဝမ်=နေ့၊ မာလိဝမ်=ဇွန်ပွင့်တောပန်းလေးများပွင့်သောနေ့)မှ မလိဝမ်းကျေးရွာဟု ဆင်းသက်ခေါ်ဝေါ်ခဲ့ကြကြောင်း မှတ်သားခဲ့ရသည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့**

## ယနေ့မာတိကာ


ကမ္ဘာ့စီးပွားရေး စိန်ခေါ်မှုများအား ရင်ဆိုင်ဖြေရှင်းရန် ချဉ်းကပ်မှုနည်းလမ်းသစ်များ
စာမျက်နှာ - ၆

စည်ပင်သာယာရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်တွင် သတင်းရယူလိုသောမီဒီယာများ အမည်စာရင်းပေးသွင်းနိုင်
စာမျက်နှာ - ၁၁

တိုက်စစ်ကစားသမားများကို ခေါ်ယူရန် လီဗာပူးပြင်ဆင်
စာမျက်နှာ - ၁၃


# အာရှယူ-၂၃ ခြေစစ်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲဝင်ရန် မြန်မာယူ-၂၃ အသင်း ဖွဲ့စည်းမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၅ ခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် အာရှယူ-၂၃ ခြေစစ်ပွဲနှင့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ယှဉ်ပြိုင်ရန်အတွက် မြန်မာယူ-၂၃ အသင်းကို မကြာမီဖွဲ့စည်းသွားမည်ဖြစ်သည်။

အဆိုပါအသင်းကို နည်းပြချုပ်အဖြစ် အေဗရာမိုဗစ်က တာဝန်ယူကိုင်တွယ်မည်ဖြစ်ပြီး ပြင်ဆင်မှုများပြုလုပ်သွားမည်ဖြစ်သည်။ အာရှယူ-၂၃ ခြေစစ်ပွဲကို မတ်လနောက်ဆုံးပတ်တွင် တရုတ်(တိုင်ပေ)၌လည်းကောင်း၊ ဆီးဂိမ်းပြိုင်ပွဲကို ဇွန်လအတွင်း စင်ကာပူနိုင်ငံ၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။ အာရှယူ-၂၃ ခြေစစ်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်းကို ဂျပန်ဘောလုံးအဖွဲ့ချုပ်က ခြေစမ်းကစားရန် ဖိတ်ကြားခဲ့ပြီး မတ် ၁၁ ရက်တွင် ဂျပန်နိုင်ငံ၌ ဂျပန်ယူ-၂၃ အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံး တိုးတက်ရေးအတွက် ဂျပန်ဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများ၊ ကလပ်အသင်းများကို စေလွှတ်ကာ ခြေစမ်းပွဲများ ကစားစေလျက်ရှိသည်။

မြန်မာယူ-၂၃ အသင်းမှာ အာရှယူ-၂၃ ခြေစစ်ပွဲအတွက် ဖေဖော်ဝါရီလတွင် စတင်ပြင်ဆင်မည်ဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ရန် ပြင်ဆင်သွားမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**




ကြေးမုံ Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2014 DECEMBER 14, SUNDAY

STI MYANMAR UNIVERSITY
MBA BBA MED BE
www.stiedu.net
TEL : 507151/52, 377988
09250084451, 0931792299
09420254872

ဖွံ့ဖြိုးရေး

# ရာသီဥတုပြောင်းလဲလာသည့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု


**အသံတွေကြားနေရတယ်**

ဒီရက်ပိုင်းတွေမှာ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုအခြေအနေတွေနဲ့ ပတ်သက်ပြီး အသံတွေ မျိုးစုံကြားခဲ့ရပါတယ်။ ဆိုးတာတွေရှိသလို၊ ကောင်းတာတွေလည်း ရှိခဲ့ပါတယ်။ ဝေဖန်တာတွေရှိသလို၊ ထောက်ခံတာတွေလည်း ရှိခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် မြန်မာနိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှု ရာသီဥတုအပြောင်းအလဲကို နိုင်ငံသားတွေ ယခင်ထက် ပိုမိုစိတ်ဝင်စားလာကြတာ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အပြုသဘောဆောင်တဲ့ အလားအလာတွေပါပဲ။

**မြန်မာ့ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင် ဘယ်လိုရှိခဲ့သလဲ**

တကယ်တော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၁၉၈၈ ကတည်းက ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ၁၉၉၄ ကတည်းက ပြဋ္ဌာန်းခဲ့တာပါ။ အသက် ၂၄ နှစ်လောက်ရှင်သန်ခဲ့တဲ့ ယခင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေဟာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ထင်သလောက် ခရီးမပေါက်ခဲ့ပါဘူး။ ဥပဒေရဲ့ အားနည်းချက်တွေရှိခဲ့သလို နိုင်ငံရေးသက်ရောက်မှုတွေကလည်း ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်မှာ အတားအဆီးတွေ ဖြစ်ခဲ့ရပါတယ်။ နိဂုံးချုပ်ကြည့်လိုက်တဲ့အခါမှာ ၂၄ နှစ်သား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဝင်လာခဲ့တဲ့ရင်းနှီးမြှုပ်နှံမှုတွေဟာ သဘာဝအရင်းအမြစ်တွေအပေါ်မှာပဲ စုပြုံနေခဲ့ပါတယ်။ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် တကယ်လိုအပ်တဲ့ ကုန်ထုတ်လုပ်မှု၊ အခြေခံအဆောက်အအုံ၊ လယ်ယာစိုက်ပျိုးရေးနဲ့ ဝန်ဆောင်မှုကဏ္ဍတွေမှာ အတော်လေးနည်းပါးခဲ့ပါတယ်။

နိုင်ငံအလိုက် ဝင်ရောက်လာမှုကို



ပြန်ကြည့်လိုက်ရင်လည်း အိမ်နီးချင်းနိုင်ငံတွေနဲ့ အာဆီယံရဲ့ ရင်းနှီးမြှုပ်နှံမှုတွေသာ များခဲ့ပြီး အရည်အသွေးပြည့်ဝတဲ့ ရင်းနှီးမြှုပ်နှံမှုတွေလည်း နည်းပါးခဲ့ပါတယ်။

**ပြုပြင်ပြောင်းလဲမှုများနဲ့ မြန်မာပြည်**


ရင်းနှီးမြှုပ်နှံမှုနယ်ပယ်နဲ့ ပတ်သက်ပြီး ၂၀၁၁ ခုနှစ် စတင်တာဝန်ယူခဲ့တဲ့ သမ္မတဦးသိန်းစိန်အစိုးရအဖွဲ့ရဲ့ အထူးခြားဆုံး လုပ်ဆောင်ချက်ကတော့ ခေတ်နဲ့မညီတော့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို စတင်ပြင်ဆင်ခဲ့တာပါပဲ။ ဥပဒေပြင်ဆင်နေဆဲမှာပဲ ယခင် ဥပဒေဟောင်းအရ ရင်းနှီးမြှုပ်နှံသူတွေကို အခက်အခဲတွေ ပေါ်ပေါက်စေခဲ့တဲ့ မြေငှားရမ်းမှုဆိုင်ရာ အကျပ်အတည်းကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)ရဲ့ ကြေညာချက်အမှတ် ၃၉/ ၂၀၁၁ နဲ့ လည်းကောင်း၊ နိုင်ငံခြားငွေ လဲလှယ်မှုဆိုင်ရာ အခက်အခဲတွေကို ကြေညာချက်အမှတ် ၄၀/ ၂၀၁၁ နဲ့ လည်းကောင်း ဖြေရှင်းပေးခဲ့ရာကအစပြုလို့ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်း ဖြစ်လာစေဖို့ လုပ်သင့်တာတွေ စလုပ်ခဲ့ပါတယ်။ ဥပဒေပိုင်းဆိုင်ရာမူဘောင်တွေ အားကောင်းလာဖို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို ၂၀၁၂ ခုနှစ်မှာ ပြဋ္ဌာန်းပြီးတဲ့နောက်ပိုင်း ဥပဒေကို လိုက်နာကျင့်သုံးဖို့ နည်းဥပဒေကိုလည်း ၂၀၁၃ ခုနှစ် နှစ်ဆန်းက ပြဋ္ဌာန်းပေးခဲ့ပါတယ်။ နောက်ပိုင်းမှာ အထူးစီးပွားရေးဇုန်ဥပဒေကိုလည်း ပြည်ပက ကျွမ်းကျင်ပညာရှင်များ၏ အကူအညီနဲ့ ရေးဆွဲပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး နည်းဥပဒေကလည်း မကြာခင် ထုတ်ပြန်နိုင်မည့်အဆင့်ကို ရောက်နေပြီဖြစ်ပါတယ်။ စီးပွားရေးဥပဒေတွေရဲ့ ကျောရိုးဖြစ်တဲ့ နှစ် ၁၀၀ သက်တမ်းရှိတဲ့ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေကိုလည်း အာရှဖွံ့ဖြိုးရေးဘဏ် အကူအညီယူပြီး မြန်မာပညာရှင်များနဲ့ ပူးပေါင်းရေးဆွဲခဲ့တာ မူကြမ်းအပြီးသတ်ခဲ့ပြီ ဖြစ်ပါတယ်။ ခြုံပြောရရင်တော့ ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးနယ်ပယ်မှာ အားနည်းခဲ့တဲ့ ဥပဒေမူဘောင်ကို လက်တွေ့ကျကျသုံးသပ်ပြီး ရဲရဲတင်းတင်း ပြင်ဆင်ခဲ့တာဟာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ခိုင်မာတဲ့အုတ်မြစ်ချခဲ့တာလို့လည်း ပြောနိုင်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒပိုင်းမှာလည်း သိသာထင်ရှားတဲ့ အပြောင်းအလဲတွေကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ယခင်တုန်းက နိုင်ငံခြားသားရော၊ နိုင်ငံသားကိုရော ခွင့်မပြုခဲ့တဲ့ (ဥပမာ- ဆေးဝါးထုတ်လုပ်မှု) လုပ်ငန်းတွေကို ခွင့်ပြုပေးခဲ့ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဖွင့်လှစ်တဲ့မူဝါဒ၊ ထင်သာမြင်သာရှိမည့် မူဝါဒတွေကို ချမှတ်ပေးခဲ့ပြီး MIC ရဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေ အားလုံးကို အများပြည်သူသိရှိအောင် ပွင့်ပွင့်လင်းလင်း အသိပေးခဲ့တာကလည်း အလွန်ထူးခြားတဲ့ လုပ်ဆောင်မှုပါပဲ။ ဒီနေ့ဒီအချိန်မှာ MIC အစည်းအဝေးမှာ ဘာတွေဆုံးဖြတ်ခဲ့တယ်ဆိုတာကို အစည်းအဝေးပြီးလို့ ၂၄ နာရီအတွင်းမှာ တစ်ကမ္ဘာလုံးက သိရှိနိုင်အောင် www.dica.gov.mm မှာ ထုတ်ပြန်ပေးနေပါတယ်။ မူဝါဒအပြောင်းအလဲရှိတိုင်း၊ ကြေညာချက်အသစ်ထုတ်တိုင်း အများပြည်သူကို ချက်ချင်းအသိပေးနိုင်ဖို့လည်း စီမံဆောင်ရွက်ခဲ့ပါတယ်။

ပိုပြီးထူးခြားတာကတော့ ယခင်တုန်းက ဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေ ပါဝင်ပြီး အစိုးရကိုယ်စားလှယ်တွေနဲ့သာ ဖွဲ့စည်းခဲ့တဲ့ MICမှာ ပုဂ္ဂလိကနယ်ပယ်က စီးပွားရေးပညာရှင်တွေ၊ ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)က ကိုယ်စားလှယ်တွေ၊ အရပ်ဘက် လူ့အဖွဲ့အစည်းတွေက အကြီးအကဲတွေ၊ လွှတ်တော်ကိုယ်စားလှယ်နဲ့ အငြိမ်းစားပညာရှင်ဝန်ထမ်းဟောင်းတွေကို ပါဝင်ဖွဲ့စည်းပေးခဲ့တာပါပဲ။ ဒီနေ့ MIC ရဲ့ ဖွဲ့စည်းမှုကိုကြည့်ရင် အစိုးရပိုင်းက ဝန်ကြီးသုံးဦး၊ ဒုတိယဝန်ကြီး နှစ်ဦး၊ ညွှန်ကြားရေးမှူးချုပ် တစ်ဦးပါဝင်ပြီး ပုဂ္ဂလိကပိုင်းက ခြောက်ဦးပါဝင်တဲ့အပြင် MIC ရဲ့ ဆုံးဖြတ်ချက်တွေကို ဥပဒေနဲ့ညီညွတ်အောင် ထိန်းကျောင်းဆောင်ရွက်ပေးမည့် ပြည်ထောင်စုရှေ့နေချုပ်ကိုပါ အဖွဲ့ဝင်အဖြစ်နဲ့ ဖွဲ့စည်းထားရှိတဲ့အတွက် နယ်ပယ်အသီးသီးက ပုဂ္ဂိုလ်တွေပါဝင်တဲ့ အားကောင်းတဲ့ MIC ကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒီပြုပြင်ပြောင်းလဲမှုကတော့ အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုပါပဲ။

လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကိုလည်း တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ပါသေးတယ်။ ရင်းနှီးမြှုပ်နှံသူတွေ လုပ်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို နည်းဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းပေးခဲ့ပြီး မလိုလားအပ်တဲ့ စာရွက်စာတမ်းတွေ လျှော့ချတာတွေ၊ လုပ်ငန်းအဆင့်တွေ လျှော့ချတာတွေ လုပ်ခဲ့တဲ့အပြင် ယခင်က မလုပ်ခဲ့တဲ့

စာမျက်နှာ ၂ သို့ » »




မောင်ငိုကာ

# ရာသီဥတုပြောင်းလဲလာသည့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု

» » ရှေ့ဖုံးမှ

တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေရဲ့ သဘောထားရယူတာတွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေ တစ်ရုံးပြီး တစ်ရုံးမကူးရအောင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ (One Stop Service) ကိုလည်း ရန်ကုန်မြို့မှာ ဖွင့်လှစ်ပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံလိုသူတွေသိလိုတာ ချက်ချင်းဖြေကြားပေးနိုင်ဖို့၊ ရင်းနှီးမြှုပ်နှံသူတွေရဲ့ အခက်အခဲတွေကို ချက်ချင်းဖြေရှင်းပေးနိုင်ဖို့၊ ရင်းနှီးမြှုပ်နှံသူတွေ အဆင်ပြေပြေနဲ့ လုပ်ငန်းမြန်မြန်ပြီးမြောက်စေဖို့ MIC ရုံးဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနကို နေပြည်တော်ကနေ ရန်ကုန်ကို ပြောင်းရွှေ့ဖွင့်လှစ်ပေးလိုက်ခြင်းကလည်း ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး လွယ်ကူချောမွေ့စေလိုတဲ့ အစိုးရရဲ့ဆန္ဒကို ထင်ရှားစွာ ဖွင့်လှစ်ပြသလိုက်ခြင်းပဲ ဖြစ်ပါတယ်။

**ဘာတွေဖြစ်နေပြီလဲ**

ဘာတွေဖြစ်နေပြီလဲလို့ မေးရင်တော့ ပထမဆုံး ၂၀၁၁-၂၀၁၂ ကစလို့ သုံးနှစ်ခွဲကာလအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဘယ်လိုဝင်ရောက်လာတယ်ဆိုတာကို ပြောရမှာ ဖြစ်ပါတယ်။ အစိုးရတက်တဲ့နှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံ ခွင့်ပြုခဲ့တယ်ဆိုပေမယ့် ချီဗွေငယ်ရေအားလျှပ်စစ်တစ်ခုလုံးရဲ့ ခွင့်ပြုပမာဏက ၄ ဒသမ ၃ ဘီလီယံရှိခဲ့တဲ့အတွက် ကျန်တဲ့ကဏ္ဍတွေမှာ သန်း ၃၀၀ လောက်ပဲ ဝင်ခဲ့ပါတယ်။ နောက်နှစ်တွေမှာ ရင်းနှီးမြှုပ်နှံမှုနှစ်အလိုက် ခွင့်ပြုခဲ့တဲ့အခြေအနေကို **ဂရပ် (၂)** နဲ့ပဲ ပြောပြချင်ပါတယ်-

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ကနေ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စက်တင်ဘာလကုန်အထိ သုံးနှစ်ခွဲကာလအတွင်း ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုကိုကြည့်ရင် လျှပ်စစ်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ သန်းပေါင်း ၄၇၉၄ ဒသမ ၈ သန်းနဲ့ ရင်းနှီးမြှုပ်နှံမှု အများဆုံး စီးဝင်ခဲ့တာ တွေ့ရပါတယ်။ စက်မှုကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၆၂၄ ဒသမ ၅၆၅ သန်းနဲ့ ဒုတိယအများဆုံး စီးဝင်ခဲ့တာ တွေ့ရပါတယ်။ ကဏ္ဍအလိုက် အခြေအနေကတော့ **ဂရပ်(၁)** မှာ ဖော်ပြထားတဲ့ အတိုင်းပါပဲ။ သုံးသပ်ကြည့်ရင် တိုင်းပြည်အတွက် အရေးပါတဲ့ လျှပ်စစ်ဓာတ်အားပေး လုပ်ငန်းတွေ၊ ကုန်ထုတ်လုပ်ငန်းတွေ၊ ဆက်သွယ်ရေးလုပ်ငန်းတွေ၊ ဟိုတယ်လုပ်ငန်းတွေနဲ့ အိမ်ရာ၊ အဆောက်အအုံလုပ်ငန်းတွေမှာ ဝင်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီသုံးနှစ်ခွဲတာကာလအတွင်း နိုင်ငံအလိုက် ဝင်ရောက်လာမှုကို ပြန်ကြည့်လိုက်ရင် စင်ကာပူဟာ ရင်းနှီးမြှုပ်နှံမှု အများဆုံး စီးဝင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ အဓိကအကြောင်းရင်းကတော့ ကုန်သွယ်မှုနဲ့ ဘဏ္ဍာရေးဆိုင်ရာ အခြေခံကောင်းတွေရှိတဲ့ စင်ကာပူမှာ လာရောက်ထူထောင်ထားတဲ့ အခြားနိုင်ငံတွေက စင်ကာပူကတစ်ဆင့် မြန်မာနိုင်ငံကို ဝင်လာခဲ့လို့ပါပဲ။ တစ်ဖက်ကလည်း စင်ကာပူကတစ်ဆင့်ဝင်လာတဲ့အတွက် အာဆီယံနိုင်ငံအချင်းချင်း အပြန်အလှန်ပေးထားတဲ့ အခွင့်အလမ်းတွေကို ရယူနိုင်တာလည်း ပါပါတယ်။ စင်ကာပူကဝင်လာတဲ့ပမာဏက အမေရိကန်ဒေါ်လာ ၅၁၈၀ ဒသမ ၁၀ သန်း ရှိခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကတော့ ဒုတိယအများဆုံးဖြစ်ပြီး ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၄၈၆၁ ဒသမ ၀၂၂ သန်း စီးဝင်ခဲ့ပါတယ်။


ထူးခြားတာကတော့ အရင်တုန်းက မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံမှုမလုပ်ခဲ့ဖူးတဲ့ လူဇင်ဘတ်၊ ဆွီဒင်၊ ယူအေအီး အစရှိတဲ့ နိုင်ငံသစ်တွေ ဝင်ရောက်လာခဲ့ပြီး ယခင်တုန်းက ဆုတ်ခွာသွားခဲ့တဲ့ နိုင်ငံအတော်များများလည်း ပြန်ဝင်လာခဲ့တဲ့ အခြေအနေပါပဲ။ **ဂရပ် (၃)**

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သုံးနှစ်ခွဲတာ ကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာခဲ့တဲ့ အခြေအနေကိုတော့ အောက်ကဇယားနဲ့ **ဂရပ် (၄)**ကို ကြည့်ရင် သိနိုင်ပါတယ်ခင်ဗျာ-


အဓိကကတော့ ကချင်ပြည်နယ်မှာ ပမာဏကြီးမားတဲ့ ရေအားလျှပ်စစ်စီမံကိန်း တစ်ခုအပါအဝင် ကျန်တဲ့တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာနေပြီဆိုတဲ့ အချက်ပါပဲ။

**ဘယ်ကိုရောက်နေပြီလဲ**


ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်လို့ အထက်မှာ ဖော်ပြခဲ့တဲ့ ဥပဒေမူဘောင် ပြုပြင်ပြောင်းလဲမှု၊ မူဝါဒပြုပြင်ပြောင်းလဲမှု၊ အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနဲ့ လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုစတဲ့ ကဏ္ဍ (၄) ရပ် ပြုပြင်ပြောင်းလဲမှုရဲ့ရလဒ်က မြန်မာပြည်ရဲ့ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကို လမ်းကြောင်းမှန်ပေါ်တင်ပေးခဲ့ပါတယ်။ ဒါကြောင့် ဘယ်ကိုရောက်နေပြီလဲလို့မေးရင် ပြေးလမ်းပေါ်မှာ အရှိန်ရနေပြီလို့ပဲ ပြောရမှာဖြစ်ပါတယ်။ မကြာခင် ပျံတက်(Take Off)တော့မည့် အချိန်ကို စိတ်လှုပ်ရှားစွာ စောင့်ကြည့်ရတော့မှာ ဖြစ်ပါတယ်။ ။




ဂရပ် (၁)



ဂရပ် (၂)




ဂရပ် (၃)




ဂရပ် (၄)

**၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (စက်တင်ဘာလ) အထိ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေ**

**(အမေရိကန်ဒေါ်လာသန်း)**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (စက်တင်ဘာလ) အထိ | |
|---|---|---|---|
| | | အရေအတွက် | ရင်းနှီးမြှုပ်နှံမှု ပမာဏ |
| ၁ | [illegible] | [illegible] | [illegible] |
| ၂ | [illegible] | [illegible] | [illegible] |
| ၃ | [illegible] | [illegible] | [illegible] |
| ၄ | [illegible] | [illegible] | [illegible] |
| ၅ | [illegible] | [illegible] | [illegible] |
| ၆ | [illegible] | [illegible] | [illegible] |
| ၇ | [illegible] | [illegible] | [illegible] |
| ၈ | [illegible] | [illegible] | [illegible] |
| ၉ | [illegible] | [illegible] | [illegible] |
| ၁၀ | [illegible] | [illegible] | [illegible] |
| ၁၁ | [illegible] | [illegible] | [illegible] |
| ၁၂ | [illegible] | [illegible] | [illegible] |
| ၁၃ | [illegible] | [illegible] | [illegible] |
| ၁၄ | [illegible] | - | - |
| | စုစုပေါင်း | [illegible] | [illegible] |

စစ်ကိုင်းတိုင်းဒေသကြီး

# မိုးနှောင်းရွှေတောင်(၈) ချည်မျှင်ရှည်ဝါ စံပြစိုက်ခင်းဖြစ်ထွန်းမှု ကွင်းဆင်းကြည့်ရှုပြီး တောင်သူများနှင့် ဆွေးနွေး



**မြောင် ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ဖွားစောကျေးရွာ တောင်သူဦးမျိုး ကွင်းအမှတ် ၁၅၄၊ ဦးပိုင်အမှတ် (၅၁) စိုက်ဧက သုံးဧကတွင် စိုက်ပျိုးထားသည့် မိုးနှောင်း ရွှေတောင်(၈)ချည်မျှင် ရှည်ဝါ စံပြစိုက်ခင်းအောင်မြင်စွာ ဖြစ်ထွန်းမှုကို ကွင်းဆင်းကြည့်ရှုခြင်းနှင့်အတူ တောင်သူများနှင့် ဆွေးနွေးပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီက စိုက်ခင်းအနီးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားပြီးနောက် စစ်ကိုင်းခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ရွှေတောင်(၈)ချည်မျှင်ရှည်ဝါ၏ ထူးခြားသည့်အရည်အချင်း လက္ခဏာများအကြောင်းနှင့် ပတ်သက်၍ "ဝါပင်ကွမ်းသီးလုံးဖောက်ပိုးနှင့် စုပ်ပိုးက အဓိကအန္တရာယ်ဖြစ်ပါတယ်။ ရွှေတောင် (၈)ချည်မျှင်ရှည်ဝါက ၎င်းပိုးနှစ်မျိုး ဖျက်ဆီးမှုဒဏ်ကို ခံနိုင်ရည်ရှိပြီး ဝါထွက်နှုန်းလည်း ကောင်းမွန်ပါတယ်။ ထို့အပြင် သီးပွင့်အင်္ဂါဖြစ်ထွန်းမှု ကောင်းပြီး ဝါပေါက်ကြီးဝါပေါက်ညီသဖြင့် ဝါကောက်ရလွယ်ကူပါတယ်။ ဒါကြောင့် တောင်သူဦးကြီးများအနေနဲ့ ရွှေတောင်(၈)ချည်မျှင်ရှည်ဝါကို စိုက်ပျိုးသင့်ပါတယ်"ဟု ဆွေးနွေး ပြောကြားသည်။

"ကျွန်တော်ရွှေတောင် (၈) ချည်မျှင်ရှည်ဝါကို ဩဂုတ် ၂၃ ရက်က စိုက်ပျိုးပါတယ်။ စိုက်စနစ်ကတော့ (၃ပေ×၃ပေ)နှစ်ပင်ချန်စနစ်နဲ့ စိုက်ပျိုးထားပြီး တစ်ကွင်းလုံးကို နွားချေးလှည်း ခုနစ်စီးချထားပါတယ်။ မြေခံကွန်ပေါင်း ၁၅း၁၅း၁၅ တစ်အိတ်နှုန်း၊ အပိန့်ဝင်ချိန်မှာ ယူရီးယား သုည ဒသမ ၅ အိတ်နှင့် ကွန်ပေါင်း သုည ဒသမ ၅ အိတ်၊ ပန်းပွင့်ဖြိုင်ချိန်ယူရီးယား သုည ဒသမ ၅ အိတ်နှင့် ကွန်ပေါင်း သုည ဒသမ ၅ အိတ် အသုံးပြုပြီး ရွက်ဖျန်းမြေဩဇာ ဘိုရွန်နှစ်ကြိမ် ဖျန်းပေးပါတယ်။ ပိုးသတ်ဆေးဖျန်းခြင်းကိုတော့ စုပ်စားပိုး လေးကြိမ်၊ (အင်မီဒါ 20 WP 100 g, ကာတက် 100 g နှင့် ဝါခင်းပိုးနှိမ်(ဆိုင်ကလုန်း ၅၀၀-၂၀၅၀ CC) နှုန်း ပက်ဖျန်းပေးခဲ့ပါတယ်။ တစ်ဧကကုန်ကျစရိတ် ခန့်မှန်းခြေ သုံးသိန်း လောက်ကုန်ကျပါတယ်။ လက်ရှိ တစ်ပင်သီးနှုန်း ၄၂ လုံး ရှိတာကြောင့် တစ်ကွင်းလုံးဆိုလျှင် ဝါပိဿာချိန် ၂၀၀၀ နီးနီး ထွက်ရှိမှာပါ။ ရွှေတောင် ချည်မျှင်ရှည်ဝါ စိုက်ရခြင်း အကျိုးအမြတ် သိန်း ၂၀ ကျော် ရရှိမှာပါ" ဟု ဝါစိုက်တောင်သူ ဦးမျိုးက ပြောပြခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်စက်မှုသီးနှံဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အနီးကျေးရွာမှ ဝါစိုက်ပျိုးသူ တောင်သူဦးကြီးများသည် တောင်သူဦးမျိုး စိုက်ပျိုးထားသည့် ရွှေ တောင် (၈) ချည်မျှင်ရှည်ဝါစိုက်ခင်းအား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(တင်ကိုကို)**

ရန်ကုန်တိုင်းဒေသကြီး



## မျိုးသန့် မျိုးပွားစိုက်ခင်း စံကွက်ရိတ်သိမ်းပွဲကျင်းပ

**ထန်းတပင် ဒီဇင်ဘာ ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ရိုးခွကျေးရွာအုပ်စုကွင်းအမှတ်(၂၄၄)ရှိ တောင်သူ ဦးမင်းလွင်၏ ဆင်းသုခမျိုးသန့်မျိုးပွားစိုက်ခင်း ငါးဧကတွင် ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှ ၈၆ ဒသမ ၃၀ တင်းနှုန်းထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးက တောင်သူများကိုယ်တိုင် မျိုးသန့် မျိုးစေ့ထုတ် ပွားများရေးလုပ်ငန်းများကို စိတ်ဝင်တစား ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် မျိုးကွဲနုတ်ပယ်မှုနှင့်မျိုးစေ့ထုတ်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများတက်ရောက်ခဲ့ကြောင်းသိရသည်။

**အိသင်းထိုက်(iprd)**

ရန်ကုန်တိုင်းဒေသကြီး

## ဒိုက်ဦးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ဒိုက်ဦး ဒီဇင်ဘာ ၁၃**

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသည် လယ်ယာကဏ္ဍဆိုင်ရာ စာရင်းပြုစုရာတွင် အဓိကပြုစုရသည့်ဌာနဖြစ်သည်နှင့်အညီ စိုက်ဧကမှန်ကန်ရေးအတွက် ကွင်းဆင်းသီးနှံမှတ်သားခြင်း၊ အထွက်နှုန်းမှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးထွန်းထွန်းလင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးနေဝင်းနှင့် မြေစာရင်းဝန်ထမ်းများက ဒီဇင်ဘာ ၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် ကျိုက်စကောအရှေ့ကျေးရွာအုပ်စု ကွင်းအမှတ် (၄၇၄-ခ)၊ လက်ခုပ်ကွင်းတောင်ကွင်း ဦးပိုင်အမှတ် (၁/၃) ဧရိယာ ၉ ဒသမ ၈၇ ဧကရှိ တောင်သူ ဦးမြင့်ထွေး၏ (ညွှံ့ကိုယ်စားပြု) မိုးစပါးစိုက်လယ်မြေမှ မော်ဘီ(၂) စပါးအား စံကွက်ရိတ်သိမ်းမှုကို စစ်ဆေးရာတွင် တစ်ဧကစပါးအထွက်နှုန်း ၇၀ ဒသမ ၂၉ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**



ပဲခူးတိုင်းဒေသကြီး



## ပဲခူးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ပဲခူး ဒီဇင်ဘာ ၁၃**

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနသည် သီးနှံထုတ်လုပ်မှုစာရင်းများ ပြုစုရာတွင် တာဝန်ခံပြုစုရသည့် အဓိကဌာနဖြစ်သည်နှင့်အညီ လယ်ယာကဏ္ဍဆိုင်ရာ စာရင်းပြုစုရာတွင် စိုက်ဧကမှန်ကန်ရေးအတွက် ကွင်းဆင်းသီးနှံမှတ်သားခြင်း၊ အထွက်နှုန်းမှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးမင်းသော်တာနှင့် မြေစာရင်းဝန်ထမ်းများသည် ဒီဇင်ဘာ ၈ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ဘုရားကလေးကျေးရွာအုပ်စု ကွင်းအမှတ် (၅၄၀-ခ)၊ တရုတ်တန်းအနောက်ကွင်း၊ ဦးပိုင်အမှတ် (၃၀/၁)၊ ဧရိယာဧက ၈ ဒသမ ၃၄ ဧကရှိ တောင်သူဦးမောင်လတ်၏(ညွှံ့အဆင့်ရှိ) မိုးစပါးစိုက်လယ်မြေမှ မနောသုခစပါးအား စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကစပါးအထွက်နှုန်း ၅၉ ဒသမ ၄၃ တင်းနှုန်းထွက်ရှိကြောင်း မှတ်တမ်းရရှိခဲ့သည်။ ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်အနေဖြင့် မိုးစပါးစိုက်ဧက ၁၁၀၆၁၈ စိုက်ပျိုးထားရာ ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါးစိုက်ပျိုးကာလတွင် ပျမ်းမျှအထွက်နှုန်း ၇၄ ဒသမ ၆၀ တင်းထွက်ရှိခဲ့ကြောင်း သက်ဆိုင်ရာမှ သိရသည်။

**(၀၇၅)**



ရခိုင်ပြည်နယ်

# ရခိုင်ဒေသ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းတည်ဆောက်

မြင့်စိုး(နတလ)



**အင်ဒိုနီးရှားမှ လှူဒါန်းသည့်ကျောင်းလေးကျောင်း**

အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ လှူဒါန်းငွေဖြင့် ရခိုင်ပြည်နယ်အတွင်း မင်းပြားမြို့နယ်တွင် သေကံ အခြေခံပညာမူလတန်းကျောင်းနှင့် စမ္ဘာလေအခြေခံပညာ မူလတန်းကျောင်း၊ မောင်တောမြို့နယ်တွင် မောရဝတီစံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ဘူးသီးတောင်မြို့ သပြေကုန်းရပ်ကွက်(၁) အခြေခံပညာ မူလတန်းကျောင်းများကို ဆောက်လုပ်ပေးခဲ့သည်။ ရခိုင်ဒေသ၏ ပထဝီအနေအထားအရ သဘာဝဘေးဒဏ်များ ကြုံတွေ့လာပါက တိုင်းရင်းသားကလေးငယ်များ လုံခြုံဘေးကင်းစွာ ခိုလှုံနေထိုင်နိုင်ရန်အတွက် RC နှစ်ထပ်ကျောင်းဆောင်များအဖြစ် ဆောက်လုပ်ပေးထားခြင်းဖြစ်သည်။

ယင်းကျောင်းလေးကျောင်းဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက မင်းပြားမြို့နယ် သေကံကျေးရွာနှင့်စမ္ဘာလေကျေးရွာ ကျောင်းဆောင်သစ်များ၌ ကျင်းပခဲ့ရာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဌများဖြစ်ကြသော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Abdurrahman Mohammad Fachir တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးက ကျောင်းဆောင်သစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

**BAJမှကျောင်းပေါင်း ၁၀၀**

အာရှ-ဂျပန်ပေါင်းကူးအဖွဲ့ BAJ အနေဖြင့်လည်း ရခိုင်ဒေသရှိတိုင်းရင်းသားကလေးငယ်များ အခြေခံပညာသင်ယူရာတွင် ပိုမိုကောင်းမွန်သောအခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ရေးအတွက် ကျောင်းဆောင်သစ်များဆောက်လုပ်ပေးရန်၊ ယင်းကျောင်းများသည် ရေဒဏ်၊ လေဒဏ်၊ မိုးဒဏ်ဟူသည့် သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့လာပါက ခိုလှုံစရာနေရာများဖြစ်လာစေရန်၊ ကျောင်းအဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းခွင်၌ ကျေးရွာသူ၊ ကျေးရွာသားများအား ဝင်ရောက်လုပ်ကိုင်စေ၍ ဆောက်လုပ်ရေးနည်းပညာများကို စာတွေ့၊ လက်တွေ့ပို့ချသင်ကြားပေးနိုင်ရန်ဟူသော ရည်ရွယ်ချက်(၃)ရပ်နှင့်အညီ ရခိုင်ဒေသအတွင်းတွင် ကျောင်းပေါင်း ၁၀၀ ဆောက်လုပ်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းပထမနှစ်ဖြစ်သော ၂၀၁၃ ခုနှစ် ဩဂုတ်လမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျောင်း ၁၀ ကျောင်းဆောက်လုပ်ပြီးစီးခဲ့သည်။ စီမံကိန်းဒုတိယနှစ်ဖြစ်သော ၂၀၁၄ ခုနှစ် မတ်လမှစ၍ ကျောင်းပေါင်း ၂၀ ဆောက်လုပ်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်သည်။ စီမံကိန်းတတိယနှစ်၌ ၂၂ ကျောင်း၊ စတုတ္ထနှစ်၌ ၂၄ ကျောင်း၊ ပဥ္စမနှစ်၌ ၂၄ ကျောင်းတို့ကို ဆက်လက် ဆောက်လုပ်သွားမည်ဖြစ်ရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် BAJ တို့အကြား ရေးထိုးထားသော နားလည်မှုစာချွန်လွှာ MoU အရ ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း ကျောင်းပေါင်း ၁၀၀ပြည့်မြောက်မည်ဖြစ်သည်။

**အိမ်တွင်းမှုနှင့်လူငယ်သင်တန်းကျောင်းများ**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနသည် ရခိုင်ဒေသအတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းကို မောင်တောမြို့တွင် ဖွင့်လှစ်ထားပြီး အဆင့်မြင့်စက်ချုပ်အထူးသင်တန်းများကိုလည်း စစ်တွေမြို့နှင့်မင်းပြားမြို့များတွင် ဖွင့်လှစ်ပေးလျက်ရှိသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကို အမ်းမြို့နှင့် မင်းပြားမြို့များ၌ ဖွင့်လှစ်ရန်တည်ဆောက်လျက်ရှိသည်။ စစ်တွေမြို့တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကိုဖွင့်လှစ်ထားပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ မင်းပြားမြို့နှင့်မောင်တောမြို့များတွင် လူငယ်သင်တန်းကျောင်းများဖွင့်လှစ်ရန်၊ ကျောက်ဖြူမြို့၌ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းဖွင့်လှစ်ရန် လျာထားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းတို့သည် ဒီဇင်ဘာ ၇ ရက် စစ်တွေမြို့၌ ကျင်းပသော အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနား၌ နယ်စပ်ရေးရာဝန်ကြီးဌာနက လှူဒါန်းထောက်ပံ့လျက်ရှိသည့် စစ်တွေမြို့နယ် ခေမာမဏ္ဍိုင်ကျောင်း၊ တောင်ပြိုလက်ဝဲမြို့ နံ့သာတောင်ကျောင်း၊ မောင်တောမြို့နယ် ဇောတိကာရုံ ပရဟိတကျောင်းနှင့် အလိုတော်ပြည့် ပရဟိတကျောင်း၊ ကျောက်တော်မြို့နယ်အပေါက်ဝ ပရဟိတကျောင်း၊ ဘူးသီးတောင်မြို့နယ် ဂန္ဓာရီ ပရဟိတကျောင်းများရှိ ကျောင်းသားကျောင်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**နတလကျောင်းများ**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ရခိုင်ပြည်နယ်အတွင်းတွင် ဘဏ္ဍာနှစ်အလိုက် အခြေခံပညာကျောင်းများ ပြုပြင်တည်ဆောက်ပေးခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်လည်း အခြေခံပညာမူလတန်းကျောင်းပေါင်း ၂၀၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ အထက်တန်းကျောင်း တစ်ကျောင်းတို့ကို တည်ဆောက်ပေးခဲ့သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း ကျောက်ဖြူမြို့နယ်အတွင်း၌ အဝပြင်ကျေးရွာ အလကကျောင်းဆောင်ပြုပြင်ရန်၊ ဆင်ဘုတ်ကျေးရွာ အလကကျောင်းဆောင်ပြုပြင်ရန်နှင့် ကုလားတောင်ရွာမူလွန်ကျောင်း ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုငွေများချထားပေးခဲ့သည်။

အချုပ်အားဖြင့် တင်ပြရလျှင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့ရွာဒေသအနှံ့အပြား၌ လာမည့် ဒီဇင်ဘာ ၁၅ ရက်မှစ၍ လျှပ်စစ်မီးရောင်ဖြင့် လင်းလက်တောက်ပကာ လူမှုစီးပွားဘဝများမြင့်မားတိုးတက်လာစေရေးကို နိုင်ငံတော်က ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသကဲ့သို့ တစ်ဖက်ကလည်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ပေးလျက်ရှိပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

**ရခိုင်ပြည်နယ်အတွင်းရှိ မြို့ရွာဒေသအနှံ့အပြား၌ လာမည့် ဒီဇင်ဘာ ၁၅ ရက်မှစ၍ လျှပ်စစ်မီးရောင်ဖြင့် လင်းလက်တောက်ပကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေရေးကို နိုင်ငံတော်က ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။**

တနင်္သာရီတိုင်းဒေသကြီး



ရေးမြို့နယ် သင်္ကန်းကျွန်းကျေးရွာတွင် ဆောက်လုပ်ထားသော ကျေးလက်ကျန်းမာရေးဌာနခွဲကို တွေ့ရစဉ်။

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆွစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Swiss Agency for Development and Cooperation - SDC) တို့ ပူးပေါင်း၍ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဝေးလံ၍ ဖွံ့ဖြိုးမှုနည်းသောနယ်စပ်ဒေသရှိ ဆင်းရဲနွမ်းပါး၍ ထိခိုက်လွယ်သည့်မိသားစုများအား ကျေးရွာအဆင့် အခြေခံအဆောက်အအုံများနှင့် ရေနှင့် သန့်ရှင်းရေးအစီအမံများ ဆောင်ရွက်ပေးရန်ရည်ရွယ်၍ SDC ၏ ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်းဖြင့် ၂၀၁၃ ခုနှစ် ဇွန် ၂၈ ရက်မှ ၂၀၁၆ ခုနှစ် ဇွန် ၂၇ ရက်အထိ သုံးနှစ်ကြာ ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စီမံချက်ကို ကရင်ပြည်နယ်တွင် ကော့ကရိတ်၊ လှိုင်းဘွဲ၊ မြဝတီ၊ ကြာအင်းဆိပ်ကြီးနှင့် သံတောင်ကြီးမြို့နယ်များတွင် လည်းကောင်း၊ မွန်ပြည်နယ်တွင် ဘီးလင်း၊ မုဒုံ၊ သံဖြူဇရပ်၊ ရေးနှင့် သထုံမြို့နယ်များတွင် လည်းကောင်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စီမံကိန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်သည့် ၂၀၁၃ ခုနှစ် ဇွန်လမှ ၂၀၁၄ ခုနှစ် စက်တင်ဘာလအထိ တစ်နှစ်နှင့် လေးလတာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၂၃၄၁၂၅၅ ဖြင့် စာသင်ကျောင်းများဆောက်လုပ်ခြင်းနှင့် ပြုပြင်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ခြင်း၊ သန့်လေးသန့်ကဏ္ဍတွင် ရေကန်၊ ရေတွင်းနှင့် ရေစက်များဆောက်လုပ်ခြင်း/ပြုပြင်ခြင်း၊ စွမ်းဆောင်ရည်မြှင့်သင်တန်းများ ပို့ချပေးခြင်း၊ အစားအစာပံ့ပိုးခြင်းနှင့် ဆေးဝါးပံ့ပိုးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**


68 RESIDENCE CONDOMINIUM
WE DEFINE LIFESTYLE
UNITED
SOMERSET SERVICED RESIDENCE
More than
82%
Sold Out
INFINITY SKY SWIMMING POOL & GARDEN @ 27TH STOREY
DUAL KEY SYSTEM UNIT
LOW E-GLASS SYSTEM
DUPLEX SYSTEM
SMART HOME SYSTEM
FINGER PRINT ACCESS SYSTEM
PARTNERS
ZONE
SOMERSET
1st Prize
2nd Prize
3rd Prize
CONDOMINIUM
BMW 528 BRAND NEW
CONDOMINIUM LAW
SHOWROOM :
44/A, SAYAR SAN ROAD,BAHAN TOWNSHIP,YANGON, MYANMAR.
09-4202 88025, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060
OPEN DAILY


Get the
INFINITY
feeling!
PLEASE CALL
09 25285 7722
INFINITY


အဲကေဘီဇက်၏ လေယာဉ်လက်မှတ်များအား မြန်မာနိုင်ငံတစ်ဝန်း၌ရှိ
ကမ္ဘောဇဘဏ် ရုံးခွဲများတွင် ဝယ်ယူရရှိနိုင်ပါသည်။
Payment at KBZ BANK
Call us: 373779
Receiving Travel Document
Present your Document & Pleasant Journey
VISA
MasterCard
AIR KBZ
KBZ BANK
STRENGTH OF MYANMAR
For More Information:
Reservation: 01 - 373779
Email: ticketing@airkbz.com.mm


HOME GALAXY
Interior Mall
ABS Moulding DOOR
CLASSICAL HIGH-END FURNITURE
LED HIGH GRADE BRAND
MODERN CLASSIC FURNITURE
Wallpapers
Manufacturing UPVC Windows & Doors
The Best Windows
Weather Proof
Water Proof
The quality products




## အလက(၅)လှိုင် (စတုတ္ထအကြိမ်)မြတ်ဆရာပူဇော်ပွဲ


အလက(၅)လှိုင်မြို့နယ်တွင်(၁၉၉၀)ခုနှစ်အထိ ပညာသင်ကြားခဲ့သော အငြိမ်းစားဆရာ/ဆရာမများအား ကျောင်းသား/ကျောင်းသူဟောင်းများမှ မြတ်ဆရာပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေကြွရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်-၄-၁-၂၀၁၅(လွတ်လပ်ရေးနေ့)
အချိန်-နံနက် ၉နာရီ
နေရာ- Fuli Restaurant
အင်းစိန်လမ်းမ၊ လှိုင်မီးသတ်ရှေ့၊ ဘာတာမှတ်တိုင်အနီး၊ လှိုင်မြို့နယ်။

အလှူငွေများထည့်ဝင်လှူဒါန်းလိုပါကလည်း အောက်ပါသူငယ်ချင်းများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**(၁)ကိုထွန်းအောင်(၀၉-၇၃၁၉၀၈၅၈)၊ (၂)ကိုရဲထွန်းစိုး(၀၉-၄၂၁၀၉၆၀၁၅)**
**(၃)ကိုကျော်ကျော်မင်း(၀၉-၄၂၀၅၆၄၁၉) (၄)ကိုညွန့်မင်း(၀၉-၇၃၀၉၃၀၇၇)**
**(၅)မမာလာဦး(၀၁-၆၁၈၄၂၉) (၆)မခင်ခင်ထွေး(၀၉-၇၃၀၆၂၂၁၆)**
**(၇)ကိုလရောင်(၀၉-၄၂၅၃၂၄၈၁၄)**

















သစ်တောနဲ့သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

**IT COMPUTER TRAINING CENTER**

AutoCAD - 3ds Max | VIDEO EDITING | ENGLISH Language | MOBILE PHONE Software + Hardware

LCCI I-II & MYOB | Desktop Publishing | Service Technician | GRAPHIC DESIGN

HOT LINE - 09449260778, 253293, 395353

EMPEROR Travels

PPT Travels

# Coca Suki Restaurant

Coca Suki (Hot Pot)

(15 - 12 - 2014 ↓ 17 - 12 - 2014)

Suki Hot Pot Buffet

## One For One Free

(Suki Hot Pot buffet for next visit adult only)

Home Made

Phone : 229904, 229905, Hp : 09 5037262, Hp : 09 512 7295

**Assumption University (ABAC)**

**M B A**

**PHD.OD**

Application Deadline : Dec. 20, 2014

Instruction Begins : January 2015

Apply Now

09-43109805, 09-799657660, 09-428154292

## အမည်ပြောင်းခြင်း

သန်လျင်မြို့၊ အရှေ့ပိုင်းတက္ကသိုလ်၊ တတိယနှစ် (ဘူမိဗေဒ)မှ ဦးလွင်ဦး၏သား မောင်စစ်ကိုအောင်[၁၂/ကခက(နိုင်)၀၈၆၁၁၄] အား မောင်စစ်နိုင်အောင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

L.C.C.I, A.C.C.A

## ဖခင်အမည်မှန်

အထက(ခွဲ) အင်ဘို၊ ကျိုက်ထိုမြို့နယ်၊ အဋ္ဌမတန်းမှ မထက်ထက်နှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးသက်ဝေ ဖြစ်ပါကြောင်း။

**ဦးသက်ဝေ**

## အရေးကြီးတဲ့ကိစ္စရှိရင်လာခဲ့ပါ

- အမျိုးသမီးများ၏ အခက်အခဲများကို အထူးဦးစားပေး ဆောင်ရွက်ပေးပါသည်။
- ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

**အခန်း(၄)၊ မဟာဝိဇယစေတီ၊**
**(အနောက်ဘက်မုခ်)၊ ခြသေ့်နှစ်ကောင်အနီး**
**Prof.ဒေါက်တာခင်မျိုးတင့်**


**M.E.E.G**

Masterpiece Engineering and Education Group

AutoCAD/ 3dsMax/ SketchUp/ MicroStation
SolidWorks/ Revit/ Etabs&Safe/ Estimate

Interior Design & Exterior Design
Structure, Drawing, Estimate & Construction

09 - 2506 41973 | 09 - 4210 31134 | 09 - 3212 1879




Myanmar Culture Valley

## စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ
## ရွှေပြည်သာစက်မှုဇုန်
## (လမ်းလုပ်ငန်းကော်မတီ)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁) စက်မှုဇုန်တွင်းရှိ လမ်းအရှည် (၁၁. ၈၆)မိုင်အား (၉)လက်မထုရှိ ကွန်ကရစ်လမ်းခင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ တင်ဒါခေါ် ဆိုလိုပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်နေ့ရက် | - | ၁၅-၁၂-၂၀၁၄ရက် |
| တင်ဒါပိတ်မည့်နေ့ရက် | - | ၃၁-၁၂-၂၀၁၄ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၄း၀၀နာရီ |

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လမ်းလုပ်ငန်းကော်မတီ**
**စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ**
**ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁)**
**စက်မှုလမ်းမကြီးနှင့်ကနောင်မင်းသားကြီးလမ်းထောင့်**
**ဖုန်း ၀၁-၆၁၂၅၆၂၊ ၀၁-၆၁၀၇၁၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃/မာန်ပြေ)၊ မြေကွက်အမှတ်(၂၃၇/က)၊ မြေကွက်တည်နေရာအမှတ်(၂၃၇/က)၊မာန်ပြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်ကြည်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်(မိခင်)၊ ဦးစံထွန်း(ဖခင်)နှင့်သားတစ်ဦးဖြစ်သူဦးသိန်းထွန်း(အစ်ကို၊ လူပျိုကြီးဘဝဖြင့်) ကွယ်လွန်ကြသဖြင့် သားနှင့်ညီအစ်ကိုတော်စပ်သူဖြစ်သော ဦးမြင့်ဆွေ[၁၂/သကတ(နိုင်)၀၃၄၇၉၆]မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ခွေးရောင်းမည်

Rottweiler
Gold Retriever
Shih Tzu-

**HP:09-420267148**

## အိမ်ရောင်းမည်

အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း။

**Ph: 646593, 09-8550540**

## သားနှင့်သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ နယ်မြေ(၄)နေ (DT-၀၀၂၁၅၅] ဦးမြမောင်၏သား (MKA-၁၃၆၇၃၈) ဦးမြတ်လေးနှင့်(MKA-၁၃၈၈၈၇) ဒေါ်အေးဝင်းတို့သည် ဖခင်ဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားနှင့်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမြမောင်**
**(DT-၀၀၂၁၅၅)**

# ပါမောက္ခချုပ်ဆရာတော်ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ(Ph.D)

## အထက(၁)ပုဇွန်တောင် ကျောင်းသား/ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ကန်တော့ပွဲဖိတ်ကြားလွှာ

အထက(၁)ပုဇွန်တောင် ကျောင်းသား/ကျောင်းသူဟောင်းများ၏ (၂၁)ကြိမ်မြောက်မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ကန်တော့ခံဆရာကြီး/ဆရာမကြီးများ၊ ကျောင်းသား/ကျောင်းသူဟောင်းများ၊ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုအောင်မြင်ကြသော ကျောင်းမှ ကျောင်းသား/ကျောင်းသူဟောင်းများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဒေါ်ကျင်ရီလေး ဖုန်း-၀၁-၂၉၈၈၁၆ ဦးအောင်ခိုင် ဖုန်း-၀၉-၇၃၀၅၇၁၇၇
ဒေါ်ခင်စန်း ဖုန်း-၀၁-၅၄၃၁၆၃ ဒေါ်မြမြချို ဖုန်း-၀၉-၂၅၀၀၁၁၉၃၈
ဦးဝင်းမောင် ဖုန်း-၀၉-၅၁၇၄၅၂၁ ဒေါ်ထားထားမြင့် ဖုန်း-၀၉-၄၂၀၁၁၀၇၀၂
ဒေါ်လှစိုးကြည် ဖုန်း-၀၁-၂၉၅၁၂၃ ဒေါ်ဝင်းဝင်းမော် ဖုန်း-၀၉-၇၃၀၈၄၅၃၈
ဦးတင်ထွန်းအောင် ဖုန်း-၀၉-၄၃၀၈၈၂၆၄

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## တတိယအကြိမ် အလက(၂)မရမ်းကုန်း(ချော်တွင်းကုန်း)မြတ်ဆရာပူဇော်ပွဲ

တတိယအကြိမ် အလက(၂)မရမ်းကုန်း(ချော်တွင်းကုန်း)မြတ်ဆရာပူဇော်ပွဲကို ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁၁ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင်ကျင်းပမည်ဖြစ်ပါ၍ ကန်တော့ခံဆရာ၊ ဆရာမကြီးများကြွရောက်ပါရန်နှင့် ကျောင်းသူ/ကျောင်းသားဟောင်းများသည် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အလက(၂)မရမ်းကုန်း-၀၁-၆၆၀၄၅၈** **ဆရာဦးအောင်မင်း-၀၉-၇၃၁၂၆၇၉၂**
**ဒေါ်အေးအေးသန်း-၀၉-၄၂၀၅၆၃၇၃** **ကိုညီညီစိုး-၀၉-၄၂၀၄၀၉၆၅**
**ဒေါ်တင်တင်နွဲ့-၀၁-၆၅၀၇၅၃** **ကိုမောင်မောင်လတ်-၀၉-၅၁၉၅၃၉၄**
**ဒေါ်လေးလေးမြင့်-၀၉-၇၃၀၈၆၇၈၁** **(အောင်ပါစေစတိုး)**
**ကိုသန်းမင်းထွန်း-၀၉-၂၅၀၉၀၂၉၂၆**

**ဖြစ်မြောက်ရေးကော်မတီ**

## ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်၏ အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အစုရှယ်ယာရှင်များအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၇-၁၂-၂၀၁၄ ရက်(စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀း၀၀ နာရီ
ကျင်းပမည့်နေရာ - မင်္ဂလာခန်းမ
UMFCCI Office Tower (ပထမထပ်)၊
အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အစုရှယ်ယာလွှဲပြောင်းရန်မှတ်ပုံတင်ခြင်းကိစ္စများကို ၁၃-၁၂-၂၀၁၄ ရက်မှစ၍ ၂၇-၁၂-၂၀၁၄ ရက်အထိ ခေတ္တပိတ်သိမ်းထားပါသည်။

အစုရှယ်ယာတစ်ဦးချင်းထံသို့လည်း ဖိတ်စာများပေးပို့မည်ဖြစ်ပါသည်။ အစည်းအဝေးနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည်များရှိပါက ဖုန်းအမှတ်-၀၁-၁၇၀၉၃၊ ၀၁-၂၁၇၀၉၄ နှင့် ၀၁-၂၁၇၀၉၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်**

## လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)

လေးမျက်နှာမြို့နယ် အားကစားခန်းမ၌ "မြို့နယ်လုံးဆိုင်ရာ ပညာရေးရန်ပုံငွေပေးအပ်ပွဲနှင့် စာပေဟောပြောပွဲ"ကို ၂၆-၁၂-၂၀၁၄ ရက်(သောကြာနေ့) ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။ ရန်ကုန်ရောက် လေးမျက်နှာမြို့နယ်သားများ လိုက်ပါလှူဒါန်းလိုလျှင် ဖော်ပြပါ အမှုဆောင်များထံ ၁၉-၁၂-၂၀၁၄ ရက်နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းစာရင်းပေးနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**၁။ ဦးတင်စိုး (၀၁-၅၂၆၀၀၆)** **၂။ ဦးကြီးမြင့်(၀၁-၆၅၁၆၉၃)**
**၃။ ဦးနေဝင်း(၀၁-၃၈၅၃၇၀)** **၄။ ဦးမြသိန်း (၀၉-၂၄၁၀၉၄၄၇၉)**
**၅။ ဦးဌေးဝင်း (၀၉-၂၅၀၇၃၀၃၁၀)** **၆။ ဦးဇော်နိုင်(၀၁-၆၈၆၆၈၉)**
**၇။ ဦးဇော်မင်းထွန်း (၀၉-၅၀၅၁၇၈၉)** **၈။ ဒေါ်မြင့်မြင့်ချို(၀၉-၂၅၄၀၂၄၈၂၆)**
**၉။ ဦးကျော်မြင့် (၀၉-၅၄၀၁၀၉၆)** **၁၀။ ဦးမြင့်ဝေ(၀၉-၃၁၁၂၆၄၅၂)**

**၄တန်း GRADE 5**

**တရိဂ္ဂ နှင့် ပြည်သူ့နီတိ**

**ထွက်ပြီ**

**သဒ္ဒါ**

ဖုန်း-681209, 681504, 682934, 09 73249923

## မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

အထက(၃)ဗဟန်း[ယခင်အလက(၄)ဗဟန်း Y.M.B.A ကျောင်း] ၁၉၆၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသက်(၆၀)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းသူငယ်ချင်းများ စုံညီစွာမပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

နေ့ရက် - ၂၈-၁၂-၂၀၁၄ ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၈း၃၀ နာရီမှ ၁၂း၀၀ နာရီထိ
နေရာ - အထက(၃)ဗဟန်း(အောင်ဆန်းခန်းမ)

**လှူဒါန်းလိုသူများဆက်သွယ်ရန်**

ဦးကိုကိုကြီး(ဆင်မင်းဆပ်ပြာ) ၀၉-၇၃၁၅၁၈၅၈
ဦးမြင့်စိုး(တော်ဝင်မြင့်မြတ်သူ Co.,Ltd.) ၀၉-၅၁၀၀၄၇၂
မသင်းသင်းလွင် ၀၉-၇၃၀၁၆၁၃၈
ဦးလှထွေး(ရှိုမိုစားသောက်ဆိုင်) ၀၉-၅၁၆၂၉၁၉

**ပျောက်ဆုံးကြောင်း**

ကျွန်တော်၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် မန်း-၂၀၁၀/၂၃၃ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

**ဦးဌေးနိုင် ဖုန်း-၀၉-၃၃၁၃၉၁၉၉**

## ပိုင်ရှင်ကိုယ်တိုင်သင့်တင့်မည့်ဈေးနှုန်းဖြင့် အမြန်ရောင်းမည်

(၈)ထပ်တိုက်၊ မြေညီထပ်၊ လှိုင်ရတနာအိမ်ရာ၊ မျက်နှာချင်းဆိုင်၊ အင်းစိန်လမ်းမပေါ်၊ ဘာတာဈေးအနီး၊ လှိုင်မြို့နယ်။

**ဖုန်း-၀၉-၇၃၂၂၈၉၈၄၊ ၀၉-၃၁၃၃၁၂၃၁**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သမီးဖြစ်သူ မဆုယနွယ်တင် [၁၂/လသယ(နိုင်)၀၆၉၈၃၆] ကိုင်ဆောင်သူသည် လူကြီး၊ မိဘ၊ ဆရာသမား၊ ညီအစ်ကို မောင်နှမများအားလုံး၏ ဆုံးမမှုများကို မနာခံ နားမထောင်သည့်အပြင် မိမိသဘောဆန္ဒအလျောက် ၁၉-၁၁-၂၀၁၄ ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် ရာသက်ပန်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ မည်သည့်ကိစ္စမှ လုံးဝ (လုံးဝ)တာဝန်မယူပါ။

**ဦးတင်ရွှေ - ဒေါ်သီသီဝင်း**
**[၁၂/ထတပ(နိုင်)၀၅၅၀၄၈] - [၁၂/အစန(နိုင်)၀၂၁၉၁၈]**

နှစ်ဦးတစ်ထူး ဓမ္မဒူတာထထင်

ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ (Ph.D)

# ရန်ကုန်စက်မှုတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ် (၁၉၆၄–၂၀၁၄)
## နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကျင်းပမည်

ရန်ကုန်စက်မှုတက္ကသိုလ် (RIT/ YIT/ YTU) ကျောင်းတော်ကြီး၏ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကြီးကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်၊ (စနေနေ့)တွင် ရန်ကုန်နည်းပညာတက္ကသိုလ် ကျောင်းဝင်းအတွင်း ခမ်းနားစွာ ကျင်းပမည်ဖြစ်ပါသည်။

ရွှေရတုအထိမ်းအမှတ်ပွဲတွင် ပါဝင်မည့်အကြောင်းအရာများမှာ -

(၁) ရွှေရတုအထိမ်းအမှတ် - ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာလ ၂၆ ရက်၊ (သောကြာနေ့) နံနက် ၈း၀၀ နာရီတွင် ရန်ကုန်ဂေါက်ကလပ် (ဒညင်းကုန်း)ဂေါက်ကွင်းတွင် ကျင်းပခြင်း။

(၂) ရွှေရတုအထိမ်းအမှတ် စိုက်ပျိုးသည့် စွယ်တော်ပင် အပင်(၅၀)စိုက်ပျိုးပွဲနှင့် ရွှေရတုလမ်းဖွင့်ပွဲအခမ်းအနားတို့ကို ဒီဇင်ဘာလ ၂၇ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ရန်ကုန်နည်းပညာ တက္ကသိုလ်ကျောင်းဝင်းနယ်မြေအတွင်း ကျင်းပခြင်း။

(၃) ရွှေရတုအထိမ်းအမှတ် - စွယ်တော်ရိပ် မဂ္ဂဇင်းထုတ်ဝေခြင်း၊ ရွှေရတုကာတွန်း(Box)များ ပြုလုပ်၍ ပြသခြင်း။

(၄) မွန်းလွဲ ၁ နာရီတွင် စတင်မည့် ရွှေရတုအခမ်းအနားသို့ တက်ရောက်လာကြသော ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရွှေရတု လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း။

(၅) ညနေပိုင်းတွင် အကျွေးအမွေး အစီအစဉ်နှင့်အတူ ရန်ကုန်စက်မှုတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်များ၏ အနုပညာဖြင့် ဖျော်ဖြေဧည့်ခံခြင်းတို့ ဖြစ်ပါသည်။

ရွှေရတုအခမ်းအနားကြီးအတွက် လှူဒါန်းလိုလျှင်သော်လည်းကောင်း၊ မိမိတို့တတ်နိုင်သည့်အပိုင်းမှ (Sponsor)ပေးလိုလျှင်သော်လည်းကောင်း၊ အခမ်းအနားကြီးနှင့်ပတ်သက်၍ အသေးစိတ် စုံစမ်းလိုလျှင်သော်လည်းကောင်း အောက်ဖော်ပြပါ ကျင်းပရေးကော်မတီဝင်များထံ စုံစမ်းမေးမြန်းနိုင်ပါသည်။ လှူဒါန်းငွေများကို Account No.0911220015980 (KBZ Bank, Thamine Branch)သို့ ထည့်ဝင်နိုင်ပါသည်။ ရွှေရတုလမ်းအတွက် အလှူငွေကို Account No.0891220013424 (KBZ Bank, Sawbwagyigone Branch) သို့ ထည့်ဝင်နိုင်သည်။

| | | | | | |
|---|---|---|---|---|---|
| ဥက္ကဋ္ဌ | ဒေါက်တာအေးမြင့် | ဖုန်း-၀၉-၂၀၁၆၅၀၀ | ဘဏ္ဍာရေးအဖွဲ့ဝင် | ဦးအောင်ဆန်း | ဖုန်း-၀၉-၅၀၀၇၈၀၂ |
| ဒုဥက္ကဋ္ဌ | ဒေါက်တာခင်သန်းယု | ဖုန်း-၀၉-၅၀၇၇၄၁၅ | ဘဏ္ဍာရေးအဖွဲ့ဝင် | ဦးစိုးမြင့် | ဖုန်း-၀၉-၈၆၁၅၅၃၂ |
| အထွေထွေအတွင်းရေးမှူး | ဒေါက်တာညဏ်မြင့်ကျော် | ဖုန်း-၀၉-၅၀၃၃၅၅၈ | ပြန်ကြားရေးအဖွဲ့ဝင် | ဦးမျိုးခိုင် | ဖုန်း-၀၉-၇၃၂၀၃၃၀၃ |
| အတွင်းရေးမှူး(၁) | ဦးဝင်းထိန်ဦး | ဖုန်း-၀၉-၅၁၇၀၃၉၉ | ပြန်ကြားရေးအဖွဲ့ဝင် | ဦးခင်မောင်လွင် | ဖုန်း-၀၉-၅၀၀၄၁၈၉ |
| အတွင်းရေးမှူး(၂) | ဦးလှဝင်း | ဖုန်း-၀၉-၅၁၉၇၆၂၀ | ပြန်ကြားရေးအဖွဲ့ဝင် | ဦးမြင့်အောင် | ဖုန်း-၀၉-၅၁၉၆၇၄၄ |
| အတွင်းရေးမှူး(၃) | ဦးတင်လတ် | ဖုန်း-၀၉-၂၀၄၄၃၈၂ | ပြန်ကြားရေးအတွင်းရေးမှူး | ဦးကျော်ဆန်း | ဖုန်း-၀၉-၅၀၀၃၈၁၆ |
| ဘဏ္ဍာရေးအဖွဲ့ဝင် | ဒေါ်သန်းသန်းစိုး | ဖုန်း-၀၉-၄၃၀၈၄၀၀၇ | ပြန်ကြားရေးအဖွဲ့ဝင် | ဦးကိုကို | ဖုန်း-၀၉-၄၅၀၀၄၀၀၀၁ |
| ဘဏ္ဍာရေးအဖွဲ့ဝင် | ဦးဝင်းနိုင် | ဖုန်း-၀၉-၅၀၁၄၉၄၂ | မဂ္ဂဇင်းအဖွဲ့ဝင် | ဦးမြင့်ဖေ | ဖုန်း-၀၉-၅၁၃၆၉၁၈ |
| ဘဏ္ဍာရေးအဖွဲ့ဝင် | ဦးအောင်ဝင်း | ဖုန်း-၀၉-၂၂၂၈၆၆၈ | | | |

**နှစ်(၅၀)ပြည့်ရွှေရတု အခမ်းအနား ကျင်းပရေးကော်မတီ**

ခြံကွက်ဝယ်လိုသည်

09 255781353
09 250644566
09 254046497

TZ

## မြေကွက်ရောင်းမည်

မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာအနောက်၊ ချစ်တီးကုန်းစံပြ (၁/က)ရပ်ကွက်၊ ၄လမ်း၊ ရှေ့မျက်နှာစာ (၂၁)ပေ၊ နောက်မျက်နှာစာ (၁၆)ပေ၊ အရှေ့အနောက် ပေ(၆၀)၊ နှစ်(၆၀) ဂရန်မြေ၊ ကွန်ကရစ်လမ်းခင်းပြီး။
သိန်း(၃၃၀)
**ဖုန်း-၀၉-၃၁၁၁၁၈၁၆၊ ၀၉-၂၅၃၉၆၄၁၄၇**

ဖုန်း -0943075129

2015 ရွှေမနီး

CRANE
0973216922, 095094914, 518474

Myanmar THAMES International

Business Management

NCC (UK) Diploma, Advanced Diploma

2nd Floor, Myay Ni Gone Plaza, Tel: 525971,501450,0973147379

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်မှတ်-၃၅ဒီ၊ မြေကွက်အမှတ်-၄၇-၃၉/၁၁ဒီ၊ မြေကွက်တည်နေရာအမှတ်-၅၆၊ ဆရာစံလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးကျော်ထင်အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးကျော်ထင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ညွန့်ညွန့်ရွှေ [၁၂/ဗဟန(နိုင်)၀၅၀၉၈၆]မှ ယင်းမြေကွက်အနက် (၅. ၈ပေ×၂၂ပေ)အား ဦးထွန်းလွင်+၂သို့ ရောင်းချထားခြင်းကြောင့် ယင်းအပိုင်းကိုချန်လှပ်၍ ကျန်အစိတ်အပိုင်းအတွက် ပိုင်ဆိုင်စာချုပ်ချုပ်ဆိုရမည်ဖြစ်သော်လည်း မြေတစ်ကွက်လုံးကို ပိုင်ဆိုင်ချုပ်ဆိုထားခြင်းကြောင့် အမှားပြင်စာချုပ်ချုပ်ဆိုရန်နှင့် ၎င်းပိုင်ဆိုင်သည့်မြေအား မြေကွက်ခွဲစိတ်ရန်နှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

AUTHENTIC PRODUCTION CO.,LTD.သည် နိုင်ငံတကာ အသိအမှတ်ပြုအရည်အသွေးစီမံခန့်ခွဲမှုစနစ်(ISO.9001:2008) လက်မှတ်ရရှိသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေးစီမံခန့်ခွဲမှုစနစ် ယခုထက်ပို၍ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**"ဇော်ထက်ပိုင်"အင်ဂျင်နီယာနှင့်**

**ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်**

**"စိန်ရွှေထိပ်တန်း"ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

PIONEER ဖိုင်ဘာအင်ဂျင်နီယာ ပွင့်သင်တန်းကျောင်း
HARDWARE 150000 Ks , SOFTWARE 150000 Ks
21.12.2014

ပညာပါရမီ

## ဒုတိယအကြိမ်မြောက် စိုးစံမြတ်ဆရာ ပူဇော်ကန်တော့ပွဲနှင့် သူငယ်ချင်းမိသားစုများ တွေ့ဆုံပွဲ

ပြင်ဦးလွင်မြို့ စိုးစံဘော်ဒါဆောင်၏ ဆရာကြီး၊ ဆရာမကြီးများဖြစ်ကြသော အန်ကယ်ဗိုလ်မှူးမောင်လတ်၊ အန်တီ ဒေါ်နန်းယဉ်ယဉ်၊ မြန်မာစာ ဒေါ်ခင်ကြည်ကြည်၊ ဦးမိုးကြည်ဖြူ၊ ချယ်ရီမြေ ဦးတင်ထွန်း၊ အင်္ဂလိပ်စာဆရာလတ်၊ ဒေါ်သီတာ၊ ဦးဝင်းအောင်၊ သင်္ချာ ဦးသန်းဦး၊ ဦးသိန်းအောင်၊ ဦးကျော်ကျော်၊ ဦးမြတ်ဘုန်းနိုင်၊ ဓါတု ရူပ ဦးတင်မောင်ငြိမ်း၊ ရူပ ဒေါ်တင်မာအေး၊ ဇီဝ ဒေါက်တာကျော်ဇော၊ ပထဝီ သမိုင်း ဒေါ်စုစုကြည်၊ သိပ္ပံ ဦးတင်အေး၊ အဆောင်မှူး ဦးမြင့်ကို၊ ဦးကူးမား၊ ဒေါ်ကမ္ဗလာ၊ ဒေါ်သန်းသန်းမြင့်၊ ဒေါ်မြင့်ရီ၊ ကြီးကြပ်ရေးမှူး ဦးကောက်ကြိုင်၊ ဒေါ်စန်းစန်းမြင့် တို့ကို ပူဇော်ကန်တော့သော မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို (၁၉၉၁-၉၅)ပညာသင်နှစ်တွင် ၈၊ ၉၊ ၁၀ တန်း၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား/သူဟောင်း သူငယ်ချင်းများမှ ဦးဆောင်ကျင်းပမည်ဖြစ်ပါသည်။

အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား/သူဟောင်းများ (မည်သည့်နှစ်မဆို) ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အားလုံးမပျက်မကွက် တက်ရောက်ကြပါရန်၊ အဆိုပါမြတ်ဆရာပူဇော်ကန်တော့ပွဲအခမ်းအနားကျင်းပနိုင်ရေးနှင့် အလှူငွေရှာဖွေနိုင်ရေးအတွက် ကိုစိုးဝင်း (၀၉ ၂၀၆၈၀၀၀)၊ ကိုစိုင်းခမ်းထွန်း (၀၉ ၃၃၉၉၁၁၃၂)၊ ကိုတင့်နိုင် (၀၉ ၄၂၀၁၁၂၀၃၅)၊ ကိုသူရဇော် (၀၉ ၅၁၂၇၅၆၉)၊ ကိုသူရသော် (၀၉ ၂၀၂၂၇၇၉)၊ ကိုမြင့်စိန် (၀၉ ၄၃၀၃၈၁၈၈)၊ မနန်းလှိုင်လှိုင်ထွေး (၀၉ ၂၀၂၇၀၂၀)၊ မရီရီအောင် (၀၉ ၅၂၃၂၂၃၄)၊ ကိုကိုနိုင် (၀၉ ၄၀၀၃၀၃၃၅)၊ မနေဇာဝင်း (၀၉ ၂၀၄၄၈၈၁)၊ မသွယ်သွယ်ဟန်(ခ)အားမီး (၀၉ ၂၀၆၂၀၀၈) တို့ထံ ဒီဇင်ဘာ ( ၂၅ )ရက် နောက်ဆုံးထား ကြိုတင်ဆက်သွယ် စုံစမ်းလှူဒါန်းနိုင်ပါသည်။

နေထိုင်တည်းခိုရန်အတွက် စီစဉ်ရမည်ဖြစ်ပါသောကြောင့် အခမ်းအနားသို့ တက်ရောက်မည့်သူများ ကြိုတင်စာရင်းပေးအကြောင်းကြားပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**နေ့ရက် - ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၇)ရက်၊ စနေနေ့။**
**အချိန် - ညနေဆည်းဆာ (၃)နာရီ**
**နေရာ - ပြင်ဦးလွင်မြို့တော်ခန်းမ၊ ဇီဝကလမ်းနှင့် မန္တလေး-လားရှိုးလမ်းထောင့်၊ ပြင်ဦးလွင်မြို့။**

"သင့်အနာဂတ်လုံခြုံစိတ်ချဖို့ Future Auto မှာ ကားဝယ်စို့"

❖ အမြတ်ကို ပဓာနမထား အရည်အသွေးနှင့် ရောင်းအားကိုသာ အဓိကထားသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
❖ ကားများကို နိုင်ငံတကာအဆင့်မီ (၆)လအာမခံပစ္စည်းနှင့် လက်ခမိုးအခမဲ့ ပြင်ဆင်ပေးသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
❖ အရည်အသွေးမြင့်ကားအရေအတွက် အများဆုံး ဝန်ဆောင်မှုအကောင်းဆုံး ကားအရောင်းပြခန်း။

Show Room(1) - Ph: 01-400785, 09-254342575, 09-5147128
Show Room(2) - Ph: 09-254346475, 01-8500492
Show Room(3) - Ph: 09-254342979
Mandalay - Ph: 09-795594006, 09-795594008

